ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၁ ရက် တနင်္လာနေ့။ Monday, 5 June 2017 (၈၉၄၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ထွက်ခွာ

စာမျက်နှာ - ၃

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ
စာမျက်နှာ » ၇

ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ပြောင်းလဲခြင်းဖြင့် အထွက်နှုန်းတိုးတက်နိုင်
စာမျက်နှာ » ၁၀

သတ်မှတ်ဦးရေထက် ကျော်လွန်တင်ဆောင်သည့် အမြန်ရေယာဉ်အား အရေးယူ
စာမျက်နှာ » ၁၄

မျှဝေခြင်းအစီအစဉ် ပံ့ပိုးရန်လိုအပ်သော ကျောင်းသားကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့
စာမျက်နှာ » ၁၅

ရေစီးရေလာကောင်းရေး ဆောင်ရွက်ထားမှု မိုးရာသီအကြိုစမ်းသပ်အကဲဖြတ်
စာမျက်နှာ » ၁၆

မိုးရွာသွန်းမှုကြောင့် ရိဒ်နယ်စပ်သွား ချင်းတောင်ကားလမ်း ပျက်စီးမှု များပြား



စာမျက်နှာ » ၁၉



**တာမွေမြို့နယ် အိုးရှင်းစူပါစင်တာအနီး၌ ရေကြီးရေလျှံမှုဖြစ်ပွားနေစဉ်။** ဓာတ်ပုံ-မင်းထက်(မြန်မာ့အလင်း)

# မြို့တွင်းလမ်းမတချို့ကို ရေဖုံးလွှမ်းစေခဲ့သည့် ရန်ကုန်မိုး

**ရန်ကုန် ဇွန် ၄**

ယနေ့မွန်းလွဲ ၂ နာရီဝန်းကျင်မှစ၍ တစ်နာရီကြာသည်အထိ ရွာသွန်းသောမိုးကြောင့် လမ်းမတော်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ကျုံးကြီးမြောင်းအတွင်း ရေများ ပြည့်လျှံလာသည်။ ယင်းရေမြောင်းသို့ အနော်ရထာလမ်းအနီးရှိ လမ်းသွယ်များမှ ရေများစီးဆင်းနိုင်ခြင်း မရှိတော့ဘဲ အနော်ရထာလမ်းမပေါ်သို့ ရေလျှံတက်လာသည်။

မိုးရေများသဖြင့် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းအကြား လမ်းသွယ်များတွင် တိုက်ရှေ့ကြမ်းပြင်ရေထိသည်အထိ ရေများမြင့်တက်လာသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဖြစ်ပွားသော မေ ၃ ရက် မွန်းလွဲပိုင်းတွင် ရွာသွန်းသော မိုးကြောင့် လမ်းသွယ်များအတွင်း မြင့်တက်လာသည့် ရေပြင်ထက် ယနေ့တွင် ပိုမိုများပြားသည်ဟု လမ်းမတော် (၅)ရပ်ကွက် လမ်းသွယ်များနှင့် လှည်းတန်းလမ်းအတွင်း နေထိုင်သူများက ဆိုသည်။ ကားလမ်းဘေးတွင် ရပ်ထားသောယာဉ်ငယ်များနှင့် ကားလမ်းပေါ်တွင် မောင်းနှင်နေသော ယာဉ်ငယ်များ အများစု ယာဉ်အောက်ပိုင်းရေထိမှုနှင့် ကြုံတွေ့နေရသည်ဟု အိမ်စီးယာဉ်ပိုင်ရှင်များက ဆိုသည်။

ရန်ကုန်မြစ်ရေသည် မြို့တွင်းမှ ရေများမထွက်နိုင်သည်အထိ မြင့်တက်ခြင်းမရှိသေးသည်ကို မြင်တွေ့ရသည်။ သို့သော် ဘုန်းကြီးလမ်း၊ မော်တင်တို့ရှိ ရေထိန်းတံခါးအနီးတွင် အမှိုက်များဖြင့် ပိတ်ဆို့နေသည်ကို မြင်တွေ့နေရသည်။ မိုးရွာစဉ်ကမ်းနားလမ်း ညဈေးနေရာတွင် အမြင့် တစ်ပေခန့်ရှိသော ရေဖုံးလွှမ်းနေသည်ဟု မော်တင်ရေထိန်းတံခါးအနီးရှိ ညဈေးတန်းတွင် ဈေးရောင်းနေသူတစ်ဦးက ဆိုသည်။

တိုက်ခန်းများရှေ့ ကြမ်းပြင်နှင့် ထိလုနီးပါးရှိသောရေသည် မိနစ်လေးဆယ်အတွင်း ပြန်လည်ကျဆင်းသွားပြီး ကားလမ်းမပေါ်တွင် တစ်နာရီဝန်းကျင်ခန့်ကြာမှ ရေများပြန်လည်ကျဆင်းသွားသည်ဟု အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းတွင် အလုပ်လုပ်ကိုင်နေသူများက ဆိုသည်။ ၂၀၁၆ ခုနှစ် မိုးရာသီအတွင်း ရန်ကုန်မြို့ မြို့နယ်များအတွင်း ကားလမ်းမများရှိ ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းကို ငွေကျပ် တစ်ဘီလီယံအကုန်အကျခံကာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

LINGLONG TIRE
(Made in Thailand)
မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်




အနော်ရထာ တာယာရောင်းဝယ်ရေး အမှတ် - ၂၆၉၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 501901, 09421167021, 535837, 09420237009, 539539, 532174, 532173, 527149, 523766, 682562, 683665, 683200, 686419, 667363

ကြေးမုံ

# ကမ္ဘာမြေဘေးကင်းလုံခြုံကောင်းမွန်ရေး

ကမ္ဘာမြေပျက်သုဉ်းမည့်နေ့ကို သိပ္ပံဝတ္ထုဇာတ်လမ်းများတွင် အမျိုးမျိုး ပုံဖော်ပြသကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ စိတ်ကူးယဉ်ဖန်တီးမှုဟုဆိုသော်လည်း လောကနိယာမတရားအရ တစ်နေ့သောကာလတွင် ပျက်စီးရမည်မှာ ဓမ္မတာဖြစ်သည်။ မကြာသေးမီကာလက လာမည့်နှစ် ၁၀၀ တွင် လူသားတို့ ကမ္ဘာမြေမှစွန့်ခွာသင့်ကြောင်း သိပ္ပံပညာရှင်တစ်ဦး၏ အကြံပြုချက်သည် ကမ္ဘာကြီးတစ်နည်းမဟုတ်တစ်နည်း ပျက်စီးနိုင်မှုကို ခန့်မှန်းဟောကိန်းထုတ် ညွှန်းဆိုခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များ၏ သဘာဝကျကျလေ့လာဆန်းစစ်မှုများအရ ဤကမ္ဘာမြေတွင် မှီတင်းနေထိုင်ကြသောလူသားများသည် အန္တရာယ်ကြီး ခုနစ်သွယ်ကြောင့် ပျက်သုဉ်းသွားနိုင်သည်ဟု ခန့်မှန်းထားကြသည်။ ယင်းတို့မှာ (၁) မီးတောင်ပေါက်ကွဲခြင်း၊ (၂) ချိုကလီးယားဗုံးဆောင်းရာသီ၊ (၃) ဥက္ကာပျံဝင်တိုက်ခြင်း၊ (၄) ဖန်လုံအိမ်အာနိသင်၊ (၅) နေသေဆုံးမှု၊ (၆) ဂမ္မာလှိုင်းများပေါက်ကွဲမှု၊ (၇) ကမ္ဘာလုံးချီကပ်ရောဂါတို့ဖြစ်သည်။

ယင်းနည်းလမ်းခုနစ်သွယ်တွင် မီးတောင်ပေါက်ကွဲခြင်း၊ ဥက္ကာပျံဝင်တိုက်ခြင်း၊ နေသေဆုံးခြင်း၊ ဂမ္မာလှိုင်းများပေါက်ကွဲခြင်း နည်းလေးနည်းသည် စကြဝဠာနိယာမသဘောအရ ပျက်စီးခြင်းသဘောဖြစ်၍ မည်သူမျှ လွန်ဆန်နိုင်မည်မဟုတ်ချေ။ ကျန်နည်းသုံးမျိုးဖြစ်သည့် ချိုကလီးယားဗုံးဆောင်းရာသီ၊ ဖန်လုံအိမ်အာနိသင်နှင့် ကမ္ဘာလုံးချီကပ်ရောဂါတို့သည် လူသားတို့နှင့်တစ်နည်းနည်းပတ်သက်လာသည့် ဆိုးကျိုးများဖြစ်သည်။

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ၊ လူတို့ဖန်တီးသော ချိုကလီးယားအန္တရာယ်များနှင့် ကမ္ဘာတစ်ဝန်းတွင် ပို့ဆောင်ဆက်သွယ်ရေးမြန်ဆန်ချောမွေ့လာခြင်း၊ မြို့ပြများတွင် လူနေထူထပ်သထက်ထူထပ်လာခြင်း၊ ဆေးပညာမြင့်မား တိုးတက်လာသလို ကူးစက်မြန်ရောဂါဆန်းများ များပြားလာခြင်းတို့ကို တွေ့ရှိလာရသည်။

ယင်းတို့ကို ကုစားနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများစုပေါင်းကာ ဝိုင်းဝန်းအဖြေရှာ ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ လူတို့ကြောင့်ဖြစ်သော ကမ္ဘာ့လူသားများပျက်စီးမှုများ၌ ယခုလတ်တလောတွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲခြင်း နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နေသည်။ ကမ္ဘာပေါ်တွင် သစ်တောများပြုန်းတီးခြင်း၊ စက်မှုထွန်းကားလာခြင်းတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုပိုများလာပြီး ဖန်လုံအိမ်အာနိသင်များ တစ်စတစ်စဆုတ်ယုတ်ပျက်စီးလာသည်။ အကျိုးဆက်မှာ ကမ္ဘာကြီး ပူနွေးလာပြီး ရာသီဥတုဖောက်ပြန်မှုများဆက်တိုက်ဖြစ်ပေါ်လာကာ ကမ္ဘာ့လူသားများ ဒုက္ခပင်လယ်ဝေနေကြသည်။

ထို့ကြောင့် ကမ္ဘာ့အပူချိန်လျှော့ချနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၇ နိုင်ငံအနက် ၁၉၅ နိုင်ငံတို့က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပါရီသဘောတူညီချက်ကို စုပေါင်းလက်မှတ်ရေးထိုးကြပြီး ကမ္ဘာကြီးကို ကယ်တင်နိုင်ရေးနည်းလမ်းများကို စုပေါင်းဆွေးနွေးရှာဖွေကြိုးပမ်းကြကာ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ မိမိတို့တစ်နိုင်ငံချင်းစီအလိုက်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

ထိုသို့ ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံ တစ်နိုင်ငံက မိမိနိုင်ငံသားများကိုကာကွယ်ဖို့ ပါရီသဘောတူညီချက်ကနေ နုတ်ထွက်မည်ဟု ပြောကြားလိုက်ရာ ကမ္ဘာ့နိုင်ငံများသာမက ၎င်း၏နိုင်ငံသားများပင် များစွာစိတ်ပျက်ကြပြီး ကန့်ကွက်ရှုတ်ချမှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများကို လူသားများ ဆိုးရွားစွာထိခိုက်ခံစားနေရချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံများအား ဦးဆောင်ဦးရွက်ပြုကာ လက်တွဲဆောင်ရွက်ရမည့်အစား နိုင်ငံအများဆောင်ရွက်နေသည့် ပါရီသဘောတူစာချုပ်မှ နုတ်ထွက်မည်ဟု ပြောကြားခြင်းသည် လျော်ကန်သင့်မြတ်ခြင်းမရှိဟု သုံးသပ်မိပါသည်။

ပါရီသဘောတူညီချက်သည် ကမ္ဘာပေါ်ရှိ အနာဂတ်မျိုးဆက်သစ်များ ဘေးကင်းလုံခြုံရေးနှင့် ကောင်းမွန်စွာနေထိုင်ရေးအတွက် အကာအကွယ်ပေးထားခြင်းဖြစ်သည်။ ကမ္ဘာကြီးမှာ တစ်နေ့တခြား ပူနွေးလာပြီး အပူချိန်များမြင့်တက်နေသည်ကို အားလုံးခံစားကြရသလို ရာသီဥတု ပြောင်းလဲမှုကြောင့် သဘာဝဘေးဒဏ်များကို နိုင်ငံအများကြုံတွေ့နေကြရသည်တို့ကို ဝိုင်းဝန်းအဖြေရှာ ကုစားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ လျော့ပါးသက်သာလာစေရေးအတွက် နိုင်ငံအများ စုပေါင်းကြံဆဝိုင်းဝန်းကာကွယ်နေသောအချိန်အခါတွင် မိမိနိုင်ငံသားများ၏အကျိုးအတွက်သာမက ကမ္ဘာ့လူသားများအားလုံး၏အကျိုးကိုရှေးရှုကာ သစ်တောများမပြုန်းတီးရေး၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် လျော့ကျရေးအစီအစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ ။

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ မန္တလေး-ဟောင်ကောင်-မန္တလေး ခရီးစဉ်စတင်

**မန္တလေး ဇွန် ၄**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ၏ မန္တလေး-ဟောင်ကောင် လေယာဉ်လိုင်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီကမန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပြုလုပ်သည်။




အခမ်းအနားတွင် မြန်မာအမျိုးသား လေကြောင်းလိုင်း စီးပွားရေးအရာရှိချုပ် ဦးနိုင်စောလွင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါခရီးစဉ်ကို Boeing 737-800NG လေယာဉ်ဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တွင် ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ပြီး အဆိုပါခရီးစဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ တွင်ထွက်ခွာပြီး မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ မန္တလေးမြို့မှ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဟောင်ကောင်သို့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ဟောင်ကောင်မှ ပြန်လည်ထွက်ခွာမည့် လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာကာ မန္တလေးမြို့သို့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ မန္တလေးမြို့မှ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကာ ရန်ကုန်မြို့သို့ ညနေ ၆ နာရီ ၅၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ခရီးစဉ်စတင်သည့် ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာသူများအနက် ခြောက်ဦးကို မန္တလေး-ဟောင်ကောင်-မန္တလေး လက်မှတ်များကို ကံစမ်းမဲနှိုက်ကာ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**(၀၀၂)**

# ကျန်းမာရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**ကော့သောင်း ဇွန် ၄**

ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တို့ပူးပေါင်းကာ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ၂၂ မိုင် တွာပေါကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အသိပညာပေးဟောပြောပွဲတွင် ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မိုးရာသီ ကျေးလက်ပြည်သူနှင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါများအကြောင်း သိကောင်းစရာများနှင့် သတိပြုကာကွယ်ဆင်ခြင်နေထိုင်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပြည်သူများ လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်သဖြင့် မြေပြိုမှု၊ ရေကြီးမှုစသည့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်တုံ့ပြန်ရှောင်ရှားနိုင်ရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်ရေး သတိပြုရမည့် သိကောင်းစရာများ၊ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ကြိုတင်ကာကွယ်မှု လုပ်ငန်းစဉ်များကို အသိပညာပေး ဟောပြောကြသည်။

သဘာဝဘေးအန္တရာယ် အသိပညာပေး နှိုးဆော်ချက်များကို ကျေးရွာပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ကျေးရွာတာဝန်ရှိသူများသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထုတ်ဝေသည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်ပိုစတာများ၊ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**သံဖြူဇရပ် ဇွန် ၄**

သံဖြူဇရပ်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏အစီအစဉ်ဖြင့် သံဖြူဇရပ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် မူလတန်းကြိုကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ပညာရေးဌာနနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြသည်။

ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဦးခိုင်စိုးက ဦးဆောင်ပြီး အင်အား ၃၀ ခန့်သည် ဆေးဖျန်းစက်လေးလုံးဖြင့် အဖွဲ့ နှစ်ဖွဲ့ခွဲကာ ရပ်ကွက်အသီးသီးရှိ ကျောင်းများအားလုံးတွင် ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများပူးပေါင်းကာ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **ကျော်ဝင်း(ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် ဇွန် ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင်ထရူးဒိုး၊ ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန်အာလင်းနှင့် ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန် တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ လော့ဖန်း (Mr. Loc Pham)၊ ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး မစ္စတာ ဂျိုဟန် ဟာလ်လန်ဘော့ (Mr. Johan Hallenborg)နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့၏ ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ အဆင့်ဆင့်ပြောင်းလဲကျင့်သုံးခဲ့မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် ဘွေ့နူးမြစ်ကူးတံတား အမှတ်(၁) ဖွင့်

**နေပြည်တော် ဇွန် ၄**

ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) မှ တာဝန်ယူတည်ဆောက်ပြီးစီးသော ဘွေ့နူးမြစ်ကူးတံတားအမှတ်(၁) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားရှိ မဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တံတားတည်ဆောက်ဖွင့်လှစ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၂၂ ခုနှစ် မတ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပထမကာလတိုင်းနှစ်အတွင်း လမ်း/တံတား စီမံကိန်းလုပ်ငန်းကြီးများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ဘွေ့နူးမြစ်ကူးတံတား အမှတ်(၁) မှာ အရှည် ၁၂၂ ဒသမ ၉၁ မီတာ(ပေ-၄၀၀) ရှိပြီး အောက်ထည် သံကူကွန်ကရစ်အမျိုးအစားနှင့် အပေါ်ထည် သံမဏိပြားကြမ်းခင်းနှစ်လွှာ တစ်ထပ်ဘေလီ အမျိုးအစားဖြစ်ပြီး ယင်းတံတားကိုဖြတ်၍ ချင်းပြည်နယ် မြောက်ပိုင်းရှိ မြို့များသာမက ချင်းပြည်နယ်တောင်ပိုင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းသို့ ရာသီမရွေး အချိန်မရွေး ဘေးအန္တရာယ်ကင်းစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဘွေ့နူးမြစ်ကူးတံတား အမှတ်(၁)သည် နိုင်ငံတော်အစိုးရသစ်လက်ထက် ချင်းပြည်နယ်အတွင်း ဒုတိယမြောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ကလည်း ချင်းပြည်နယ်မြောက်ပိုင်းတွင် လေယာဉ်ကွင်းသစ်ဖောက်လုပ်ပြီး တောင်ပိုင်းတွင် သင်္ဘောဆိပ်ကြီးတည်ဆောက်ရန် စီစဉ်နေသဖြင့် မကြာမီကာလတွင် ကုန်းလမ်း၊ လေကြောင်း၊ ရေကြောင်းလမ်းများနှင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံခြားထွက်ပေါက်များလည်းရှိလာသည့်အတွက် ကုန်သွယ်ရေးနှင့် စီးပွားရေး မြန်မြန်ဆန်ဆန် တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးကာ ဒေသဝမ်းစာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ကျစေမည်ဖြစ်ကြောင်း။

ဘွေ့နူးမြစ်ကူးတံတား အမှတ်(၁) ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ပြီး ဒေသတွင်းပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစွာတည်ဆောက်ခဲ့သည့် ဘွေ့နူးမြစ်ကူးတံတားအမှတ်(၁)ကို ချင်းပြည်နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများထံ အပ်နှံလိုက်ခြင်းဖြစ်ပြီး တံတားကြီးရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံများကလည်း ကူညီစောင့်ရှောက်ထိန်းသိမ်းပေးကြရန် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဘွေ့နူးမြစ်ကူးတံတား အမှတ်(၁) ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမုထန်း၊ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ချင်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က ဘွေ့နူးမြစ်ကူးတံတားအမှတ်(၁) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားကြီးပေါ်မှဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပ

**မောင်တော ဇွန် ၄**

၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်သည့် မောင်တောမြို့နယ် အမှတ်(၁)



အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မောင်သန်းဌေးလှိုင်က "မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်ပြီး အသိပညာပေးတာတွေ ဒီဒေသမှာ များများလုပ်ပေးစေချင်တယ်။ ဒီဒေသမှာ မူးယစ်ဆေးဝါးက ခြိမ်းခြောက်လာနေတယ်။ လူငယ်တွေကြားမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုက များလာတယ်" ဟု ပြောသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို "လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့၊ မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး၊ အားကစားဖြင့်မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့၊ သက်ရှည်ကျန်းမာလူသားကမ္ဘာ မူးယစ်ဆေးဝါး တိုက်ဖျက်ပါ၊ မူးယစ်စွဲသူ ဖေးမကူ ရောင်းချသူကိုအရေးယူ ပြိုင်တူဆောင်ရွက်တိုင်းပြည်အတွက်" စသည့် ဆောင်ပုဒ်များဖြင့် ပြိုင်ပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မောင်တောမြို့ မူးယစ်တပ်ဖွဲ့စု (၄၆)မှ ရဲမှူးမောင်မောင်ယဉ်က "မောင်တောခရိုင်မှာ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ နှစ်စဉ် ကျင်းပပါတယ်။ ဇွန်၂၆ ရက်မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် ကြိုတင်ပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာနဲ့ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကျင်းပတာပါ။ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့လည်း ကျောင်းတွေ၊ ရပ်ကွက်တွေထဲမှာလည်း အသိပညာပေးဟောပြောပွဲတွေ လုပ်သွားမှာပါ"ဟု ပြောသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလွန်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးက သိရသည်။

**သတင်း-မင်းသစ်(MNA)၊**
**အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)**
**ဓာတ်ပုံ-ရဲထွန်း**

# အိန္ဒိယကြည်းတပ်မှ စစ်သည်တော်လေးဦး အောက်ဆီဂျင်ဘူးများမသုံးဘဲ ဧဝရက်တောင်ပေါ်တက်နိုင်



**ခတ္တမန္ဒူ ဇွန် ၄**
အိန္ဒိယကြည်းတပ်မှ စစ်သည်တော်လေးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အောက်ဆီဂျင်ဘူးများ အသုံးပြုခြင်းမရှိဘဲ ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း၊ အဆိုပါအဖွဲ့သည် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်သို့ အောက်ဆီဂျင်ဘူးများ မပါဘဲ တက်ရောက်နိုင်သည့် ပထမဆုံးသော တောင်တက်အဖွဲ့အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ကြောင်း ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ တောင်တက်သမားလေးဦးမှာ ကန်ချွတ်တင်ဒါ၊ ကယ်ရှန်၊ ဒေါ်ဂျီဘူတီယာ၊ ကယ်ဒင်ပန်ဂျူးနှင့် ဆိုနမ်ပန်းဆော့တို့ ဖြစ်ကြသည်။

အမြင့် ၈၈၄၈ မီတာရှိ ဧဝရက်တောင်၏ တောင်ထွတ်ပေါ်သို့ ယခုအချိန်အထိ လူပေါင်း ၄၀၀၀ ကျော် တက်ရောက်ခဲ့သည့်အနက် ၁၈၇ ဦးသာ အောက်ဆီဂျင်ဘူးများ အသုံးပြုခြင်းမရှိဘဲ တက်ရောက်နိုင်ခဲ့သည်။

ယခုခရီးစဉ်တွင် တောင်တက်လမ်းပြခြောက်ဦးမှာ အောက်ဆီဂျင်ဘူးများအသုံးပြုကာ တက်ရောက်ခဲ့ကြောင်း၊ မေ ၂၁ ရက်တွင် ဧဝရက်တောင်ပေါ်သို့ စတင်တက်ရောက်ခဲ့ကြပြီး ဇွန် ၂ ရက်တွင် နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အိန္ဒိယကြည်းတပ်မှ ဗိုလ်မှူးကြီး ဗီရှားဒူးဘေးက ပြောကြားသည်။ **ပီတီအိုင်။**

# ပြုံယမ်းအား ဖိအားများပေးပြီး ကိုင်တွယ်သင့်သည်ဟု အာရှနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများကဆို

**ကျိုတို ဇွန် ၄**
နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးရေးအစီအစဉ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံအား စားပွဲဝိုင်းပေါ်တွင် ဆွေးနွေးခြင်းထက် ဖိအားများပေးပြီး ကိုင်တွယ်ထိန်းကျောင်းသင့်သည်ဆိုသည့် အာရှနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၏ သဘောထားအမြင်များကို ဂျပန်ကာကွယ်ရေးဝန်ကြီးက သဘောတူညီမှုရှိပါကြောင်း ယနေ့ပြောကြားခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးတိုမိုမီ အင်နာဒါက အထက်ပါကိစ္စရပ်များကို စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် ရှန်ဂရီလာဆွေးနွေးပွဲ(နိုင်ငံတကာလုံခြုံရေးကွန်ဖရင့်)ပြီးနောက် မီဒီယာများအား ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီး တိုမိုမီ အင်နာဒါသည် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးတို့နှင့် သုံးပွင့်ဆိုင်တွေ့ဆုံခဲ့ပြီး နယူးဇီလန်နှင့် မလေးရှားကာကွယ်ရေးဝန်ကြီးတို့နှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးပွဲများတွင် ဝန်ကြီးတိုမိုမီ အင်နာဒါက မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်စေချင်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဒုတိယအကြီးအကဲ ကာဇုရာကီ ဆူမီဒါက တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးများ သုံးပွင့်ဆိုင်အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယားအရေးအပြင် ဂျပန်နှင့် တရုတ်နိုင်ငံကာကွယ်ရေးတာဝန်ရှိသူများအကြား ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးရရှိစေရန်အတွက် တရုတ်ကာကွယ်ရေးသိပ္ပံအကယ်ဒမီ ဒုတိယအကြီးအကဲ ဟီလိုင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# လန်ဒန်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများက ဗြိတိန်အစိုးရဘက်မှ သွေးစည်းမှုပြသ

**လန်ဒန် ဇွန် ၄**
ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဇွန် ၃ ရက်ညကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များက အကြမ်းဖက်မှုကြောင့် ဘေးဥပဒ်ရောက်ရသူများအပေါ် စာနာထောက်ထားမှုဖြစ်ရကြောင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံတို့ကို ထုတ်ဖော်ပြောကြားကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

လန်ဒန်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့က ဗြိတိန်အစိုးရအဖွဲ့အား အကူအညီအရပ်ရပ်ကို ပေးသွားမည်ဖြစ်ကြောင်း၊ အပြစ်မဲ့အရပ်သူအရပ်သားများအား ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုသည် သူရဲဘောကြောင်သည့် လုပ်ရပ်သာဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်ကြေညာသည်။

အလားတူပင် ပြင်သစ်အစိုးရအဖွဲ့ကလည်း ဗြိတိန်နိုင်ငံနှင့်အတူ သွေးစည်းညီညွတ်စွာ လက်တွဲရပ်တည်သွားမည်ဖြစ်ကြောင်း သမ္မတအီမင်နျူယယ်မေခရွန်က ပြောကြားသည်။

ထိုနည်းတူပင် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဗြိတိန်အစိုးရအဖွဲ့က အရေးယူတုံ့ပြန်ရာတွင် အကူအညီပေးရန် အသင့်ရှိသည်ဟုဆိုသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ဩစတြေးလျနိုင်ငံသားနှစ်ဦး ပိတ်မိနေခဲ့ပြီး တစ်ဦးမှာ ရရှိသောဒဏ်ရာအတွက် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရသည်။

လန်ဒန်တွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ မိမိတို့ဝမ်းနည်းကြေကွဲမှုဖြစ်ရကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် မိမိတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဝန်ကြီးချုပ် ထရေစာမေထံသို့ပေးပို့သော စာလွှာတွင် ဖော်ပြသည်။

အလားတူပင် နယ်သာလန်ဝန်ကြီးချုပ် မာ့ခ်ရုကလည်း ယင်းတိုက်ခိုက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ ဝမ်းနည်းစကားဆိုခဲ့သည်။

မြို့တော်လန်ဒန်တွင် ဇွန် ၃ ရက် ည ၁၀ နာရီခန့်က လန်ဒန်တံတားပေါ်တွင် လမ်းလျှောက်သွားလာနေသူများကို အဖြူရောင်ဗင်ကားတစ်စီးက အတင်းမောင်းနှင်တိုက်ခဲ့ပြီး ယင်းနောက်တွင် ကားပေါ်မှ လူသုံးဦး ဆင်းလာကာ အနီးရှိ ဘားရပ်ဈေးတွင်ရှိနေသူများကို ဓားဖြင့်တိုက်ခိုက်ခဲ့ကြောင်း၊ သေဆုံးသူ ခုနစ်ဦးရှိခဲ့ပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့ရကြောင်း၊ အကြမ်းဖက်တိုက်ခိုက်သူ အမျိုးသားသုံးဦးကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်းတို့ သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ/ပီတီအိုင်**

# အာရှတိုက်၏ အကြီးဆုံးသော အပျော်စီးသင်္ဘောကြီး ပထမဆုံးအကြိမ် ပင်လယ်ခရီးစဉ် စတင်

**ကျင်းတောင် ဇွန် ၄**
အာရှတိုက်၏ အကြီးဆုံးသော အပျော်စီးသင်္ဘောကြီးသည် ပထမဆုံးအကြိမ် ပင်လယ်ခရီးစဉ်ကို စတင်သည့်အနေဖြင့် တရုတ်နိုင်ငံအရှေ့ပိုင်း ကျင်းတောင်မြို့မှ ဇွန် ၃ ရက်တွင် ထွက်ခွာသွားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နော်ဝေအပျော်စီးသင်္ဘောလိုင်းမှ "နော်ဝေဂျီယန်ဂျွိုင်း"ဟု အမည်ပေးထားသော အပျော်စီးသင်္ဘောကြီးသည် ခရီးသည် ၅၀၀၀ နှင့် ရေယာဉ်ဝန်ထမ်းအဖွဲ့ဝင် ၁၉၀၀ လိုက်ပါနိုင်သော သင်္ဘောကြီးဖြစ်ပြီး သင်္ဘောပေါ်ရှိ စားသောက်ဆိုင် ၂၈ ဆိုင်တွင် နိုင်ငံတကာအစားအစာများကို တည်ခင်းရောင်းချပေးနိုင်ရန် စီစဉ်ထားသည်။ ၎င်းအပြင် ခရီးသည်များအား ဖျော်ဖြေတင်ဆက်နိုင်ရန် ကစားခုန်စား ပြုလုပ်နိုင်သည့်နေရာ၊ တေးဂီတဖျော်ဖြေပွဲများ ပြုလုပ်နိုင်သည့်နေရာများလည်း ပါရှိသည်။

ကျင်းတောင် နိုင်ငံတကာအပျော်စီးသင်္ဘောများ ဆိုက်ကပ်ရပ်နားရာဆိပ်ကမ်း၌ အပျော်စီးသင်္ဘော သုံးစင်း ကျောက်ချရပ်နားနိုင်သည့် နေရာများတည်ရှိပြီး တစ်နာရီလျှင် ခရီးသည် ၃၀၀၀ မှ ၄၀၀၀ အထိကို အကောက်ခွန်စစ်ဆေးမှု ပြုလုပ်နိုင်ရန် စီစဉ်ထားသည်။

ကျင်းတောင်နိုင်ငံတကာ အပျော်စီးသင်္ဘောများ ဆိုက်ကပ်ရပ်နားရာဆိပ်ကမ်းသို့ ခရီးသည်ဝင်ရောက်မှုမှာ ယခုအချိန်အထိ ၃၀၀၀၀၀ အထိရှိပြီဖြစ်ကြောင်း ကျင်းတောင် ပင်လယ်ဆိပ်ကမ်းအုပ်စု၏ ပြောခွင့်ရပုဂ္ဂိုလ် လျူမင်းက ပြောကြားသည်။

အဆိုပါ ပင်လယ်ဆိပ်ကမ်းသည် လောလောဆယ်တွင် ကမ္ဘာတစ်ဝန်းရှိ အပျော်စီးသင်္ဘောလုပ်ငန်း ကုမ္ပဏီခုနစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ကာ ခရီးစဉ် ၁၅ ခု ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း အပျော်စီးသင်္ဘောအစင်း ၁၀၀ ကျော် အဝင်အထွက်ရှိမည်ဟုခန့်မှန်းထားကြောင်း လျူမင်းက ပြောကြားသည်။ **ဆင်ဟွာ။**



# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

ကမ္ဘောဒီးယားနိုင်ငံမှာ လူထုအုပ်ချုပ်ရေး ရွေးကောက်ပွဲ (Communal Election)တွေကို ဇွန်လ ၄ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ ဒီရွေးကောက်ပွဲကနေ လူထုအုပ်ချုပ်ရေးခေါင်းဆောင် (Commune Chiefs)၁၆၄၆ ဦးနဲ့ လူထုအုပ်ချုပ်ရေး အဖွဲ့ဝင် ၁၁၅၇၂ ဦးတို့ကို ရွေးကောက်တင်မြှောက်မှာပါ။ ကမ္ဘောဒီးယား ရွေးကောက်ပွဲကော်မတီရဲ့ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘောဒီးယားပြည်သူ ၇ ဒသမ ၈၇ သန်းတို့က ဒီလူထုအုပ်ချုပ်ရေး ရွေးကောက်ပွဲမှာ ပါဝင်ဆန္ဒမဲပေးခွင့်ရကြမှာပါ။ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီတွေက ၁၂ ပါတီရှိပေမယ့် အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ (Cambodian People's Party- CPP)နဲ့ အဓိက အတိုက်အခံပါတီဖြစ်တဲ့ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(Cambodia National Rescue Party - CNRP)တို့ပဲ အားပြိုင်ကြရမှာပါ။

ဇွန်လ ၂ ရက်နေ့က မြို့တော်ဖနွမ်းပင်မှာ ဒီအဓိက ပါတီကြီးနှစ်ခုက လူထုမဲဆွယ်ပွဲတွေပြုလုပ်ခဲ့တဲ့အတွက် မြို့တော်ရဲ့ ဒေသအများစုဟာ ယာဉ်အသွားအလာရပ်တန့်မှုတွေကို ရင်ဆိုင်ခဲ့ကြရပါတယ်။ အာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)က ဇွန်လ ၂ ရက်နေ့ မနက်စောစောကတည်းက လူထုမဲဆွယ်ပွဲတွေကို ပြုလုပ်ခဲ့တာပါ။ ဒီမဲဆွယ်ဟောပြောပွဲတွေကို ထောက်ခံသူအများအပြား တက်ရောက်ခဲ့ပြီး လုပ်ပုံကိုင်ပုံစနစ်ကျတာကို တွေ့ရပါတယ်။ အစဉ်အလာကို ဖောက်ဖျက်ပြီး ဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင် ဒီလူထုမဲဆွယ်ပွဲတွေကို ဦးဆောင်ကျင်းပခဲ့ပါတယ်။ ဒီအချက်က အခုကျင်းပမယ့် လူထုအုပ်ချုပ်ရေးရွေးကောက်ပွဲတွေရဲ့ အရေးပါပုံကို မီးမောင်းထိုးပြသနေပါတယ်။ အတိုက်အခံ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(CNRP)ကတော့ လူထုမဲဆွယ်ပွဲတွေကို နေ့ခင်းပိုင်းမှ ပြုလုပ်တာကို တွေ့ရပါတယ်။ လူထုမဲဆွယ်ပွဲ ကျင်းပတဲ့အခါ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(CNRP)က ဝပ်ချပ်စ်(Wat Chas)ဘုရားရှေ့မှာ ကျင်းပခဲ့ပါတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။ မနှစ်က အသတ်ခံခဲ့ရတဲ့ နိုင်ငံရေးသုံးသပ်ဝေဖန်သူ ကမ်လေး(Kem Ley)ရဲ့ ဈာပနာကို ဝပ်ချပ်စ်ဘုရားမှာ ကျင်းပခဲ့တာပါ။ အာဏာရပါတီ CPP ကို ဝေဖန်ရေးသားလေ့ရှိတဲ့ ကမ်လေး အသတ်ခံခဲ့ရတာဟာ နိုင်ငံရေးကြောင့်ဖြစ်တာလို့ ကမ္ဘောဒီးယားပြည်သူအများစုက လက်ခံယုံကြည်နေတာပါ။ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(CNRP)ရဲ့ မဲဆွယ်ရေးခွင့်ပြုချက်ကို ဇွန်လ ၁ ရက်နေ့ကမှ ခွင့်ပြုပေးခဲ့တာပါ။ ဒီအချက်ကိုကြည့်လိုက်ရင် လူထုအုပ်ချုပ်ရေးရွေးကောက်ပွဲ အနေအထားဟာ အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP)ကို မျက်နှာသာပေးထားတယ်ဆိုတာက ပေါ်လွင်နေတယ်။ ဖနွမ်းပင်မြို့တော် မြူနီစီပယ်အဖွဲ့ဟာ ကမ္ဘောဒီးယားအမျိုးသား ကယ်တင်ရေးပါတီ(CNRP)က မြို့တော်ရဲ့ လွတ်လပ်ရေးပန်းခြံ(Freedom Park)မှာ မဲဆွယ်ခွင့်တောင်းဆိုတာကို ပယ်ချခဲ့ပါတယ်။ ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီ (CNRP)က ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲ အကြိုကာလ မဲဆွယ်ပွဲကို ဒီလွတ်လပ်ရေး ပန်းခြံမှာ ကျင်းပခဲ့တာပါ။

ဇွန်လ ၂ ရက်နေ့တွင် ဖနွမ်းပင်မြို့တော် မြင်ကွင်းက ပွဲလမ်းသဘင်ကျင်းပနေတဲ့ မြင်ကွင်းလို ဖြစ်နေပေမယ့် ဇွန်လ ၄ ရက်နေ့မှာ လူထုရွေးကောက်ပွဲ ကျင်းပတဲ့အခါမှာတော့ အရေးကြီးတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်ပေးမယ့် ရွေးကောက်ပွဲမြင်ကွင်းဖြစ်လာမှာပါ။ ဒီလူထုအုပ်ချုပ်ရေးရွေးကောက်ပွဲရလဒ်က ၂၀၁၈ ခုနှစ်မှာ ကျင်းပဖို့ရှိတဲ့ အထွေထွေရွေးကောက်ပွဲရဲ့ ရှေ့ပြေးရလဒ်သဘောမျိုးဖြစ်မှာမို့လို့ပါ။ ဒီတော့ ၂၀၁၂ ခုနှစ်က ကျင်းပခဲ့တဲ့ လူထုအုပ်ချုပ်ရေးရွေးကောက်ပွဲရလဒ်တွေကို ပြန်ကြည့်ရအောင်ပါ။ ဒီ ၂၀၁၂ ခုနှစ် လူထုအုပ်ချုပ်ရေး ရွေးကောက်ပွဲမှာ ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီကို ပူးပေါင်းဖွဲ့စည်းမယ့် ကမ္ဘောဒီးယား လစ်ဘရယ်ပါတီ (Sam Rainsy Party)နဲ့ လူ့အခွင့်အရေးပါတီ (Human Rights Party)တွေက သီးခြားစီရွေးကောက်ပွဲဝင်ခဲ့တာပါ။ ဒီနှစ်ပါတီရဲ့ အနိုင်ရခဲ့တဲ့ မဲဆန္ဒနယ်မြေက ၄၀ လောက်ပဲရှိပြီး အာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)က မဲဆန္ဒနယ် ၁၅၉၂ နယ်ကို အနိုင်ရရှိခဲ့တာပါ။ ဒါပေမဲ့ ၂၀၁၃ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေး ပါတီ(CNRP)က အာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)ကို အကြိတ်အနယ် ယှဉ်ပြိုင်နိုင်ခဲ့ပြီး အာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)က မဆိုစလောက် မဲအသာနဲ့ပဲ အနိုင်ရခဲ့တာပါ။ အတိုက်အခံ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ (CNRP)အနေနဲ့ ဇွန် ၄ ရက် ရွေးကောက်ပွဲမှာ အခြေအနေကောင်းမယ်လို့ ယူဆနေမှာ ဖြစ်ပေမယ့် အမှန်တကယ် မဲဆန္ဒပေးတဲ့အခါမှာတော့ ခြိမ်းခြောက်မှုတွေကြားက တွေဝေစရာကိစ္စရပ်တွေကို ကြုံလာနိုင်ပါတယ်။

ဖေဖော်ဝါရီလမှာ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုတွေကြောင့် ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(CNRP)ကို ဖျက်သိမ်းမယ့် ခြေလှမ်းတွေ လှမ်းလာနိုင်ပါတယ်။ ဒါပေမဲ့ ဒီဥပဒေအတည်မပြုခင် ရက်ပိုင်းစောပြီး Sam Rainsy က ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေး ပါတီ(CNRP)ရဲ့ ဥက္ကဋ္ဌအဖြစ်ကနေ နုတ်ထွက်ခဲ့ပါတယ်။ ပြုပြင်ထားတဲ့ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေကိုအသုံးပြုပြီး ပါတီကို ဖျက်သိမ်းမယ့် အန္တရာယ်ကနေ ကာကွယ်နိုင်အောင် ဒီလိုနုတ်ထွက်ခဲ့တယ်ဆိုတာက ပေါ်လွင်ပါတယ်။ ဆမ်ရွှမ်ဆီဟာ ၂၀၁၅ ခုနှစ်နောက်ပိုင်းကစပြီး ပြည်ပမှာ တိမ်းရှောင်နေတဲ့ အတိုက်အခံနိုင်ငံရေး ခေါင်းဆောင်ပါ။ ဘာပဲပြောပြော မရှင်းမရှင်းပြင်ထားတဲ့ နိုင်ငံရေးပါတီများဆိုင်ရာဥပဒေကို အသုံးပြုပြီး ရှေ့လာမယ့်လတွေအတွင်း ပါတီကို ဖျက်သိမ်းမယ့် အန္တရာယ်ကတော့ ရှိနေတာပါပဲ။ ဒီလိုအခြေအနေတွေကြောင့် ပါတီရဲ့ ဒုဥက္ကဋ္ဌ ကမ်ဆော့ကာ(Kem Sokha)ကို ဥက္ကဋ္ဌရာထူးတိုးမြှင့်ပေးခဲ့ပြီး ဒုဥက္ကဋ္ဌအသစ်သုံးယောက်ကို ခန့်ထားခဲ့ပါတယ်။ ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေး ပါတီ(CNRP)ရဲ့ ပူးပေါင်းပါတီနှစ်ရပ်အကြား လုပ်ပိုင်ခွင့်အာဏာကို အညီအမျှခွဲဝေတာဝန်ယူခဲ့ကြပါတယ်။

အာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ (CPP)က အတိုက်အခံပါတီတွေအပေါ် ဖိနှိပ်မှုတွေကို စာရင်းချ ရေးမယ်ဆိုရင်တော့ မဆုံးတရားဖြစ်မှာပါ။ အာဏာရပါတီဟာ လက်ရှိဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေတွေကို ဆက်လက်ထိန်းသိမ်းပါမယ်ဆိုတဲ့ ကတိကဝတ်နဲ့ မဲဆွယ်စည်းရုံးနေတာပါ။ ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)က တိုင်းပြည်ရဲ့ အာဏာကို ချုပ်ကိုင်ခဲ့တာဟာ ၁၉၇၉ ခုနှစ်ကနေ ယနေ့အချိန်ထိပါပဲ။ ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ ကမ္ဘောဒီးယားပြည်သူ့ပါတီ(CPP)ဟာ ပြုပြင်ပြောင်းလဲမှု တချို့ကို ကတိကဝတ်ပြုထားသလို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အတိတ်ကာလ ရလဒ်တွေကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင် ကမ္ဘောဒီးယား ပြည်သူတွေကြား ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားနေပေမယ့် သိသာမြင်သာတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)က ဖန်တီးဖော်ဆောင်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ပြည်သူတွေကို ဆွဲဆောင်စည်းရုံးရာမှာ ကမ္ဘောဒီးယားပြည်သူ့ပါတီ(CPP)ကပေးတဲ့ မက်လုံးကတော့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို အာမခံတယ်ဆိုတဲ့ ကတိကဝတ်ပါ။ ဇွန် ၂ ရက်မှာ ပြုလုပ်ခဲ့တဲ့ လူထုအစည်းအဝေးမှာ ဝန်ကြီးချုပ် ဟွန်ဆန်က “ခမာနီပိုလ်ပေါ့ အစိုးရကိုဖြုတ်ချခဲ့တာ ဘယ်ပါတီလဲ။ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်တာ ဘယ်ပါတီလဲ”ဆိုပြီး ပြောဆိုမဲဆွယ်ခဲ့ပါတယ်။ ခမာနီခေါင်းဆောင် ပိုလ်ပေါ့ကိုဖြုတ်ချရာမှာ ဝန်ကြီးချုပ်ဟွန်ဆန်က အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့တာပါ။ **(ဆက်လက်ဖော်ပြပါမည်)**





**အတိတ်ကာလ ရလဒ်တွေကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင် ကမ္ဘောဒီးယား ပြည်သူတွေကြား ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားနေပေမယ့် သိသာမြင်သာတဲ့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုတွေကို ကမ္ဘောဒီးယား ပြည်သူ့ပါတီ(CPP)က ဖန်တီးဖော်ဆောင် နိုင်ခဲ့တာကို တွေ့ရမှာပါ။**

# သစ်တော သစ်ပင် ချစ်ခင်တဲ့လူမျိုး

နှင်း(မာယာ)

မျက်မှောက်ကာလမှာ ကမ္ဘာနဲ့အဝှမ်း သစ်တောပြုန်းတီးမှုတွေ ရှိနေခဲ့ပါတယ်။ ကျွန်မ ရှာဖွေဖတ်ရှုမိတဲ့အခါ ပြထားတဲ့ ကိန်းဂဏန်းတွေဟာ စိုးရိမ်စရာကောင်းလောက်အောင် မြင့်တက်နေတာတွေ့ရပါတယ်။ ဒီလို ကပ်သုံးပါး၊ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးခဲ့ရသမျှတွေဟာ ပြန်လည်ထူထောင်ခြင်းအဖြစ်သို့ မရောက်သလောက်ကို နည်းပါးနေတာတွေ့ရပါတယ်။

အာဖရိကတိုက်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာအရ သစ်တောပြုန်းတီးမှုနှုန်းဟာ နှစ်ဆပိုများတယ်လို့ ဆိုပါတယ်။ အာဖရိကတိုက် အနောက်ဘက်ခြမ်းမှာ သစ်တောဧရိယာရဲ့ ၉၀ ရာခိုင်နှုန်းလောက် ပြုန်းတီးခဲ့ပါတယ်။ နိုင်ဂျီးရီးယားမှာ ၁၉၉၀ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ ၁၅ နှစ်တာ ကာလအတွင်းမှာ သစ်တောဧရိယာရဲ့ ၈၁ ရာခိုင်နှုန်းပျက်စီးဆုံးရှုံးခဲ့တယ်လို့ ဆိုပါတယ်။ ကင်ညာနိုင်ငံမှာဆိုရင် ၁၉၆၃ ခုနှစ်ကာလတုန်းက နိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှု ဧရိယာဟာ ၁၀ ရာခိုင်နှုန်းရှိခဲ့ပေမယ့် ၂၀၀၆ ခုနှစ်မှာ တစ်ရာခိုင်နှုန်း သာသာပဲ ကျန်တယ်လို့ ဆိုပါတယ်။

ဘရာဇီးနိုင်ငံရဲ့ အမေဇုန်သစ်တောဟာလည်း သစ်တောပြုန်းတီးမှုအမြင့်ဆုံးအခြေအနေကို ၂၀၀၈ ခုနှစ်မှာ ကြုံခဲ့ရပါတယ်။ ၂၀၀၇ ခုနှစ် သစ်တောပြုန်းတီးမှုနဲ့ နှိုင်းယှဉ်တဲ့အခါမှာ ၂၀၀၈ ခုနှစ်မှာ အမေဇုန်သစ်တောရဲ့ ပြုန်းတီးမှုဟာ ၆၉ ရာခိုင်နှုန်းအထိ ထိုးတက်သွားခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၃၀ ခုနှစ်လောက်ဆိုရင် အမေဇုန်သစ်တောဟာ မူလသစ်တောဧရိယာရဲ့ ၆၀ ရာခိုင်နှုန်းလောက် ပျက်သုဉ်းခြင်းအဖြစ်ကို ရောက်တော့မယ်လို့ ခန့်မှန်းထားခဲ့ကြပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေရဲ့ သစ်တောပြုန်းတီးမှုနှုန်းကလည်း စိုးရိမ်စရာဖြစ်လာပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ၂၀၀၅ ခုနှစ်အထိ လေ့လာချက်အရ သဘာဝသစ်တောပြုန်းတီးမှု ၇၂ ရာခိုင်နှုန်းရှိပြီး အခြားသစ်တောပြုန်းတီးမှုကတော့ ၄၀ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ အနိမ့်ပိုင်းဒေသဖြစ်တဲ့ ဆုမားတြားဒေသနဲ့ ဘော်နီယိုဒေသတွေမှာ ၂၀၂၅ ခုနှစ်လောက်မှာ သစ်တောတွေ မရှိတော့သလောက်နည်းပါးသွားတော့မှာ စိုးရိမ်ရတယ်လို့ဆိုပါတယ်။

သစ်တောပြုန်းတီးမှုနှုန်း အမြင့်ဆုံးနိုင်ငံငါးနိုင်ငံကတော့ ဘရာဇီး၊ အင်ဒိုနီးရှား၊ ရုရှား၊ မက္ကဆီကိုနဲ့ ပါပူဝါနယူးဂီနီ နိုင်ငံတွေလို့ဆိုပါတယ်။

တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ သစ်တောတွေ ပြုန်းတီးလာခဲ့လို့ ရာသီဥတုတွေ ဆိုးဆိုးရွားရွားဖောက်ပြန်လာပြီး အယ်လ်နီညိုတွေ၊ လာနီညာတွေ ဖြစ်လာတယ်။ ကမ္ဘာကြီး ပူနွေးလာတယ်၊ ဂေဟစနစ်တွေ သိသိသာသာ ပျက်စီးလာခဲ့တယ်လို့ ဆိုလို့ရပါတယ်။

ဒီနေရာမှာ ဆိုစရာ ပြောစရာ စလာပါပြီ။ ဂေဟစနစ်တွေ ပြောင်းလို့ သဘာဝဘေးဒဏ်တွေ ခံရလို့ ကျွန်မတို့ မြန်မာနိုင်ငံမှာ ရာသီဥတု ဆိုးရွားတဲ့ဒဏ် မချိမဆံ့ခံစားနေရတာ နှစ်ပေါင်းမနည်းတော့ပါဘူး။ ဒီတော့ ဘာကြောင့်လဲဆိုပြီး ဂေဟစနစ် ပျက်သုဉ်းခြင်းရဲ့ တရားခံကို ရှာပါတယ်။ တွေ့လည်းတွေ့ခဲ့ပါတယ်။ ကမ္ဘာနဲ့အဝှမ်း ရင်ဆိုင်နေကြရတဲ့ သစ်တောပြုန်းတီးမှုပါပဲ။ မြန်မာနိုင်ငံမှာ သစ်တောဧရိယာ (၄၈ ဒသမ ၃ ရာခိုင်နှုန်း) ဟက်တာဧကပေါင်း ၃၁၇၇၃၀၀၀ ရှိခဲ့ဖူးပါတယ်။ တစ်ချိန်တုန်းက တစ်နိုင်ငံလုံး အတိုင်းအတာအရ သစ်တောဖုံးလွှမ်းမှုဧရိယာဟာ ၄၈ ရာခိုင်နှုန်းကျော် ရှိခဲ့တဲ့အတွက် သမမျှတတဲ့ ရာသီဥတုရှိခဲ့ဖူးပါတယ်။

အပြောင်းအလဲတွေ စတင်ခဲ့တာ ၁၉၉၀ ခုနှစ်က ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ နှစ်ပေါင်းနှစ်ဆယ်ကာလအတွင်း သစ်တောဖုံးလွှမ်းမှု ဧရိယာက တစ်နှစ်ကို သုည ဒသမ ၉၅ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ပါတယ်။ ကုလသမဂ္ဂက ကောက်ယူထားတဲ့ စစ်တမ်းတွေအရ ၂၀၁၀ ခုနှစ်အထိ သစ်တောဧရိယာ ဟက်တာဧကပေါင်း ၇၄၄၅၀၀၀၊ ရာခိုင်နှုန်းအရပြောမယ်ဆိုရင် ၁၉ ရာခိုင်နှုန်း ကနေ ၂၀ ရာခိုင်နှုန်းနီးပါး လျော့ကျလာတယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတဲ့ တောကတုံး တောင်ကတုံးတွေက သစ်တောတွေ ဆိုးရွားစွာပျက်စီးခြင်းရဲ့ သက်သေတွေပါပဲ။

တစ်ဆက်တည်းမှာပဲ ဒီသစ်တော၊ အင်းအိုင်၊ မြစ်ချောင်းတွေမှာ ကုန်းနေရေနေသတ္တဝါ၊ နို့တိုက်သတ္တဝါ၊ တွားသွားသတ္တဝါနဲ့ ငှက်အမျိုးပေါင်း ၁၇၀၉ မျိုး မှီတင်းအသက်ရှင်ကြတယ်လို့ဆိုပါတယ်။ ဒီသက်ရှိ ဇီဝမျိုးစိတ်တွေထဲက ၄ ဒသမ ၇ ရာခိုင်နှုန်းဟာ မြန်မာနိုင်ငံကလွဲလို့ အခြားတိုင်းပြည်တွေမှာ မရှင်သန်နိုင်သလို ၅ ဒသမ ၉ ရာခိုင်နှုန်းဟာ အသက်ရှင်နေထိုင်ဖို့ ခြိမ်းခြောက်ခံနေရတယ်လို့ဆိုပါတယ်။

မြန်မာ့သစ်တောတွေဟာ ကာဗွန်မက်ထရစ်တန်ချိန်ပေါင်း ၁၆၅၄ သန်းကို ထိန်းသိမ်းထားပါတယ်။ သက်ရှိသက်မဲ့တွေဟာ မတည်မြဲခြင်းရဲ့ ပြယုဂ်တွေပါ။ ဒါပေမယ့် မတည်မြဲခြင်းရဲ့ နောက်ကွယ်မှာ ဘာကြောင့် မတည်မြဲသလဲဆိုတာကို ပြန်ဆန်းစစ်ဖို့လိုသလို ပျက်သုဉ်းပြီးတဲ့နောက်ပိုင်းမှာ မရှိမဖြစ် လိုအပ်တဲ့အရာတွေကို ပြန်လည်



ဖြည့်ဆည်းဖို့လိုအပ်ပါတယ်။

သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ နာဂစ်မုန်တိုင်းကြောင့် ကျွန်မတို့ မျက်စိရှေ့မှာတင် သစ်ပင်ကြီးတွေ အပင်လိုက် အမြစ်ကပါလန်ထွက်ပြီး ပျက်စီးခဲ့တာကို တွေ့ခဲ့ဖူးပါတယ်။ ဒါပေမယ့် ပျက်စီးသွားတဲ့ သစ်ပင်ကြီးတွေကို အစားထိုးဖို့ ထိထိရောက်ရောက်ပြန်လည်ကုစားတာမျိုး မရှိသလောက်ကို နည်းပါးနေခဲ့ပါတယ်။

သစ်တော သစ်ပင်နဲ့ ပတ်သက်လို့ အသိပညာရှင် အတတ်ပညာရှင်တွေက စိုးရိမ်တကြီးထောက်ပြ၊ ရှင်းပြနေတဲ့ ဆောင်းပါးတွေကိုဖတ်ရတော့ မြန်မာနိုင်ငံက သစ်တောတွေ သစ်ပင်တွေကို အရေးတကြီး ထိန်းသိမ်းဖို့ လိုနေပြီဆိုတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုဟာ လက်ရှိပုံစံအတိုင်း ဆက်သွားမယ်ဆိုရင် လာမယ့်နှစ် ၃၀ လောက်မှာ မြေဆီမြေလွှာတွေ ခန်းခြောက်ပြီး ကန္တာရဖြစ်ထွန်းသွားနိုင်တယ်လို့ သတိပေးကြပါတယ်။ ဒီလို ဆိုးဆိုးရွားရွားမဖြစ်အောင် လက်ရှိကျန်နေသေးတဲ့ အပင်တွေကို စနစ်တကျ ထိန်းသိမ်းထားဖို့လိုသလို သစ်ပင်တွေထပ်စိုက်နိုင်ဖို့လည်း လိုအပ်လာပါတယ်။

ပြုန်းတီးသွားတဲ့သစ်တောတွေကို ဥပေက္ခာပြုထားတာကတော့ ဆိုးကျိုးပေါ် ဆိုးကျိုးထပ်ဆင့်စေမယ့် အကြောင်းတရားလို့သာ ဆိုနိုင်ပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ကောင်း၏လို့ ဒီနေရာမှာ မဆိုဝံ့ပါဘူး။ ကာကွယ်ဖို့ ကုစားဖို့ အလုံးစုံ အသိပညာနဲ့ စီမံခန့်ခွဲမှုကောင်းတွေကို မဝံ့မရဲသာ မျှော်လင့်နေရလို့ပါပဲ။

တကယ်တော့ သစ်ပင်တစ်ပင်ချင်းစီဟာ ကျွန်မတို့ကို အများကြီး အကျိုးပြုပါတယ်။ သစ်ကြီးဝါးကြီးတွေ ရှိရင် အရိပ်ခိုခွင့်ရမယ်။ ဒီသစ်ပင်တွေကပဲ အိုဇုန်းလွှာကို ထိခိုက်စေတဲ့ လေထုညစ်ညမ်းစေတဲ့ အညစ်အကြေးတွေကို စုပ်ယူပေးတယ်။ သစ်ပင်မှာရှိတဲ့ အရွက်တွေဟာ အရှိန်ပြင်းပြင်းကျလာတဲ့ မိုးရေတွေကို တားဆီးပြီး ရေကြီးရေလျှံမှုကို ကာကွယ်ပေးတယ်။ သစ်ပင်ရဲ့ ပင်စည် သစ်သားတွေကလည်း ကာဗွန်ဒိုင်အောက်ဆိုက်တွေကို လေထုထဲကနေ စုပ်ယူပြီး လေထုညစ်ညမ်းခြင်းကို တစ်နည်းတစ်လမ်းနဲ့ ကာကွယ်ပေးပြန်ပါတယ်။

သစ်ပင်တစ်ပင်ထက်ပိုလာတဲ့အခါမှာတော့ သစ်တောတစ်ဧကဟာ လူ ၁၈ ယောက်အတွက် လိုအပ်တဲ့ အောက်ဆီဂျင်ကို လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီသစ်တော တစ်ဧကမှာရှိတဲ့ သစ်ပင်တွေရဲ့ တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူနှုန်းဟာ ကားတစ်စီး မိုင်ပေါင်း နှစ်သောင်းခြောက်ထောင်မောင်းလို့ ထွက်လာမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေနဲ့ ညီမျှပြန်ပါတယ်။ သစ်ပင်တစ်ပင်ရဲ့ အခြောက်အလေးချိန် တစ်ဝက်ဟာ သူတို့စုပ်ယူထားတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေလို့ဆိုကြပါတယ်။ ဒါတွေဟာ သစ်ပင်တွေရဲ့ လူသားတွေကိုတိုက်ရိုက်အကျိုးပြုမှုလို့ ဆိုလို့ရပါတယ်။ အခြားသော သက်ရှိသတ္တဝါတွေကိုလည်း သစ်ပင်တွေက သွယ်ဝိုက်ပြီးအကျိုးပြုနေပါတယ်။

မြန်မာနိုင်ငံမှာ တကယ်လက်တွေ့ သစ်ပင်စိုက်နိုင်မယ်ဆိုရင် တကယ်ဖြစ်မြောက်အောင်မြင်နိုင်တယ်ဆိုတာ ရင်ထဲက နှစ်နှစ်ကာကာ ယုံကြည်ပါတယ်။

မြို့ပြတွေမှာ အပူချိန်မြင့်တက်တာကို Heat Islands များ ဖြစ်ထွန်းခြင်းလို့ ခေါ်တဲ့အတွက် မြို့ကို အပူချိန်ထိန်းဖို့ လေသန့်စေဖို့ မြို့တွင်းမှာ အရိပ်ရသစ်ပင်တွေ စိုက်ပျိုးကြဖို့ အရေးတကြီးလိုအပ်လှပါတယ်။ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေလို လူနေထူထပ်လှတဲ့ မြို့တွေမှာ အပူချိန်ကို အတတ်နိုင်ဆုံး အမြန်ဆုံးလျှော့ချနိုင်ဖို့အတွက် သစ်ပင်စိုက်နိုင်သလောက် စိုက်ဖို့ မျှော်လင့်မိပါတယ်။

သစ်ပင်စိုက်ပျိုးခြင်းဟာ ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ ကောင်းမွန်တဲ့ လုပ်ရပ်တွေပါပဲ။ သစ်တောသစ်ပင်ကရလာတဲ့ အဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေကို နားလည်ကြသူတွေ ကျွန်မတို့နိုင်ငံမှာ နည်းလှပါသေးတယ်။

ကျွန်မတို့ ပတ်ဝန်းကျင်မှာ သစ်ပင်တစ်ပင်ခုတ်ပစ်ဖို့ ဆုံးဖြတ်ချက်လွယ်လွယ်ချတတ်သူတွေ၊ လက်မရွံ့သူတွေသာ ရှိနေခဲ့ပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စုက မူလပထမ ကန္တာရနိုင်ငံပါပဲ။ ကန္တာရဒေသကနွေရာသီနဲ့ မြန်မာနိုင်ငံက နွေရာသီ နွေကာလချင်းအတူတူမှာ ကန္တာရနွေရဲ့ အပူချိန် ၄၉ ဒီဂရီ၊ ၅၀ ဒီဂရီမှာ ကျွန်မတို့ နေနိုင် သွားနိုင် လည်ပတ်နိုင်ပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့နွေကာလအပူချိန် ၄၀ ဒီဂရီကျော်မှာ ကျွန်မ အပြင်ထွက်ဖို့ လည်ပတ်သွားလာဖို့ အခက်အခဲရှိလာပါတယ်။ တစ်ခါတလေမှာ မြန်မာနိုင်ငံရဲ့အပူချိန်ဟာ ကန္တာရတိုင်းပြည်ထက် ပိုမြင့်နေပါသေးတယ်။ အထူးသဖြင့် ရန်ကုန်မြို့မှာ နွေရဲ့အပူဒဏ်နဲ့ ကားအိတ်ဇောပိုက်တွေက ထွက်လာတဲ့ မီးခိုးငွေ့တွေကြားမှာ ပူလောင် တဲ့ဒဏ်၊ အိုက်စပ်တဲ့ဒဏ်ကို ပိုခံစားရပါတယ်။

ယူအေအီးနိုင်ငံကတော့ နိုင်ငံဖွံ့ဖြိုးလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်ကို အလေးထားလာပါတယ်။ ကန္တာရကို အိုအေစစ်ဖြစ်အောင် ငွေအများကြီးသုံးပြီး ဖန်တီးပြောင်းလဲပစ်ခဲ့ပါတယ်။ ဥတုရာသီ တောကိုမှီတယ်ဆိုတာကို ကောင်းကောင်းသိတဲ့အတွက် သဘာဝတောတန်း တောအုပ် သစ်ပင်တွေ ဝေဝေဆာဆာစိုက်ပျိုးပါတယ်။ ရာသီဥတု ဆိုးရွားနေချိန်မှာ မိုးအတုတွေရွာပြီး အပူချိန်ကို ထိန်းညှိပါတယ်။

သဘာဝတရားဟာ ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့ မရနိုင်အောင် တန်ကြေးမြင့်လှပါတယ်။ သဘာဝက ပေးထားတဲ့ လက်ဆောင်တွေရဲ့ တန်ဖိုးကို ကိုယ်ပိုင်အသိစိတ်နဲ့ တန်ဖိုးထားမြှင့်တင်တတ်ဖို့၊ လေးစားတတ်ဖို့သာလိုပါတယ်။ သဘာဝသစ်ပင် ပန်းပင်ရယ်လို့ မရှိသလောက်ရှားပါးတဲ့ ကန္တာရနိုင်ငံက အစိုးရဟာ ငွေကို ရေလိုသုံးပြီး သစ်တောသစ်ပင်တွေဖြစ်လာအောင် ပြုစုပျိုးထောင်ခဲ့ကြပါတယ်။ သူတို့ဟာ သစ်တော သစ်ပင်တွေ ရှိခြင်း၊ မရှိခြင်းနောက်ကွယ်က တန်ဖိုးစစ်စစ်ကို နားလည်ကြပါတယ်။

အစိုးရမဟုတ်၊ NGO မဟုတ်တဲ့ မေတ္တာဥယျာဉ်လို့ခေါ်တဲ့ ပရဟိတ အဖွဲ့လေးက ၂၀၁၆ ခုနှစ်ကစလို့ မြန်မာနိုင်ငံတွင်းက မြို့ကြီးတွေမှာ အရိပ်ရသစ်ပင်ကြီးတွေ စိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် ၂၀၁၇ ခုနှစ်မှာလည်း မြို့ကြီး သုံးမြို့မှာ သစ်ပင်တွေစိုက်ဖို့ ပြင်ဆင်နေတာတွေ့ရပါတယ်။ သစ်ပင်စိုက်သူတွေဟာ တစ်နိုင်တစ်ပိုင် အဖွဲ့လေးနဲ့ စိုက်တယ်ဆိုပေမယ့် နောင် ၁၀ နှစ်ဆိုရင် သစ်ပင် တစ်သိန်းလောက် ကျန်းကျန်းမာမာ ရှင်သန်လာတာကို မြင်ရမယ်လို့ ရည်မှန်းထားကြပါတယ်။

ဆယ်နှစ်အတွင်းမှာ သစ်ပင်တစ်သိန်းဆိုတဲ့ အရေအတွက်ဟာ နည်းလွန်းတယ်လို့ဆိုလို့ရပါတယ်။ ဒါပေမယ့် လုံးဝ မစိုက်ဖြစ်တာနဲ့စာရင်တော့ နာဂစ်ကာလမှာ ပျက်စီးခဲ့တဲ့ သစ်ပင်တွေကို ပြန်လည်ဖြည့်ဆည်းပေးဖို့ အနည်းအကျဉ်းတော့ အထောက်အကူပြုမှာ သေချာပါတယ်။

အခြားမြို့ကြီးတွေမှာလည်း မြို့အလိုက် လှုပ်ရှားနေတဲ့ ပရဟိတ သစ်ပင်စိုက်နေသူတွေရဲ့ ပုံရိပ်တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အားတက်သရော လုပ်ဆောင်နေသူတွေကို တွေ့ခွင့် မြင်ခွင့်ရနေပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့လည်း သစ်ပင်စိုက်လိုသူတွေကို လိုအပ်တဲ့ပျိုးပင်တွေနဲ့ နည်းပညာအကူအညီတွေ လွတ်လပ်စွာ ပံ့ပိုးနေတယ်လို့ စုံစမ်းသိရှိရတော့ သစ်ပင်စိုက်လိုသူတွေကိုယ်စား အထူးဝမ်းသာရပြန်ပါတယ်။ မိသားစုလိုက် ဒါမှမဟုတ် အဖွဲ့အစည်းအလိုက် သစ်ပင်စိုက်လိုသူတွေအနေနဲ့ နီးစပ်ရာ သစ်တောဦးစီးဌာနတွေမှာ ပျိုးပင် ပျိုးထုပ်တွေ တောင်းယူပြီး ဒီနှစ် ၂၀၁၇ ခုနှစ် မိုးဦးကာလ သစ်ပင်စိုက်ပွဲမှာ မိမိတို့တတ်နိုင်တဲ့ဘက်က လွတ်လပ်စွာ ပါဝင်ကူညီလို့ရနေပါပြီ။ အစကောင်းမှ အနှောင်းသေချာဆိုသလို သစ်ပင်မစိုက်မီနဲ့ စိုက်ပြီးကာလတွေမှာ စိုက်ပျိုးမယ့် သစ်ပင်လေးတွေ အလေအလွင့်မရှိဘဲ ရှင်သန်စေဖို့တော့ သတိထားပြီး စိုက်သင့်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ရောက်လာခဲ့ပါပြီ။ ဒီမိုကရေစီစနစ်ဆိုတာ နိုင်ငံသားတိုင်း နိုင်ငံ့အရေးကိစ္စတွေကို မြင်တတ်ကြည့်တတ်ပြီး တက်ညီလက်ညီနဲ့ ကိုယ်တိုင်ပါဝင်ပူးပေါင်းနိုင်တဲ့ စနစ်တစ်ခုပါပဲ။ ကျွန်မတို့ထက် မြင်တဲ့ သိတဲ့သူတွေက မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ပျက်စီးဆုံးရှုံးခဲ့တဲ့ သစ်ပင်တွေကို သူတို့နိုင်သလောက် အင်အားနဲ့ကွက်လပ်ဖြည့် စိုက်ပျိုးနေကြပါပြီ။

ဂျော်ဂျီယာနိုင်ငံမှာ တွေ့ခဲ့တဲ့ အသိပညာပေး ဆိုင်းဘုတ်ထဲကလို သတိပေးရမယ်ဆိုရင်တော့ သစ်တော သစ်ပင် ပျက်စီးဆုံးရှုံးခြင်းရဲ့ တရားခံတွေကို လက်ညှိုးထိုးနေရုံနဲ့ သစ်ပင်တွေ အလိုလိုပြန်မပေါက်လာနိုင်ပါဘူး။ ပျက်စီးသွားတဲ့ ဂေဟစနစ်တွေ ပြန်လည်ကောင်းမွန်လာမှာ မဟုတ်ပါဘူး။ ပျက်စီးဆုံးရှုံးခဲ့တဲ့ ကွက်လပ်တွေကို ကျွန်မတို့လက်တွေနဲ့ အချိန်မီ ပြန်ဖြည့်တတ်ဖို့က ပိုလို့ အရေးကြီးလှပါတယ်လို့ တင်ပြလိုက်ရပါတယ်။ ။

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ



**တောင်ကြီး ဇွန် ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသောကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်(ဘက်စုံ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကြီးကျင်းပဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆုရရှိသူကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ကျပန်းစကားပြောပြိုင်ပွဲအလယ်တန်းအဆင့်ဆုရရှိသူ ရှစ်ဦး၊ ပုံပြင်ပြောပြိုင်ပွဲအလယ်တန်းအောက်အဆင့် ဆုရရှိသူ ရှစ်ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရရှိသူ ရှစ်ဦး၊ စက္ကူခေါက်ပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရရှိသူ ရှစ်ဦး၊ပုံပြင်ပြောပြိုင်ပွဲ မူလတန်းအထက်အဆင့် ဆုရရှိသူ ရှစ်ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ မူလတန်းအောက်အဆင့် ဆုရရှိသူ ရှစ်ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲ မူလတန်းအဆင့် ဆုရရှိသူ ရှစ်ဦး၊ စက္ကူခေါက်ပြိုင်ပွဲ မူလတန်းအဆင့် ဆုရရှိသူ ရှစ်ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲမူကြိုအဆင့် ဆုရရှိသူရှစ်ဦးတို့အား တာဝန်ရှိသူများကဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ယင်းနောက် ပွဲတော်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အကဲဖြတ်ဒိုင်များ၊ ပန်းချီ၊ ကာတွန်းပညာရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ လာရောက်ကူညီကြသူများ၊ ပွဲတော်လာပြည်သူများအတွက် လိုအပ်ချက်များကိုကူညီဖြည့်ဆည်းပေးခဲ့ကြသည့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ရှမ်းပြည်နယ် ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်ရုံး၊ တောင်ကြီးတက္ကသိုလ်၊နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့၊ အခြေခံပညာကျောင်းများ၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ သရုပါစာကြည့်တိုက်၊ သပြေကလေးလူငယ်ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုအဖွဲ့၊ Save The Library ၊ Shanti Volunteer Association ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၊ မျက်နှာဆေးရောင်ခြယ်အဖွဲ့အာကာသနှင့် စကြဝဠာပြခန်း၊ ကမ္ဘောဇလူငယ်စာကြည့်တိုက်၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၊ဟိုပုံးမြို့နယ် နောင်တောင်းပရဟိတဘုန်းတော်ကြီးကျောင်းများ၊ တောင်ကြီးမြို့ ကိုယ်ပိုင်ကျောင်းများ၊ ကမ္ဘောဇပညာ့ရိပ်သာနှင့် အောင်ပန်းကိုယ်ပိုင်ကျောင်းများ၊ DNNA ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပညာရောင်ခြည်ကိုယ်ပိုင်ကျောင်း၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Premier Coffee၊ U Book Education Co., Ltd ၊ Galety Co., Ltd ၊Mo Asia Co., Ltd ၊ United Pharmaceutical Co., Ltd ၊ Cherry FM ၊ဖြူစင် Co., Ltd ၊ Brain Works ၊ Mega Myanmar Energy ၊Hepta Mix Creative Marketing Service နှင့် အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီး ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း၊ဓာတ်ပုံ-အောင်မင်းဟန်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ အထူးစည်ကား

**တောင်ကြီး ဇွန် ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်(ဘက်စုံ)ခန်းမ၌ ဆက်လက်ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်းတွေ့ရသည်။



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲသို့ ရှမ်းပြည်နယ်ရှိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကိုယ်ပိုင်ကျောင်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးငယ်များ၊ မိဘဆွေမျိုးများနှင့် စာပေချစ်မြတ်နိုးကြသူများသည် ပွဲတော်စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ပိတ်သိမ်းချိန်အထိ အဆက်မပြတ် ကျောင်းအလိုက်၊ မိသားစုအလိုက် လာရောက်ပြိုင်ပွဲဝင်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းအသီးသီးတို့ကို ကြည့်ရှုလေ့လာကာ စာအုပ်အရောင်းဆိုင်များမှ နှစ်သက်ရာစာအုပ်စာပေများကိုဝယ်ယူအားပေးခဲ့ကြသည်။

ကလေးစာပေပြပွဲ မြေညီထပ်တွင် ဆရာကြီးမင်းသုဝဏ်၏ စာပေမှတ်တမ်းဓာတ်ပုံများ၊ ဆရာကြီးရေးသားခဲ့သည့်ကဗျာ၊ ကလေးစာပေ၊စာအုပ်စာပေများနှင့် စာကြည့်တိုက်များမှ ပြသထားသည့်စာအုပ်များကိုကလေးများကလေ့လာဖတ်ရှုကြပြီး ပြိုင်ပွဲများဖြစ်သည့် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မျက်လှည့်နှင့်ရုပ်သေးပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊Team Building Game၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစား ခြင်း၊ အိမ်ဆောက်လုပ်နည်းကစားခြင်းတို့တွင် ရှမ်းပြည်နယ်ရှိကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့်ပွဲတော်လာရောက်သည့်ကလေးငယ်များ စိတ်ဝင်တစားပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရှမ်းပြည်နယ်ရှိအခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၂၀ ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၄၀ တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် နံနက်ပိုင်းတွင် စာပေဟောပြောပွဲအစီအစဉ်တွင် စာရေးဆရာရဲဘော်မြသိန်း(ဟိုပုံး)က "ကလေးသူငယ်များကလေးစာဖတ်ရှုရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ စာရေးဆရာခင်(တောင်ကြီး)က "စာပေထဲကကလေးသူငယ်များ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊မွန်းလွဲပိုင်းတွင် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် မောင်ခွန်နွယ်(အင်းလေး)၊ လှိုင်းနန္ဒာ(တမာမြေ)၊ ဒေါက်တာအောင်ကျော်(သွား)၊ ယွန်းဆုဝဿန်၊မြမြင့်မိုရ်တို့က "ကလေးများဘဝမြင့်မားဖို့ စာကြည့်တိုက်သော့တွေဖွင့်ကြစို့" ခေါင်းစဉ်ကို ပါဝင်ဆွေးနွေးခဲ့ကြပြီးတက်ရောက်လာကြသည့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာကြည့်တိုက်များမှ တာဝန်ရှိသူများနှင့် စာပေချစ်သူများကလည်း တက်ရောက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**သတင်း၊ ဓာတ်ပုံ- အောင်မင်းဟန်**





# မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူ သတ်ဖြတ်ခံရမှုစာရင်း(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် မေလကုန်အထိ)

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ ကျေးရွာ | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | မောင်မောင်စိုး (ခ)ရှုနာများ | ဦးရှည်ကျကျေးရွာ | ၁ | တစ်ရွာတည်းနေ ကဖားတူလလာ၏နေအိမ်တွင် ပြတ်ရှဒဏ်ရာ (၁၂)ချက်ဖြင့် သေဆုံး။ |
| ၂။ | ၅-၁၀-၂၀၁၆ | မာမက်ဘာလီ | ဦးရှည်ကျကျေးရွာ | ၁ | ပြတ်ရှဒဏ်ရာ (၁၉)ချက်ဖြင့် သေဆုံး။ |
| ၃။ | ၁၄-၁၀-၂၀၁၆ | စိစစ်ဆဲ | မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ | ၁ | မြို့သူကြီးကျေးရွာ မိုင်တိုင်အမှတ်(၁၄) လမ်းဘေး ရေမြောင်းအတွင်း လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးပုပ်ပွနေသည့် အလောင်းတစ်လောင်းအား တွေ့ရှိ။ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ဂျာမ(ခ) ဖော်မာဟူဆွန် | ဂေါ်ဒူသာရ (အနောက်) | ၁ | အမကကျောင်းအနီးတွင် လည်ပင်းပြတ်ရှ ဒဏ်ရာများဖြင့် သေဆုံး။ |
| ၅။ | ၂၀-၁၂-၂၀၁၆ | ဒုစ်မာမတ် (ခ)ရှုနာမျာ | ငါးခုရ(အလယ်)ရွာ | ၁ | သတင်းထောက်များ၏ မေးမြန်းချက်အား အမှန်တိုင်းဖြေကြားခဲ့သူဖြစ်ပြီး ဦးခေါင်းမပါ ဝဲနှင့်ယာ ပေါင်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံး။ |
| ၆။ | ၂၅-၁၂-၂၀၁၆ | ရော်ဖီ | ရေတွင်းကျွန်းကျေးရွာ | ၁ | ဝမ်းဗိုက်ထိုးသွင်း၊ လည်ပင်းထိုးသွင်း လှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံး။ |
| ၇။ | ၂၈-၁၂-၂၀၁၆ | ဆွေဒူအာမီ | လင်ဘာကုန်းနား ကျေးရွာ | ၁ | ချောင်းစပ်တွင် လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် သေဆုံး။ |
| ၈။ | ၂၀-၁-၂၀၁၇ | စွန်တာအာမတ်၊ မာမတ်ရှော်ဖီး နှင့် မာမတ်စူပိုင် | ဒိုးကုလားကျေးရွာ | ၃ | ပဒကားရွာသစ်အုပ်ချုပ်ရေးတာဝန်ခံ မာမက်နူရ်မှ ပျောက်ဆုံးကြောင်း သတင်းပို့ခဲ့။ စွန်တာအာမတ် (ဦးခေါင်း၊ ယာနား၊ နှာခေါင်း)၊ မာမတ်ရှော်ဖီး (ဦးခေါင်းနှင့် မျက်လုံး)၊ မာမတ်စူပိုင် (ဦးခေါင်းနှင့် မျက်နှာ)တို့၌ ဒဏ်ရာများ အသီးသီးဖြင့် သေဆုံး။ |
| ၉။ | ၂၈-၁-၂၀၁၇ | ဇော်ကီးအာမောက် | ပြောင်ပိုက်ကျေးရွာ | ၁ | ထောက်ပံ့ရေးပစ္စည်း ထုတ်ယူပြီးအပြန်တွင် ပုဇွန်ကန်အစပ် ရွှံ့နွံအတွင်း၌ (လည်ပင်း၊မျက်နှာ၊ နံဘေး၊ ရင်အုံ၊ ယာဒူး)ဒဏ်ရာများဖြင့် သေဆုံး။ |
| ၁၀။ | ၄-၂-၂၀၁၇ | အီဒရစ် | ဂွဆုံရွာအနီး ပုဇွန်ကန် | ၁ | ရေခတ်ချောင်းရွာရှိ မာမတ်ဆလင်၏ နေအိမ်သို့ အစည်းအဝေးတက်ရန်အတွက် အဒူဆာဒတ်နှင့် ဆိုင်ကယ်ဖြင့် သွားရောက်စဉ် လူ ၁၁ ဦးခန့်မှ ဓားဖြင့် ထိုးသတ်ခံရ၍ သေဆုံး။ |
| ၁၁။ | ၅-၂-၂၀၁၇ | မာမတ်ရှာမတ် | မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာ | ၁ | ရန်ဖြစ်ရာမှ မာမောက်ရှာမတ်က ဆိတ်ချို၊ တူဖြင့် အိုစမာန်ဆာဒက်အား ထုနှက်ခဲ့ပြီး အဒူဆလာမ်မှ မာမောက်ရှာမတ်အား အရိုးအသွား ၁၂ လက်မ ရှိ ဓားဦးချွန်ဖြင့် ထိုးသတ်ခဲ့။ |
| ၁၂။ | ၂၁-၂-၂၀၁၇ | အဒူစလင် | မောင်တောမြို့နယ် ကျားခေါင်းတောင် ကျေးရွာ | ၁ | အကြမ်းဖက်မှုဖြစ်စဉ်ကာလအတွင်း သတ်ဖြတ်ခံရပြီး အလောင်းအား ခြံဝင်းအတွင်း မြှုပ်နှံထားသည်။ |
| ၁၃။ | ၂၄-၂-၂၀၁၇ | မာမတ်ကာစိမ်း | ရွှေဇားဂုံးနားကျေးရွာ | ၁ | ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူနှင့် အတူ ဘောလုံးပွဲကြည့်ပြီးအပြန်တွင် စေတီပြင်ရွာ နှင့် ရွှေဇားဂုံးရွာကြားတွင် နူရာလောင်ပါ (၄)ဦးမှ မာမတ်ကာစိမ်းအား လည်ဂုတ်ကို ဆွဲကိုင်ပြီး ခေါ်ဆောင်သွားရာမှ ပြွန်ချောင်းစပ်တွင် လည်ပင်း၌ ပုဆိုးကွင်းစွပ်လျက် လည်ပင်း ဝဲ/ယာ ပွန်းပဲ့ ညိုမည်း၊ နှာခေါင်းနှင့် ပါးစပ်မှ အမြှုပ်ထွက် သေဆုံးနေသည်ကို တွေ့ရှိခဲ့။ |
| ၁၄။ | ၂၆-၂-၂၀၁၇ | ထွန်းသာမောင် | ကျောက်စာတိုင် (ရခိုင်)ရွာ | ၁ | ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် သူငယ်ချင်းဖြစ်သူ အောင်ကျော်စိန်နှင့်အတူ သားရေကုန်းဘောင်ရွာ အနီး တောစပ်တွင် အမည်မသိ (၃)ဦးမှ ပုဆိန်/ ဓားများဖြင့် ခုတ်သဖြင့် အောင်ကျော်စိန်တွင် ယာကျောပြတ်ရှဒဏ်ရာ၊ ထွန်းသာမောင်တွင် လည်ပင်းနှင့် ယာကျောကုန်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးခဲ့။ |
| ၁၅။ | ၂-၃-၂၀၁၇ | နူရ်ကာရင် | ကျီးကန်းပြင်ကျေးရွာ | ၁ | ၁-၃-၂၀၁၇ ရက်နေ့ ၂၄း၀၀ အချိန် ကျီးကန်းပြင်ရွာနေ ဆယ်အိမ်မှူး(ဟောင်း) နူရ်ကာရင်အား မျက်နှာဖုံးစွပ် ကျားလေးဦး(စိစစ်ဆဲ)မှ လာရောက် ခေါ်ဆောင်သွားပြီး ၂-၃-၂၀၁၇ ရက်နေ့ ၁၆း၀၀ အချိန် ရွာတောင်ဘက် လယ်ကွင်းတွင် ထိုးသွင်း/ ပြတ်ရှဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့မှု။ |
| ၁၆။ | ၅-၃-၂၀၁၇ | ဇာမာဟူဆိန်း | ဆင်အိုးပြင်ကျေးရွာ | ၁ | မတ် ၅ ရက်နေ့တွင် မောင်ကြီးတောင်ကျေးရွာ ရပ်ကွက်(၁)အနီး ချောင်းစပ်၌ ရင်ဘတ်ထိုးသွင်း ဒဏ်ရာ တစ်ချက်၊ ဦးခေါင်းနောက်စေ့၊ နောက်ကျော၊ ဝဲနားရွက်အောက်၊ ပေါင်၊ ယာလက်သူကြွယ် ပြတ်ရှဒဏ်ရာ ရှစ်ချက်ဖြင့်သေဆုံး။ |
| ၁၇။ | ၉-၃-၂၀၁၇ | မာမောက်ဆော်လီ | ဘူးသီးတောင်မြို့နယ် အထက်ကွဲကြိုမော် ကျေးရွာအုပ်စု | ၁ | မာမောက်ဆော်လီသည် ဆယ်အိမ်မှူး အဘူလာရှိန်း(၈)လာလူးနှင့်အတူ ကာဒီ(၂)ကျေးရွာသို့ ထွက်ခွာသွားခဲ့ကာ မာမောက်ဆော်လီအား မာမောက်အီနူစ်နှင့် ဆယ်အိမ်မှူး အဘူလာရှိန်း တို့ပါ ကျား(၆)ဦးမှ ဓား/တုတ်များဖြင့် ရိုက်ခုတ်ခဲ့။ |
| ၁၈။ | ၁၆-၃-၂၀၁၇ | ဆိုလီမုလ္လာ တန်ဒါများ | ပွန်တီ(မြောက်)ရွာ မောင်တော | ၂ | မတ် ၁၅ ရက်နေ့၌ တန်ဒါများသည် နွားကျောင်းထွက်ရာမှ ပျောက်ဆုံးခဲ့ပြီး မတ် ၁၆ ရက်နေ့တွင် ကားလမ်းဘေး ရေမြောင်းအတွင်း လည်ဂုတ်၊ နဖူး၊ ငယ်ထိပ်နှင့် ဝဲ/ယာနောက်စေ့ပြတ်ရှဒဏ်ရာများ ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့။ |
| ၁၉။ | ၃၁-၃-၂၀၁၇ | ရှီဗလီ | မြို့မရပ်ကွပ် ဘူးသီးတောင်မြို့နယ် | ၁ | မတ် ၂၁ ရက် ၀၉း၃၀ အချိန် ဘူးသီးတောင်မြို့နယ် မြို့မ ရပ်ကွက်နေ ရှီဗလီသည် မိကျောင်းခေါင်းဆွဲ ကျေးရွာရှိ ယောက္ခမဖြစ်သူနေအိမ်သို့သွားမည် ပြောပြီး ထွက်သွား၍ ပျောက်ဆုံးခဲ့ရာမှ မတ် ၃၀ ရက် မြစ်နားကျေးရွာအနီး ကုလားပန်ဇင်ချောင်း ရေလယ်တွင် ရှီဗလီ၏အလောင်းအား ဒဏ်ရာ များဖြင့် တွေ့ရှိခဲ့။(ပျောက်ဆုံးပြီး အသေတွေ့ရှိ) |
| ၂၀။ | ၁-၄-၂၀၁၇ | ဟာမစ်ဒူလာ | ရပ်ကွက်(၂) တင်းမေရွာ နယ်မြေ(၁၀) ဘူးသီးတောင်မြို့နယ် | ၁ | တင်းမေရွာနေ ဟာမစ်ဒူလာသည် နေအိမ်၌ အိပ်ပျော်နေစဉ် ရော်ဖီးပါ (၇)ဦးမှ မျက်နှာဖုံး အနက်များစွပ်၍ အိမ်တံခါးအား ရိုက်ချိုးဝင်ရောက်ကာ တုတ်ဖြင့်ရိုက်၊ ဓားရှည်များဖြင့် ခုတ်သဖြင့် ဒဏ်ရာများဖြင့် ဟာမစ်ဒူလာ သေဆုံးခဲ့။ |
| ၂၁။ | ၂-၄-၂၀၁၇ | အာနိုဝါရ်အာရှတ် | မောင်တောမြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက် | ၁ | နေအိမ်သို့ အမျိုးသားနှစ်ဦးက လာရောက်ခေါ်ဆောင်သွားခဲ့ရာမှ ပြန်လည်ရောက်ရှိခြင်းမရှိ၍ လိုက်လံရှာဖွေရာ (၅)ရပ်ကွက် အရှေ့ဘက် မြေပဲများစိုက်ထားသည့် လယ်ကွင်းအတွင်း အာနိုဝါရ် အာရှတ်အား ဝဲဂျိုင်းအောက်/နောက် ကျော/လက်မောင်းဒဏ်ရာ (၁၂)ချက် (ထိုးသွင်း ၅၊ ပြတ်ရှ ၇) နှင့် ယာမျက်လုံးပေါက်ထွက် ဒဏ်ရာတို့ဖြင့် သေဆုံးခဲ့။ |
| ၂၂။ | ၅-၄-၂၀၁၇ | ရှော်ဖီအူလာ | ဘူးသီးတောင်မြို့နယ် ခဲဝါကျေးရွာ | ၁ | ကလေးချင်း ရန်ဖြစ်သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ တိုင်ကြားပြီး နေအိမ်သို့ပြန်လာရာ ဦးလှဖေကြီးရွာနှင့် ခဲဝါရွာကြား လယ်ကွင်းပြင်တွင် ဇော်နာလိုပိုဒိန်(ခ)ဟာဘီ ပါ (၅)ဦးမှ ဝိုင်းဝန်းရိုက်နှက်သဖြင့် သေဆုံးခဲ့။ |
| ၂၃။ | ၈-၄-၂၀၁၇ | ရော်ဖီး | ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာ | ၁ | တစ်ရွာတည်းနေ ဂူရာဆူတင် (၄၅)နှစ်ပါ (၃)ဦးမှ ရဲဒင်းဖြင့် ခုတ်၊ ဓားနှင့် လှီးဖြတ်သတ်။ |
| ၂၄။ | ၁၈-၄-၂၀၁၇ | အာမီအာလီ | မောင်တောမြို့နယ် ဖွေယာရွာ | ၁ | နေအိမ်၌ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသူ (၁၀) ဦးခန့်မှ အိမ်အောက်သို့ဆွဲချခဲ့ပြီး ဓားများဖြင့် ထိုးခုတ်၍ သေဆုံး။ |
| ၂၅။ | ၂-၅-၂၀၁၇ | မာမတ်ဖွေယော့ | ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင် ကျေးရွာ | ၁ | နေအိမ်၌ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသော အမည်မသိလူ(၅)ဦးမှ နေအိမ်အတွင်း ဝင်ရောက်လာပြီး ဆွဲခေါ်သွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဒါးပိုင်ဆရာ ကျေးရွာ၌ ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာတို့ဖြင့် သေဆုံး။ |
| ၂၆။ | ၅-၅-၂၀၁၇ | မာမတ်အာလမ် | မောင်တောမြို့နယ် သဝင်ချောင်းကျေးရွာ | ၁ | သဝင်ချောင်းကျေးရွာအရှေ့ဘက် ကိုက် (၃၀၀) ခန့်အကွာတွင် အလောင်း(၁)လောင်း တွေ့ရှိခဲ့ပြီး အလောင်းအနီးမှ KF-7 စာသားပါ ကျည်ခွံ တစ်ခုတို့အား တွေ့ရှိ။ |
| ၂၇။ | ၅-၅-၂၀၁၇ | အာရာအူလာ | မောင်တောမြို့နယ် သဝင်ချောင်းကျေးရွာ | ၁ | အာရာအူလာသည် ဆူရာလီကျေးရွာမှအပြန်တွင် ခေါင်းဆောင်(စိစစ်ဆဲ)အဖွဲ့မှ မေယုတောင်ခြေသို့ ဖမ်းဆီးခေါ်ဆောင် သတ်ပြစ်ခဲ့။ |
| ၂၈။ | ၁၉-၅-၂၀၁၇ | နိုရူဆလာမ် | မောင်တောမြို့နယ် ကျောင်းတောင် ကျေးရွာအုပ်စု | ၁ | အနက်ရောက်ဝတ်စုံဝတ် မျက်နှာဖုံးစွပ်ထားသူ (၅၀)ဦးခန့် ဝင်ရောက်လာပြီး နိုရူဆလာမ်အား အိမ်ပေါ်မှခေါ်ထုတ်၍ နေအိမ်ရှေ့ ကိုက်(၃၀) ခန့်အကွာ လယ်ကွင်း၌ ဓားဖြင့်ခုတ်သတ်။ |
| ၂၉။ | ၂၈-၅-၂၀၁၇ | တာဟဲရ် | ဘူးသီးတောင်မြို့နယ် မီးကျောင်းခေါင်းဆွဲ ကျေးရွာ | ၁ | အင်းချောင်းဈေးရွာ တံတားအနီး၌ အမည်မသိ လူတစ်စုမှ ဝိုင်းဝန်းသတ်ဖြတ်ခဲ့သဖြင့် သေဆုံး။ |
| ၃၀။ | ၂၉-၅-၂၀၁၇ | ရှောင်ရှူးအာလောင် (ခ)ကျော်ဆွေ | မောင်တောမြို့နယ် ရေတွင်းပြင်ကျေးရွာ | ၁ | အကြမ်းဖက်အဖွဲ့ဟုယူဆရသူ (၅၀)ဦးခန့်က ဖမ်းဆီးသွားခဲ့ပြီး ဘာကူးမားတောင်ခြေတွင် ကြိုးဖြင့် ချည်နှောင်ထားပြီး လည်ပင်းပြတ်ရှ ဒဏ်ရာဖြင့် သေဆုံး။ |
| စုစုပေါင်း | | | ၃၃ ဦး | | |

❖ **ကျောဖုံးမှ**

ဇေယျာနိုင်(မကွေး)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ငြိမ်းချမ်းအောင်၊ မင်းကျော်ခန့်(ရန်ကုန်)၊ ရန်နိုင်ဦး၊ နန်းမင်းအောင်(ရှမ်း)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ချစ်လှအောင်(ဟံသာဝတီ)၊ ရန်ပိုင်စိုး(ရောဝတီ)၊ ရှေ့တန်း-အောင်သူ(ရတနာပုံ)၊ သန်းပိုင်(ချင်း)၊ စအောင်ပြည့်ကို(ရှမ်း)နှင့် အောင်ကောင်းမာန် (ရောဝတီ)တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းကို ကိုင်တွယ်မည့် နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် နည်းပြအဖွဲ့ဝင်များသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာရှဖလားခြေစစ်ပွဲသွားရောက် ယှဉ်ပြိုင်နေသောကြောင့် ဇွန် ၁၆ ရက်မှသာ ကိုင်တွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဇွန် ၅ ရက်မှ ၁၄ ရက်အထိ ပြည်တွင်းနည်းပြဆရာလေးဦးက ယာယီလေ့ကျင့်ပေးမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ၊ အာရှယူ-၂၃ ခြေစစ်ပွဲနှင့် အခြားနိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

❂ **မြန်မာ့လက်ရွေးစင်မှ**

နီဂါတာနှင့်ပွဲကိုမူ စင်ကာပူရောက် မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ ဒုတိယပွဲအဖြစ် ဇွန် ၁၃ ရက်တွင် မကာအိုအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲ ပထမပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ထားသောကြောင့် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိပြီး မကာအိုနှင့်ပွဲတွင် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ဝါရင့်ကစားသမားများအပြင် လူငယ်ကစားသမားများလည်း ပါဝင်လာခဲ့သည်။

**(သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်)**

## မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူ ဖမ်းဆီးခံရမှုနှင့် ပျောက်ဆုံးစာရင်း (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် မေလကုန်အထိ)

| စဉ် | ရက်စွဲ | အမည် | မြို့နယ်/ ကျေးရွာ | ဖမ်းဆီး/ ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၂-၁၁-၂၀၁၆ | ဝင်းမောင်သိန်း၊ ထွန်းလင်းအေး(ခ) ညီချေ၊ သိန်းကျော် | ရွက်ညိုတောင်ကျေးရွာ မောင်တောမြို့နယ် | ၃ | ဖားဝပ်ချောင်းကျေးရွာမှ ရွက်ညိုတောင်ကျေးရွာသို့ ပြန်လာစဉ် ကျေးရွာသို့ မရောက်ရှိဘဲ လမ်း၌ပျောက်ဆုံးနေခြင်းဖြစ်။ |
| ၂။ | ၁၃-၁၂-၂၀၁၆ | ဟာသီရော်မာန် | သဝန်ချောင်းမြောက်ရွာ | ၁ | ဟာသီရော်မာန်အား ဖမ်းဆီးသွားပြီး ဖမ်းဆီးခံရမှုကို တပ်နှင့်ရဲထံ သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့်မိသားစုအား ဖမ်းဆီးသတ်ဖြတ်ပစ်မည်ဟု ဖုန်းဖြင့်ခြိမ်းခြောက်ပြောဆို။ |
| ၃။ | ၂-၁-၂၀၁၇ | လာလူး | မင်းကြီးကျေးရွာ | ၁ | နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲပျောက်ဆုံး။ |
| ၄။ | ၂၂-၁-၂၀၁၇ | အီပြာဟိန်း | ဆင်သေပြင်(အရှေ့) | ၁ | နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲပျောက်ဆုံး။ |
| ၅။ | ၂၇-၁-၂၀၁၇ | ရှော်ဖီရာမောက် | ရွက်ညိုတောင်ကျေးရွာ | ၁ | နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲပျောက်ဆုံး။ |
| ၆။ | ၂၇-၁-၂၀၁၇ | ဆွေဒုပ်အာမိန် | မျောချောင်းကျေးရွာ | ၁ | မိသားစုနှင့်အတူ အိပ်နေစဉ် အမျိုးသားလေးဦးမှ ထရံအားဖြဲ၍ တုတ်ဖြင့်ရိုက်ပြီး ဖမ်းဆီးခေါ်ဆောင်။ |
| ၇။ | ၁၂-၃-၂၀၁၇ | မာမတ်ရှော်ဖီး | စဉ်တောင်ကျေးရွာ မောင်တောမြို့နယ် | ၁ | မတ် ၁၂ ရက်နေ့တွင် မာမတ်ရှော်ဖီးသည် ဖုန်းလာ၍စကားပြောပြီး ရွာထဲသို့ ထွက်သွားရာမှ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပြီး ၎င်းသည် ကျေးရွာသို့ တပ်မတော်စစ်ကြောင်းများ လာရောက်သည့်အခါကူညီပေးသူဖြစ်၍ မသင့်မြတ်သူများမှ ဖမ်းဆီးထားနိုင်။ |
| ၈။ | ၃၀-၃-၂၀၁၇ | ယာယာ | မောင်တောမြို့နယ် ရွက်ညိုတောင်ကျေးရွာ | ၁ | ရေတွင်းကျွန်းကျေးရွာသို့ အလည်သွားရာ ပြန်လည်ရောက်ရှိလာခြင်းမရှိ။ |
| ၉။ | ၃၁-၃-၂၀၁၇ | နူမာမောက် | မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာ | ၁ | မိသားစုနှင့်အတူ အိမ်၌ အိပ်နေစဉ် မျက်နှာဖုံး ဝတ်ဆင်ထားသော လူ ၁၅ ဦးခန့်က အိမ်နောက်ဘက် ဝါးထရံအားဖျက်၍ ဝင်ရောက်လာပြီး နူမာမောက်အား ဖမ်းဆီးခေါ်ဆောင်သွား။ |
| ၁၀။ | ၁-၄-၂၀၁၇ | အဒူလာဟာဒူလာမီ၊ ရှောင်ရှုအာလောင်နှင့် အယ်ဇာဟူဆောင်း | မောင်တောမြို့နယ် သက်ကိုင်ညာကျေးရွာ | ၃ | တုတ်၊ ဓားများကိုင်ဆောင်ပြီး ခေါင်းစွပ်အမည်း ဝတ်ဆင်ထားသူ ၃၀ ဦးခန့်မှ နေအိမ်ထရံအားဖျက်၍ အိမ်အတွင်းဝင်ရောက်ကာ ဖမ်းဆီးခေါ်ဆောင်သွား။ (အီဘရာဟိန်းအား ကြိုးတုပ်လျက်ပြန်လည်တွေ့ရှိ) |
| ၁၁။ | ၁၀-၄-၂၀၁၇ | မော်ဖီးအာလောင် | မောင်တောမြို့နယ် ကွမ်းသီးပင်ကျေးရွာ | ၁ | နေအိမ်နှင့် ကိုက် ၅၀၀ ခန့်အကွာရှိ ပုစွန်ကန်သို့ ငါး/ပုစွန်ဖမ်းရန် ထွက်သွားရာ ပြန်ရောက်မလာ။ |
| ၁၂။ | ၁၇-၄-၂၀၁၇ | မာမတ်တာလောင်(ခ)ဇော်လှိုင် | ကြိမ်ချောင်းတောင်ကျေးရွာ မောင်တောမြို့နယ် | ၁ | ဆိုင်ကယ်ဖြင့် ဂျက်ချောင်းကျေးရွာသို့ ဈေးဝယ်ရန်သွားရောက်စဉ် မြာဇင်ကျေးရွာ ဗလီလမ်းဆုံတွင် လူနှစ်ဦး (စိစစ်ဆဲ)မှ ဖမ်းဆီးခေါ်ဆောင် သွား။ |
| ၁၃။ | ၂၉-၄-၂၀၁၇ | ဦးအောင်မြကျော်၊ ဦးမောင်အေးသာ | ရသေ့တောင်မြို့နယ် ကျောက်စာတိုင်ကျေးရွာ | ၂ | မေယုတောင်ရိုးများသို့ ခရုရှာဖွေရန် ရိက္ခာသုံးရက်စာဖြင့် ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိ။ |
| ၁၄။ | ၁၉-၅-၂၀၁၇ | မိုဇီရာမန် | မောင်တောမြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စု | ၁ | အနက်ရောင်ဝတ်စုံဝတ် မျက်နှာဖုံးစွပ်ထားသူ ၅၀ ဦးခန့်က ဂန္ဓာရုံးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။ |
| စုစုပေါင်း | | | ၁၉ ဦး | | |

## Global GAP လက်မှတ်ရ PRIME Agri Ltd သတင်းစာရှင်းလင်း

**တောင်ကြီး ဇွန် ၄**

ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့အနီးတွင် ခေတ်မီ Green House နည်းစနစ်ဖြင့် စိုက်ပျိုးပြီး Global GAP လက်မှတ်ရရှိထားပြီးဖြစ်သည့် PRIME စိုက်ပျိုးရေးခြံ၏ စိုက်ပျိုးရေးထုတ်ကုန်များနှင့်ပတ်သက်ပြီး လွှတ်တော်ရေးရာကော်မတီနှင့်တာဝန်ရှိသူများ၊ သတင်းမီဒီယာများအား ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါ စိုက်ပျိုးရေးခြံ၌ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးစိုင်းလုံကျော်၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီး ဦးမင်းသစ်နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် သတင်းမီဒီယာအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ PRIME Agri Ltd မှ CEO မစ္စတာကင်နက်ကျော်ရှိန်နှင့် ဒါရိုက်တာ မစ္စတာဒင်နီရယ်တို့က PRIME FARM မှ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် သီးနှံအမည်များနှင့် စိုက်ပျိုးထုတ်လုပ်ပုံနည်းစနစ်များအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်တို့က သိရှိလိုသည်များကို မေးမြန်းပြီး စိုက်ပျိုးရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေး၊ စီးပွားလည်းရှာ နည်းပညာလည်းဖြန့်ဝေပေးရေး၊ ဒေသခံများမှ ယုံကြည်မှုရှိလာစေရေးစသည်ဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ PRIME Agri Ltd မှ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု သိမ်ကုန်းဘုန်းတော်ကြီးကျောင်းတွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး GAP (Good Agricultural Practice) အသိအမှတ်ပြုလက်မှတ်ရ တောင်သူ ၉၇ ဦးအား အသိအမှတ်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**



## မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဒုတိယအကြိမ်ညီလာခံ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၄**

ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ကာကွယ်စောင့်ရှောက်နိုင်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်ရှိ လုပ်ငန်းကော်မတီဝင်များညီလာခံကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ယနေ့ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မူဝါဒလုပ်ငန်းစဉ်များနှင့် ကိုက်ညီပြီး ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အခကြေးငွေမရသော ပရဟိတသမားများအနေဖြင့် မိမိတို့၏ အချိန်၊ လုပ်အားများကို အများပြည်သူအတွက် အသုံးပြုကြရသူများ ဖြစ်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ကြုံတွေ့နေရသော နိုင်ငံတစ်ခုဖြစ်ပြီး ခံနိုင်ရည်စံနှုန်းမြင့်တင်ရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကြိုတင်သတိထားရှိမှုများကြောင့် ပြီးခဲ့သည့် မာရသာ၊ မိုရာဆိုင်ကလုန်း မုန်တိုင်းများ၏ ဖြစ်စဉ်တွင် အသက်အန္တရာယ်ထိခိုက်မှု မရှိသလောက်နည်းပါးခဲ့သည်ကို သတိပြုမိကြမည်ဟု ယုံကြည်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်မီးရရှိမှု အခက်အခဲများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်ပေါ်စေလျက်ရှိပြီး တိုးတက်ကောင်းမွန်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ရာတွင် ပြည်သူနှင့် နီးကပ်လျက်ရှိသောလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်း၊ နယ်ပယ်များ ဖော်ထုတ်ပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် အားလုံးပါဝင်ဆောင်ရွက်သော သဘာဝဘေးစီမံခန့်ခွဲမှုတစ်ရပ်ဖြစ်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်၏ ဩဝါဒါစရိယဆရာတော်များ၊ နာယကများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဆွေးနွေးပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများအရ သန့်စွမ်းသော သက်ကြီးရွယ်အိုအချင်းချင်း ကူညီပူးပေါင်းဆောင်ရွက်သော ဝင်ငွေရလုပ်ငန်းများ အကောင်အထည်ဖော်ရန် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော ပြင်ဦးလွင်မြို့နယ် နောင်လိုင်စံပြကျေးရွာရှိ ရွှေလဝန်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၏ရိပ်သာသို့ရောက်ရှိပြီး အသင်းဝင် သက်ကြီးရွယ်အိုများနှင့်တွေ့ဆုံကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ကျေးရွာ ၁၁ ရွာရှိအဖွဲ့ခွဲများသို့ အလှူငွေများထောက်ပံ့ပေးအပ်ခြင်းနှင့် အသင်းဝင် သက်ကြီးရွယ်အိုများ၏ တစ်ပိုင်တစ်နိုင် စိုက်ခင်းများကိုလည်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

**(သတင်းစဉ်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဇွန် ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၂၄ ရက် နံနက် ၁၀ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ ရှင်းလင်းခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က အဖွင့်အမှာစကားပြောကြားပြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မင်းစံက လက်ရှိ ကမ္ဘာကြီးမှာ ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့နေရခြင်းသည် သတိပေးနေခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်အား ဆက်လက်မထိန်းသိမ်းပါက ပိုမိုဆိုးရွားသွားမည်ဖြစ်ကြောင်း၊ ၎င်းကိုကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို အထူးအလေးထား ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ဥပမာ တရားမဝင်သစ်ခိုးထုတ်နေမှုများ၊ မြစ်ချောင်းများအတွင်း တရားမဝင် ကျောက်စလစ်၊ သဲ၊ ရွှေထုတ်ယူတူးဖော်မှုများနှင့် အလွန်အမင်း မီးခိုးထွက်သည့် စက်ရုံ၊ အလုပ်ရုံများ ပါဝင်ကြောင်း၊ ရာသီဥတုသည် သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်သက်ဆိုင်နေ၍ လူတိုင်းတွင် တာဝန်ရှိပါကြောင်းနှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဌာနများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီအောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးအောင်က ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးခိုင်ထွန်းက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငြိမ်းချမ်းရေးဟာ အင်မတန်အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှုလည်း မရှိဘူး။ လုံခြုံရေးလည်းမရှိဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးက အဓိကဖြစ်ပါတယ်။

ရုရှားနိုင်ငံသံအမတ်ကြီး
မစ္စတာ နီကိုလေး အေ လစ်တိုပါးဒေါ့ဗ်



**မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုလေး အေ လစ်တိုပါးဒေါ့ဗ်နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်-**

**မေး။ ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ဆက်ဆံမှုဟာ နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါးရှိနေပြီဖြစ်ပါတယ်။ အခုလိုမျိုး နှစ်ပေါင်းကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့တဲ့ နှစ်နိုင်ငံအကြား ဆက်ဆံရေးအတွက် အဓိကကျတဲ့အချက်တွေက ဘာတွေလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ရုရှား-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်တာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ နှစ်ပေါင်း ၇၀ ပြည့်တော့မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ရှေ့နှစ်မှာ နှစ်ပတ်လည်နေ့ကို ကျွန်တော်တို့ ဂုဏ်ပြုပါမယ်။ ကျွန်တော်တို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကမကထပြုခဲ့ပါတယ်။ အဲဒါကို ကျွန်တော်တို့ တန်ဖိုးထားပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးဆိုရင် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးမျိုးဖြစ်ပါတယ်။ နှစ်နိုင်ငံကြားမှာ မဖြေရှင်းတဲ့ ပြဿနာတွေ၊ ပဋိပက္ခတွေ၊ အခက်အခဲတွေ ဘာမှမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝမ်းသာပါတယ်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအကြောင်း ပြောရင် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးကို နယ်ပယ်အသီးသီးမှာ တိုးတက်စေဖို့ များစွာကြိုးစားနေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနဲ့ ကာကွယ်ရေးနယ်ပယ်မှာ၊ တခြားနယ်ပယ်အသီးသီးမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးခိုင်မြဲဖို့ များစွာအလေးပေးပါတယ်။ ပဓာနလည်းထားပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဟာ အင်မတန်အရေးကြီးပါတယ်။ လွန်ခဲ့တဲ့နှစ် မေလမှာ နှစ်နိုင်ငံ သမ္မတကြီး နှစ်ဦးက ရုရှားနိုင်ငံမှာတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကို အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတွေ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပါတယ်။ ကောင်းတဲ့ရလဒ်တွေကို ရပါတယ်။

ပုဂ္ဂိုလ်ရေးအရဆိုရင် ခင်မင်ပါတယ်။ နောက်လွန်ခဲ့တဲ့နှစ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆာဂျီလက်ဗရော့ဗ်တို့ လာအိုနိုင်ငံမှာ တွေ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ဆွေးနွေးခဲ့ပါတယ်။ အဲဒါကို ကျွန်တော်တို့ တန်ဖိုးထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ခေါင်းဆောင်ကြီးအချင်းချင်း အပြန်အလှန်လေးစားမှုနဲ့ နားလည်မှု၊ ယုံကြည်မှုရှိပါတယ်။ နှစ်နိုင်ငံဆက်ဆံရေး အခြေခံတစ်မျိုးလည်းဖြစ်ပါတယ်။ အနာဂတ်မှာလည်း နိုင်ငံရေးနယ်ပယ်မှာ နှစ်နိုင်ငံဆက်ဆံရေး ပိုပြီးတိုးမြှင့်စေဖို့၊ ခိုင်မြဲစေဖို့ အသင့်ရှိပါတယ်။ ဆန္ဒလည်းရှိပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်တွေကြားမှာ အင်မတန်ကောင်းတဲ့ ရင်းနှီးတဲ့ဆက်ဆံရေးတွေ ထူထောင်နိုင်ပါတယ်။ ရုရှား-မြန်မာ ပြည်သူပြည်သားများအချင်းချင်း အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် အဲဒါကိုလည်း တန်ဖိုးထားပါတယ်။

**မေး။ အစိုးရသစ်လက်ထက်မှာ သံအမတ်ကြီးအနေနဲ့ ဘယ်အချက်တွေက ပြောင်းလဲသွားတယ်၊ ဘယ်အချက်တွေ ပိုပြီးတိုးတက်လာတယ်လို့ မြင်မိပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံကို သံအမတ်ကြီးအဖြစ် ကျွန်တော်ရောက်တာ ကိုးလလောက်ရှိပြီ။ ဒါပေမယ့် ဒါက ပထမဆုံးအခေါက် ရောက်တာမဟုတ်ပါဘူး။ တတိယအကြိမ်ဖြစ်ပါတယ်။ ပထမတစ်ခေါက် မြန်မာနိုင်ငံကို ၁၉၈၂ ခုနှစ်က ရောက်ခဲ့တယ်။ ၁၉၈၆ ခုနှစ်၊ ၁၉၉၄ ခုနှစ်တုန်းက သံတမန်အမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ခေတ်အဆက်ဆက်က အတွေ့အကြုံတွေလည်း ကျွန်တော့်မှာ အများကြီးရှိပါတယ်။

လွန်ခဲ့တဲ့နှစ် ဩဂုတ်လက မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခိုက် အံ့သြခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြောင်းအလဲတွေ တော်တော်များများရှိပါတယ်။ စီးပွားရေးနဲ့ လူမှုရေးနယ်ပယ်မှာ အောင်မြင်မှု၊ တိုးတက်မှု တော်တော်များများရှိပါတယ်။ အထူးသဖြင့် မြို့ကြီးမြို့ပြတွေရော၊ ရန်ကုန်မှာလည်း ကောင်းတဲ့ အပြောင်းအလဲတွေ၊ တိုးတက်မှုတွေလည်း တော်တော်များများရှိတယ်။ အဆောက်အအုံအသစ်တွေလည်း များများဆောက်နိုင်ပါတယ်။ တခြားမြို့ကြီးတွေမှာလည်း အဲဒီလိုပါပဲ။ ဒါကြောင့်မို့လို့ အခုမြန်မာနိုင်ငံမှာလည်း ပြောင်းလဲတာ တော်တော်များများရှိပါတယ်။ တိုးတက်မှုလည်း အများကြီးရှိပါတယ်။

မြန်မာလူမျိုးတွေဟာ စိတ်ထား သိပ်တော့မပြောင်းဘူး။ အရင်ပုံစံလိုပဲ မြန်မာတွေ ယဉ်ကျေးတယ်။ ချစ်ကြည်တယ်။ ဖော်ရွေတယ်။ သဘောထားကြီးတယ်။ သဘောကောင်းတယ်။ ဒါတွေကို ကျွန်တော်ကိုယ်တိုင်တွေ့ပါတယ်။ မြင်ပါတယ်။ အရင်လိုပါပဲ။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ရဲ့ ပြောင်းလဲတာတွေ တော်တော်များများရှိပါတယ်။ အဲဒါကို ကျွန်တော်တို့ ဂုဏ်ပြုပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေလည်း တော်တော်များများရှိပါတယ်။ ဒါကလည်း သဘာဝကျပါတယ်။ မြန်မာနိုင်ငံပြည်သူပြည်သားတွေအနေနဲ့ ဒီအခက်အခဲတွေ အားလုံးကို အောင်မြင်စွာကျော်လွှားနိုင်မယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

**မေး။ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ လေးငါးနှစ်အတွင်း ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မိမိတို့တိုင်းရင်းသားတွေ အချင်းချင်း ပိုပြီးတော့ရင်းနှီးဖို့၊ ပိုပြီးတော့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ဖော်ဆောင်နေတာရှိပါတယ်။ သံအမတ်ကြီးအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်မှာ ဘယ်လောက်အထိ တိုးတက်မှုရှိလဲလို့ ထင်မြင်မိပါသလဲ။**

ဖြေ။ ငြိမ်းချမ်းရေးဟာ အင်မတန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှုလည်း မရှိဘူး။ လုံခြုံရေးလည်းမရှိဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးက အဓိက ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက အဲဒီပြဿနာကို ဦးစားပေးတာကို တွေ့မြင်ပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကို ကျွန်တော် မြန်မာနိုင်ငံရောက်ရောက်ချင်း သွားတက်ရောက်ခဲ့ပါတယ်။ အဲဒီတိုက်ဆိုင်မှုဟာ အင်မတန်ကောင်းပါတယ်။ နိမိတ်ကောင်းတယ်လို့လည်းထင်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ ပထမအစည်းအဝေးကိုလည်း တက်ဖူးပါတယ်။ မိန့်ခွန်းတွေကိုလည်း နားထောင်ပါတယ်။ အခု မေလ ၂၄ ရက်နေ့က ကျင်းပတဲ့ ဒုတိယအစည်းအဝေးကိုလည်း တက်ခဲ့ပါတယ်။ အဲဒါလည်း သိပ်ကောင်းပါတယ်။

အားလုံးရဲ့ပါဝင်မှုလည်း အရေးကြီးပါတယ်။ ဒါကြောင့် အဲဒီနယ်ပယ်မှာ ငြိမ်းချမ်းရေးရရှိဖို့ အောင်မြင်ဖို့လည်း တော်တော်များများရှိပါတယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ တော်တော်များများ ရှိပါတယ်။ ဒါပေမယ့် အဲဒီပြဿနာတွေအားလုံးကို ကျော်လွှားနိုင်ပါမယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။ ခိုင်မာတဲ့ငြိမ်းချမ်းရေး ရရှိနိုင်ဖို့ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုလည်း အင်မတန်အရေးကြီးပါတယ်။

အစိုးရ၊ တပ်မတော်၊ လက်နက်ကိုင်အဖွဲ့၊ တိုင်းရင်းသားတွေ၊ အဖွဲ့အစည်းတွေကြားမှာ နားလည်မှုနဲ့ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု ရရှိဖို့ကလည်း အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်မို့ အမျိုးသားရင်ကြားစေ့ရေးလည်း အင်မတန်အရေးကြီးတယ်လို့ ယူဆမိပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကျွန်တော်တို့နိုင်ငံက အပြည့်အဝထောက်ခံပါတယ်။ ဒါကြောင့်မို့ အဲဒီငြိမ်းချမ်းရေးကို လျှောက်လှမ်းတဲ့လမ်းကြောင်းဟာ အောင်မြင်မှု မုချရမယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။ အားလုံးကလည်း ငြိမ်းချမ်းရေးရဖို့၊ နောင်မှာ လက်နက်ကိုင်ပဋိပက္ခထပ်မဖြစ်ဖို့ ဆန္ဒလည်းရှိရပါမယ်။ အပြန်အလှန်စေ့စပ်ညှိနှိုင်းမှုကလည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပေါင်း ၇၀ လောက်နီးပါး မြန်မာနိုင်ငံဟာ ငြိမ်းချမ်းမှုမရှိခဲ့ပါဘူး။ ဒါကြောင့်မို့ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာ တိုးတက်မှုရှိသင့်သလောက် မရှိခဲ့ပါဘူး။ အဲဒါက ဝမ်းနည်းစရာကောင်းပါတယ်။

ဒါကြောင့် အစိုးရက အဲဒီပြဿနာကို ပဓာနထားတာကို ကျွန်တော်တို့ များစွာချီးကျူးပါတယ်။ ကျွန်တော်တို့ ရုရှားဖက်ဒရေးရှင်းပြည်ထောင်စုနိုင်ငံဆိုရင် တိုင်းရင်းသားမျိုးစုံ နေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံ၊ ဘာသာမျိုးစုံ ကိုးကွယ်ကြတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ညီညွတ်ရေးက ဘာလို့အရေးကြီးသလဲဆိုတာ ကျွန်တော်တို့ ကောင်းကောင်းနားလည်ပါတယ်။ အခု မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ အခက်အခဲ ပြဿနာတွေကို ကောင်းကောင်းနားလည်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အားလုံးက ဥမကွဲသိုက်မပျက်နဲ့ ညီညီညွတ်ညွတ် နေထိုင်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံအတွက် အင်အားကောင်းတဲ့တပ်မတော် မရှိမဖြစ်လိုပါတယ်။ ဒါကြောင့်မို့ ရုရှားနိုင်ငံရဲ့ အကောင်းဆုံး စစ်တက္ကသိုလ်တွေမှာ မြန်မာ့တပ်မတော်က ပညာတော်သင် စုစုပေါင်း ၆၀၀၀ လောက် တက္ကသိုလ်ဘွဲ့ရပြီး ဖြစ်ပါတယ်။ တချို့က ဘွဲ့လွန်သင်တန်း၊ ဒေါက်တာဘွဲ့ရတာတွေလည်း ရှိပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံမှာ ပညာသင်ယူနေတဲ့ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ ၆၀၀ ကျော်ရှိပါတယ်။ အကျိုးကျေးဇူးအများကြီးရှိပါတယ်။ လူသားအရင်းအမြစ်ဆိုတာကလည်း အဓိကတန်ဖိုးဖြစ်ပါတယ်။

နောက် လေယာဉ်ပျံတွေ၊ ရဟတ်ယာဉ်တွေ၊ တခြားကာကွယ်ရေးအတွက် အသုံးပြုနိုင်ဖို့ လက်နက်တွေကို ရောင်းပါတယ်။ ကာကွယ်ရေးနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ အဲဒါလည်းအရေးကြီးပါတယ်။ နှစ်နိုင်ငံအစိုးရတွေအကြား၊ တပ်မတော်နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်ရေး တိုးတက်နေပါတယ်။ အနာဂတ်မှာလည်း တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖို့ ဆန္ဒရှိပါတယ်။

**မေး။ ရုရှားနဲ့ မြန်မာနိုင်ငံအကြားမှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိချင်ပါတယ်။**

ဖြေ။ စီးပွားရေးနယ်ပယ်ကလည်း အင်မတန်အရေးကြီးပါတယ်။ နှစ်နိုင်ငံသမိုင်းကိုကြည့်ရင် ရုရှား၊ ဆိုဗီယက်အကူအညီနဲ့ စီမံကိန်းတချို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာ ရန်ကုန်အင်းစိန် စက်မှုတက္ကသိုလ် တည်ဆောက်ခဲ့ပါတယ်။ အင်းယားလိတ်ဟိုတယ်တည်ဆောက်ခဲ့ပါတယ်။ အခုထိလည်း ဟိုတယ်က နာမည်ကြီးပါတယ်။ တောင်ကြီးမြို့မှာ စဝ်စံထွန်းဆေးရုံ တည်ဆောက်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာဆိုရင် ကြက်မောက်တောင်ဆည်လည်း တည်ဆောက်ခဲ့ပါတယ်။

အခု စဝ်စံထွန်းဆေးရုံကို အကူအညီပေးဖို့ရှိပါတယ်။ တောင်ကြီးမြို့နားမှာရှိတဲ့ သံမဏိစက်ရုံကို တည်ဆောက်နေတာ ပြီးလုနီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ နှစ်နိုင်ငံ အခြားစီမံကိန်းတွေကိုလည်း အကောင်အထည်ဖော်ဖို့ အသင့်ရှိပါတယ်။ ဥပမာအားဖြင့် တချို့ ရုရှားကုမ္ပဏီတွေက ရေနံရှာဖွေရေးလုပ်ငန်းမှာ တက်တက်ကြွကြွ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံဟာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ သံယဇာတနယ်ပယ်မှာ တော်တော်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေပါတယ်။

အခြား စက်ရုံတွေကိုလည်း ကျွန်တော်တို့ ထပ်တိုး တည်ဆောက်နိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီး တော်တော်များများကို ထုတ်လုပ်နိုင်ပါတယ်။ ရုရှားနည်းပညာကိုအသုံးပြုပြီး နှစ်ဖက်စလုံး အကျိုးရှိနိုင်လိမ့်မယ်လို့ ကျွန်တော် ယူဆမိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ စီးပွားရေးနယ်ပယ်မှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်စေဖို့ အလားအလာအခွင့်အလမ်းတွေ တော်တော်များများရှိပါတယ်။ ဒါကြောင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ အချင်းချင်းဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုတွေ ထူထောင်နိုင်ဖို့ များစွာကြိုးစားနေပါတယ်။

**မေး။ လွန်ခဲ့တဲ့ လေး၊ ငါးနှစ်အတွင်းမှာ ရုရှားနိုင်ငံ အစိုးရဟာ အာရှနိုင်ငံတွေနဲ့ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ယခုလက်ရှိမှာ ရုရှားနဲ့ မြန်မာနိုင်ငံကြားမှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ဘယ်အဆင့်လောက်မှာ ရှိပါသလဲ။**

ဖြေ။ ရုရှားနိုင်ငံဟာ နိုင်ငံကြီးဖြစ်ပါတယ်။ တစ်ပိုင်းက ဥရောပတိုက်မှာရှိပြီး အများစုက အာရှတိုက်မှာရှိပါတယ်။ ဒါကြောင့် အရှေ့တောင်အာရှ၊ အရှေ့အာရှဒေသမှာရှိတဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်မှု တိုးမြှင့်စေဖို့ ကြိုးစားပါတယ်။ လွန်ခဲ့တဲ့နှစ်က ရုရှား-အာဆီယံ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ အာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်ဖို့ ကျွန်တော်တို့ ခေါင်းဆောင်တွေက ဆုံးဖြတ်ချက်ချပါတယ်။ နိုင်ငံရေးတွေလည်းပါတယ်။ စီးပွားရေးလည်းပါတယ်။ ကာကွယ်ရေးလည်းပါတယ်။ နယ်ပယ်အသီးသီး ပါပါတယ်။

ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်မှုရရှိဖို့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့က ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ လုံခြုံရေးတည်ငြိမ်မှုတွေရအောင် တိုးပြီး ကြိုးစားနေပါတယ်။ နိုင်ငံတကာ မျက်နှာစာ၊ နိုင်ငံတကာပြဿနာတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ရပ်တည်ချက်တွေ ကိုက်ညီပါတယ်။ တူညီပါတယ်။

အထူးသဖြင့် အင်မတန်အရေးကြီးတဲ့ပြဿနာဖြစ်တဲ့ နိုင်ငံတကာအကြမ်းဖက်မှုကို ကျွန်တော်တို့ လုံးဝလက်မခံဘူး။ ဒါကြောင့် အဲဒီအကြမ်းဖက်မှုကို ကျွန်တော်တို့ ရှုတ်ချပါတယ်။ လုံးဝလက်မခံပါဘူး။ ဒါကြောင့် ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ပါတယ်။ နောက် ကျွန်တော်တို့က ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို လေးစားပါတယ်။ အခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စ ဝင်ရောက်စွက်ဖက်မှုကို လုံးဝမလိုလားပါဘူး။

ဥပမာအားဖြင့်ဆိုရင် လာမယ့် နိုဝင်ဘာလမှာ နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပပါမယ်။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီး တက်ရောက်ပါမယ်။ အစည်းအဝေးမှာ သက်ဆိုင်တဲ့ကိစ္စတွေကို ဆွေးနွေးတိုင်ပင်ပါမယ်။ နောက် အရှေ့တောင်အာရှနိုင်ငံတွေမှာ စီးပွားရေးနဲ့ ကုန်သွယ်ရေးနယ်ပယ်တွေမှာ တိုးပြီး ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး အကြံပေးစကား ပြောချင်ပါသလဲ။**

ဖြေ။ ရုရှားနိုင်ငံဟာဆိုရင် ပြည်ထောင်စုနိုင်ငံ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုံရှိပါတယ်။ အများအားဖြင့် ကျွန်တော်တို့ ငြိမ်းချမ်းစွာအတူ နေထိုင်နိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ ရုရှားနိုင်ငံရရှိထားတဲ့ အတွေ့အကြုံတွေကို ရနိုင်ပါမယ်။ ငြိမ်းချမ်းရေးရရှိဖို့၊ တကယ့်ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ကိစ္စဆိုရင် ပြည်တွင်းရေးက အရေးကြီးပါတယ်။ ဒါကြောင့် မြန်မာပြည်သူပြည်သားတွေအပေါ် မူတည်ပါတယ်။ မြန်မာပြည်သူပြည်သားတွေက မြန်မာနိုင်ငံအတွက် ဘာကောင်းလဲ၊ ဘာမကောင်းဘူးလဲ သိပါတယ်။

အစိုးရကလည်း ပိုသိပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေအရ ဘယ်စနစ် အကောင်းဆုံးလဲဆိုတာ သိပါတယ်။ ကျွန်တော်ပြောတဲ့အတိုင်း ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှုမပြုလိုပါဘူး။ တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှမှု ရှိကို ရှိရမယ်။ နောက် မျှတမှုလည်းရှိရပါမယ်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အားလုံး တန်းတူညီမျှမှု ရှိရမယ်။ တန်းတူညီမျှမှုနဲ့ ညီမျှမှုကိုအခြေခံပြီး ခိုင်မာတဲ့ ဖက်ဒရယ်နိုင်ငံကို ထူထောင်နိုင်ပါမယ်လို့ ယူဆမိတယ်။

မြန်မာပြည်မှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း အမျိုးမျိုးရှိပါတယ်။ ဒါကြောင့် အဖွဲ့အစည်းအချင်းချင်း နားမလည်မှုလည်းရှိပါတယ်။ အကျိုးစီးပွားလည်း တစ်ခါတလေ မတူပါဘူး။ အကျိုးစီးပွားတွေကို အဖွဲ့အစည်းတိုင်းရင်းသားတွေအားလုံး သဟဇာတဖြစ်စေအောင် ကြိုးစားဖို့လည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတ အင်မတန်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ သဘာဝအရဆိုရင် အင်မတန်လှပတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေ အကုန်လုံး ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ပါမယ်။ အခုလည်း ကောင်းတဲ့နမူနာတွေလည်း တော်တော်များများရှိပါတယ်။ အများအားဖြင့် နယ်စပ်ဒေသတချို့မှအပ မြန်မာနိုင်ငံမှာဆိုရင် ငြိမ်းချမ်းမှုရှိပါတယ်။ လုံခြုံမှုလည်းရှိပါတယ်။ တည်ငြိမ်မှုလည်းရှိပါတယ်။ ဒါပေမယ့် တစ်ပြည်လုံး၊ တစ်ပြည်ထောင်စုလုံးမှာ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးရရှိဖို့လည်း အရေးကြီးပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဟာ တကယ့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အောင်မြင်စွာထူထောင်တည်ဆောက်နိုင်မယ်လို့ ကျွန်တော်က ယူဆမိပါတယ်။

**ကျေးဇူးတင်ပါတယ် သံအမတ်ကြီး။ ။**

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**



ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ကားလမ်းပေါ်တွင် ရေလျှံနေသည်ကို တွေ့ရစဉ်။ တင်မောင်ဦး(အလုံ)



ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ငုဝါလမ်းတွင် ဇွန် ၄ ရက် ညနေ ၃ နာရီခန့်က မိုးရွာသွန်းမှုကြောင့် ငုဝါလမ်းတစ်လျှောက်ရေကြီးရေလျှံနေသည်ကို တွေ့မြင်ရစဉ်။ တင်မောင်ဦး(အလုံ)

❍ ရှေ့ဖုံးမှ

ကန်ထရိုက်စနစ်ဖြင့် တိုင်းဒေသကြီးအစိုးရမှလုပ်ဆောင်ပေးခဲ့သည်။ ယခုနှစ်မေလအတွင်းတွင်လည်း ရေထိန်းတံခါးရှိသော ကျုံးကြီးမြောင်း ဆယ်ယူရှင်းလင်းခြင်းကို မြို့တော်စည်ပင်မှလုပ်ဆောင်ပေးခဲ့သည်ဟု သိရသည်။

အမည်တပ်တောင်မြောက်လမ်းများတွင် သုံးပေအကျယ်ရေမြောင်းများ အသစ်ဖောက်လုပ်ခြင်းရှိခဲ့သော်လည်း အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းတို့ရှိ အရှေ့အနောက်ရေမြောင်းများမှာ သုံးပေအကျယ်မရှိဘဲ အချို့နေရာများတွင် တစ်ပေဝန်းကျင်သာအကျယ်ရှိသည်ကို မြင်တွေ့ရသည်ဟု မဟာဗန္ဓုလလမ်းနေ ဦးအောင်အောင်က ဆိုသည်။

ထို့အတူ မြစ်ထွက်ပေါက်များတွင်လည်း ရေထွက်နိုင်အားအပြည့်ရှိရေးကိုလည်း လုပ်ဆောင်ပေးသင့်သည်ဟု လမ်းမတော်မြို့နယ်နေ ကိုတိုးက ပြောသည်။

(မောင်စေအောင်)

# လှိုင်မြို့နယ်တွင် လေပြင်းတိုက်ခတ်၊ နေအိမ်တချို့ပျက်စီး

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် ယနေ့ မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်၊ဆိုင်ခန်းတချို့ ပျက်စီးခဲ့သည့်အပြင် သစ်ပင်များလဲကျမှုဖြစ်ပွားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်မြို့နယ် အမှတ် (၃) ရပ်ကွက် ကမာရွတ်ဘူတာရုံလမ်းနှင့် (၁၁)လမ်းထောင့်ရှိ ရတနာမွန်ဈေးဆိုင်ခန်း ၁၆၀ အနက် ဆိုင်ခန်းပေါင်း ၇၀ ခန့်၏အမိုးများလန်ကာပျက်စီးခဲ့ပြီး (၁၁)လမ်းတစ်လျှောက်ရှိ သစ်ပင်တချို့ လဲကျခဲ့သည့်။

ထို့အပြင် အမှတ်(၁)ရပ်ကွက် ဘူတာရုံလမ်းရှိ လျှပ်စစ်ဓာတ်တိုင် နှစ်တိုင် ကျိုးပဲ့ပျက်စီးခဲ့သည့်အပြင် အမှတ် (၂၄) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ အမှတ် (၅)ရပ်ကွက် ကမာရွတ်ဘူတာရုံ ရုံးအဟောင်းအနီးရှိ လုံးပတ် သုံးပေ၊ အမြင့် ၂၅ ပေခန့်ရှိ ကုက္ကိုပင် ရထားသံလမ်းပေါ်သို့ လဲကျခဲ့သဖြင့် ရထားသွားလာမှု ခေတ္တပိတ်ထားခဲ့ရသည်။

"မိုးတွေ ရုတ်တရက် သည်းလာပြီး လေပြင်းတိုက်ခတ်တာ ပြေးချိန်တောင် မရလိုက်ဘူး။ လမ်းလျှောက်နေတဲ့သူတချို့ဆိုရင်လဲကျသွားတယ်။ သစ်ပင်တွေကျိုးကျကုန်တယ်။ ဈေးဆိုင်နှစ်ဆိုင်လောက်တော့ ပြိုကျပျက်စီးသွားတယ်။ လေကအလုံးလိုက်ကြီး မြေပြင်မှာ လှိမ့်ပြီး သုံးမိနစ်လောက်ပဲ ခပ်ပြင်းပြင်းတိုက်သွားတာ တော်တော်ပျက်စီးသွားတယ်။ ရပ်ထားတဲ့ကားသုံးစီးပေါ်ကိုလည်း သစ်ပင်တွေပိသွားတယ်"ဟု ဘူတာရုံလမ်းနေသူ ဦးမြင့်ဦးက ပြောသည်။

"သတင်းရတာနဲ့ ချက်ချင်းကူညီမှုတွေလုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကိုလည်း သတင်းပို့ပြီး ရှင်းလင်းရေးတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နေအိမ်တချို့တော့ ထိခိုက်ပျက်စီးသွားတယ်။ လူထိခိုက်မှုတော့ မရှိပါဘူး"ဟု လှိုင်မြို့နယ် ပိတောက်ချောင်း ရဲစခန်းမှူး ရဲအုပ်တင်နိုင်ဇော်က ပြောသည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အချို့တွင် သစ်ပင်များလဲကျပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် မင်းဓမ္မလမ်းရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံဝန်ထမ်းအိမ်ရာဝင်းရှိ အဆောက်အအုံအမိုးများ ပျက်စီးခဲ့သည့်အပြင် လှိုင်မြို့နယ် (၁၁) ရပ်ကွက် ရွှေဟင်္သာလမ်းတစ်လျှောက်ရှိ သစ်ပင်များ ကျိုးကျခဲ့ကြောင်း၊ စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ဗားကရာလမ်း ကျွန်းတောဘုန်းကြီးကျောင်းရှိ



ဇွန် ၄ ရက် ညနေ ၃ နာရီခန့်က လှိုင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တချို့ အမိုးလန်ပျက်စီးနေသည်ကို တွေ့ရစဉ်။ (မြတ်စိုးလှိုင်)

အလျားပေ ၂၀၊ အမြင့် ခုနစ်ပေခန့်ရှိ အုတ်တံတိုင်းမှာ မြေသားများအိကျ၍ပြိုလဲပျက်စီးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

အလားတူ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်ရှိ ဒဂုံစင်တာ(၁) မြေအောက်ကားပါကင်အတွင်းသို့ ရေများဝင်ရောက်ခဲ့သဖြင့် အနောက်ပိုင်းခရိုင်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စမ်းချောင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်လေးစီးဖြင့် ရေများစုပ်ထုတ်လျက်ရှိသည်။

ထို့ပြင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းမတွင်လည်း ရေကြီးရေလျှံသဖြင့် ယာဉ်ကြောပိတ်ဆို့နေမှုကို ဗဟန်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇော်ကြီး(ပဏ္ဍိတ)

# သွေးလွန်တုပ်ကွေးနှင့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

**ရန်ကုန် ဇွန် ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင် သွေးလွန်တုပ်ကွေးနှင့် ကူးစက်ရောဂါများ၊ ကာကွယ်ထိန်းချုပ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေး ညှိနှိုင်းဆွေးနွေး ဟောပြောပွဲကျင်းပရာ အင်းစိန်မြို့နယ်အဆင့်




ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် ကျန်းမာရေးဆရာမများ၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အသိပညာပေးဆွေးနွေးပွဲတွင် အခြေခံကျန်းမာပညာဌာနမှ ဦးစီးအရာရှိ ဒေါက်တာအိဇင်ဟိန်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း၊ တိုးချဲ့ကာကွယ်ဆေးကူးစက်ဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာမေသွယ်ထွန်းက ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါအကြောင်းနှင့် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေက တီဘီရောဂါနှင့် အခြားလိုအပ်သည့်အကြောင်းအရာတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက သိလိုသည်များ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ကြပြီး သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးအတွက် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများက လစဉ် ဒုတိယအပတ်အတိုင်း ခြင်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ (၆၈၄)

# မြစိမ်းရောင်ကျေးရွာများကို ကွင်းဆင်းစစ်ဆေး

**ဗန်းမော် ဇွန် ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် သာစည်ကျေးရွာ၊ မံရေးကျေးရွာနှင့် ရေလဲကျေးရွာများသို့ မေ ၃၁ ရက်တွင် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါအဖွဲ့သည် မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ ထုတ်ချေးသူဦးရေနှင့်အတိုးရငွေများ ကိုက်ညီမှုရှိ၊မရှိ စစ်ဆေးခြင်း၊ စီမံကိန်းကော်မတီဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းပိုင်းစာရင်းဇယားများနှင့် သုံးနှစ်ပြည့် စီမံကိန်းကျေးရွာများမှ အတိုးရငွေဖြင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို အစီအမံဖြင့် တင်ပြဆောင်ရွက်ကြရန် စစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❑

# မေလတစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၃၀၀၀ ကျော် သိမ်းဆည်းရမိ



**ရန်ကုန် ဇွန် ၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများအား တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မေ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၃၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် မေ ၁ ရက်မှ ၃၁ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၅ ဒသမ ၇၅၁ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းမိခဲ့ရာတွင် ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု ၁၂ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆ ဒသမ ၇၈၂ သန်းခန့်)၊ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အထူးကင်းအဖွဲ့ တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀ ဒသမ ၁၈၆ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၃၂ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁ ဒသမ ၈၀၃ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၁၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၇ ဒသမ ၅၀၉ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၇၅ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀ ဒသမ ၆၁၂ သန်းခန့်)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၂၀၃ သန်းခန့်)၊ မူဆယ်မြို့နယ်(OSS) စစ်ဆေးရေးစခန်းက တားဆီးမှု ၆၂ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇ ဒသမ ၃၄၄ သန်းခန့်)၊ မြဝတီ(OSS) စစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၁၀၂ သန်းခန့်)၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၈၉၃ သန်းခန့်)၊ တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၉၂ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၉၀၆ သန်းခန့်၊ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၃၅၉ သန်းခန့်)၊ လွိုင်ကော်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၃၆ သန်းခန့်) စုစုပေါင်း ၄၉၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၅ ဒသမ ၇၅၁ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၂၉ ရက်က မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Express ခရီးသည်တင်ယာဉ်ပေါ်တွင် ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှော၍ သိုဝှက်သယ်ဆောင်လာသော မိုဘိုင်းဖုန်းမျိုးစုံနှင့် ဖုန်းဘက်ထရီများအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆ ဒသမ ၂၁၆ သန်းခန့်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးတွေ့ရှိခဲ့ပြီး တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့်အတွက် သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

## မောင်တောနှင့် မင်းပြားမြို့နယ်တို့၌ မသင်္ကာသူနှစ်ဦး ဖမ်းဆီးမိ

**နေပြည်တော် ဇွန် ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် မင်းပြားမြို့နယ်တို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ ညနေပိုင်းတွင် မသင်္ကာသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်စပ်မှတ်တိုင်(၃၄)အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က နယ်စပ်မှတ်တိုင်(၃၃)နှင့် (၃၄)အကြား မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူ တောင်ပြိုယာကျေးရွာနေ မိုဟာမတ်အာလောင်အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ မင်းပြားမြို့နယ် ရန်ကုန်-စစ်တွေ ကားလမ်း၌ ယမန်နေ့ ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်များအား ရှာဖွေစဉ် ဆိုင်ကယ်သုံးစီးမှာ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လက်တော်ရီကျေးရွာနေ မော့တာမီအား ဖမ်းဆီးရမိခဲ့သည်။

မော့တာမီအား စစ်ဆေးချက်အရ ဆိုင်ကယ်မောင်းသူအမည် (စိစစ်ဆဲ)နှင့် တစ်ရွာတည်းနေ အဒူမာမူ အပါအဝင် ၎င်းတို့ သုံးဦးသည် ရန်ကုန်မြို့မှတစ်ဆင့် နိုင်ငံရပ်ခြားသို့သွားရောက်ရန် လက်တော်ရီရွာမှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူတစ်ဦးအား ဘူးသီးတောင်မြို့နယ်၌ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် ရက်ချောင်းကျေးရွာ၌ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူတစ်ဦးအား ဇွန် ၂ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူ ဘူးသီးတောင်မြို့နယ် ရက်ချောင်းကျေးရွာနေ မာမတ်အီစွလာမ်အား ၎င်း၏ နေအိမ်တွင် ဇွန် ၂ ရက် နံနက် ၆ နာရီခွဲခန့်တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ခိုင်း၍ဟုဆိုကာ လူတစ်စုရမ်းကားမှု အမှုဖွင့်စစ်ဆေးလျက်ရှိ

**မုံရွာ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သူဟန်ထွန်း စီးလာသော ကားကို ရဲယူနီဖောင်းကဲ့သို့ ဝတ်ဆင်ထားသူက တားဆီးပြီး လွှတ်တော်ကိုယ်စားလှယ်က ခိုင်းစေသည်ဟု အလွဲသုံးစားပြုကာလိမ်လည်ပြောဆိုသူအဖွဲ့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာကျော်သူဟန်ထွန်းက အရေးယူပေးပါရန် ဇွန် ၃ ရက် ည ၁၁ နာရီက ကန့်ဘလူမြို့နယ် ဇီးကုန်းနယ်မြေရဲစခန်းတွင် တိုင်ကြားရာ တာဝန်ရှိသူများက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သူဟန်ထွန်းနှင့်အတူ ကန့်ဘလူမြို့နယ် အလုပ်အမှုဆောင် ဦးခင်မောင်ဌေးတို့သည် ဇွန် ၃ ရက်က ကန့်ဘလူမြို့တွင် လွှတ်တော်အတွေ့အကြုံရှင်းလင်းပြီး ညနေ ၆ နာရီခွဲခန့်တွင် ကန့်ဘလူမြို့မှ ကားဖြင့်ပြန်လာရာ ထန်းကုန်းမူးဘောင် မောင်းတံဂိတ်မြောက်ဘက်တွင် ရဲယူနီဖောင်းကဲ့သို့ ဝတ်ဆင်ထားသည့်အဖွဲ့ကိုတွေ့ရှိရကြောင်း၊ ကားကိုဆက်လက်မောင်းခဲ့ရာ အဆိုပါအဖွဲ့ထဲမှ လူတစ်ဦးက ကားနောက်မှဆိုင်ကယ်ဖြင့် လိုက်လာကာ ကားရှေ့မှပိတ်ရပ်ပြီး ကားမှန်တံခါးချရန် ပြောကြားကြောင်း ဒေါက်တာ ကျော်သူဟန်ထွန်း၏ သတင်းပေးတိုင်ကြားချက်အရ သိရသည်။

ထိုသို့ဖွင့်ခိုင်းသူမှာ ဇီးကုန်းမြို့ နဂါးပေါ်ရပ်မှ ခင်မောင်ရွှေဆိုသူဖြစ်ပြီး ကားကိုမရပ်ဘဲ ဆက်မောင်းထွက်လာရာ အဆိုပါအဖွဲ့က ကားနောက်မှ ထက်ကြပ်မကွာလိုက်လာသည်ကို တွေ့ရသဖြင့် ဇီးကုန်းရဲစခန်းမှူး ရဲအုပ်အောင်နိုင်ဦးအား အကျိုးအကြောင်းပြောပြကာ မူးဆုံမှ စောင့်ပေးရန် ဖုန်းဖြင့်အကြောင်းကြားခဲ့သည်။ မူးဆုံရောက်သောအခါ စခန်းမှူးနှင့်အဖွဲ့အား ကားရပ်ပြောပြနေစဉ် ဆိုင်ကယ်စီးလာသူ သုံး၊ လေးဦးက ကားအနီးသို့ရောက်လာပြီး တစ်ဦးက "စစ်ဆေးပိုင်ခွင့်ရှိလို့ စစ်ဆေးတာ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမိန့်အရ စစ်ဆေးတာ"ဟု ပြောရာ ဒေါက်တာ ကျော်သူဟန်ထွန်းက သေချာရန် ထပ်မံမေးမြန်းရာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် အမိန့်အရခိုင်း၍ လုပ်သည်ဟုထပ်ပြောကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးကိုယ်စားလှယ်ဖြစ်ပြီး မည်သူ့ကိုမျှ တာဝန်ပေးခိုင်းစေတာမျိုးမရှိပါဘူး။ အဲဒါကြောင့် စီးလာတဲ့ကားကို ရဲယူနီဖောင်းလိုဝတ်ထားတဲ့အဖွဲ့ထဲမှာပါတဲ့ ခင်မောင်ရွှေက ကားကိုတားဆီးပြီး လွှတ်တော် ကိုယ်စားလှယ်က ခိုင်းစေတယ်ဆိုပြီး အလွဲသုံးစားလုပ်လိမ်လည်ပြောတဲ့သူ မျိုးမြင့်နဲ့ ရဲယူနီဖောင်းလိုဝတ်စုံကို ဝတ်ဆင်ထားတဲ့ ကန့်ဘလူခရိုင် မှုခင်းသတင်းရှုထောင့် သတင်းထောက်အဖွဲ့ကို အရေးယူပေးဖို့ ဇီးကုန်းနယ်မြေရဲစခန်းကို တိုင်ကြားခဲ့ပါတယ်"ဟု ဒေါက်တာ ကျော်သူဟန်ထွန်းက ပြောပြသည်။

ရဲအယောင်ဆောင်၍ အမည်အလွဲသုံးစားပြုလုပ်ပြောဆိုကာ တားဆီးပိတ်ပင်ကာဆီးခဲ့သူများဖြစ်သည့် ဇီးကုန်းမြို့ နဂါးပေါ်ရပ်နေ ခင်မောင်ရွှေ၊ ခင်ဦးမြို့နယ် ရှားတောရွာနေ မျိုးမြင့်နှင့် ကန့်ဘလူခရိုင် မှုခင်းရှုထောင့် သတင်းထောက်အဖွဲ့ကို ဇီးကုန်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❑



တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Ipsum, Toyota Caldina နှင့် Toyota Estima ယာဉ်တို့ကို တွေ့ရစဉ်။

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၃ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၈ စီး၊ သွင်းကုန် ၅၉၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၆၄၃၉ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၃ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Ipsum, Toyota Caldina နှင့် Toyota Estima ယာဉ်တို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၅ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေမျှောလုပ်ကိုင်နေစဉ် မြေကမ်းပါးပြိုကျ လူသုံးဦးသေဆုံး

**နေပြည်တော် ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထိန်ကုန်းကျေးရွာ၌ ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မြေကမ်းပါးပြိုကျ၍ လူသုံးဦး မြေစာများပိမိသေဆုံးသွားကြောင်း သတင်းအရ မိုင်းကိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဟုမ္မလင်းမြို့နယ် ဟိန်နောင်ကျေးရွာနေ နေထွန်း(၃၆)နှစ်၊ လွင်ဦးကျေးရွာနေ အိုက်ထူး(၂၉)နှစ်နှင့် အိုက်ဆက်(စိစစ်ဆဲ)သုံးဦးတို့ဖြစ်ပြီး ၎င်းတို့သုံးဦးသည် ရွှေမျှောလုပ်ကိုင်နေစဉ် မြေကမ်းပါးပြိုကျရာမှ မြေစာများပိမိ၍ သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မိုင်းကိုင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ဂျူဗင်တပ်အသင်းကို အနိုင်ယူပြီး သမိုင်းသစ်ရေးထိုးသွားပြီဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်










ဂျူဗင်တပ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူ ဗိုလ်စွဲသွားပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ယခုနှစ် ချန်ပီယံလိဂ်မှာ ထပ်မံ အောင်ပွဲခံနိုင်ခဲ့တာကြောင့် ၁၉၉၀ခုနှစ် အေစီမီလန် အသင်းပြီးနောက် လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်တဲ့ ပထမဆုံးအသင်း အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

ချန်ပီယံလိဂ်အဖြစ် အမည်ပြောင်းပြီးနောက် ဘယ်အသင်းကမှ လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခြင်းမရှိပေမယ့် ရီးယဲလ်မက်ဒရစ်ကတော့ ဂျူဗင်တပ်ကို ဂိုးပြတ်အနိုင်ကစားပြီး သမိုင်းသစ်တစ်ရပ်ကို ရေးထိုးသွားပြီဖြစ်ပါတယ်။ ယခုပွဲမှာ ရီးယဲလ်အသင်းစံချိန်သစ်ရသွားတဲ့အပြင် နည်းပြဇီဒန်းက လက်ရှိချန်ပီယံဘွဲ့ကို ပထမဦးဆုံးကာကွယ်နိုင်တဲ့ နည်းပြဖြစ်လာတာ၊ တိုက်စစ်မှူးစီရိုနယ်လ်ဒိုက ချန်ပီယံလိဂ်ဗိုလ်လုပွဲသုံးကြိမ်မှာ ဂိုးသွင်းယူနိုင်တဲ့ ကစားသမားဖြစ်လာတာစတဲ့ အပိုဆောင်းမှတ်တမ်းတွေကိုပါ ပိုင်ဆိုင်ခွင့် ရသွားခဲ့ပါတယ်။

**မှျမှျတတ ပထမပိုင်း**

ဂျူဗင်တပ်အသင်းရဲ့ ကောင်းမွန်တဲ့ ကစားပုံကြောင့် ပထမပိုင်း တစ်လျှောက်လုံး ရီးယဲလ်ဟာ သိပ်ပြီးလှုပ်မကစားနိုင်ဘဲ ကစားကွက် ခပ်ကျပ်ကျပ်ပုံစံဖြစ်ပေမယ့် တကယ်တမ်းဂိုးစရသွားတာက ရီးယဲလ်ပါ။ ပွဲကစားချိန်မိနစ် ၂၀ မှာ နောက်ခံလူ ကာဗယ်ဂျယ်ရဲ့ ဖြတ်တင်ပေးပို့မှုကို ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပိတ်သွင်းပြီး ရီးယဲလ်ကို ဦးဆောင်ခွင့် ရရှိစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်ရဲ့ ဦးဆောင်ဂိုးဟာ ၁၀ မိနစ် တောင်မခံလိုက်ဘဲ ဂျူဗီတိုက်စစ်မှူး မန်ဇူကစ်က ပင်နယ်တီဧရိယာအတွင်း သူ့ဆီရောက်ရှိလာတဲ့ ဘောလုံးကို ရီးယဲလ်ကစားသမားတွေ ရှုပ်ယှက်ခတ်နေတဲ့ အနေအထားကပဲ ခြေထောက်နဲ့အသာထိန်းပြီး နောက်ပြန်ကန်ချက်နဲ့ လှလှပပ အဆုံးသတ်ခဲ့ပြီး တစ်ဂိုးစီ သရေဖြစ်စေခဲ့ပါတယ်။

**ရီးယဲလ်ပွဲ ဖြစ်သွားပြီ**

ဒုတိယပိုင်းပြန်စချိန်မှာတော့ ရီးယဲလ်ရဲ့ ကစားပုံသိသိသာသာ ကောင်းမွန်လာပြီး နောက်တန်းခံစစ်ပိတ်ကစားနေတဲ့ ဂျူဗင်တပ်ကို အနီး၊ အဝေးကန်ချက်အမျိုးမျိုးနဲ့ နည်းမျိုးစုံသုံးပြီး ဂိုးရဖို့တရစပ်ဖိကစားခဲ့ပါတယ်။ ဒါကြောင့်လည်း ပွဲချိန် ၆၁မိနစ်မှာ ကက်စီမီရိုက အဝေးကန်ချက်နဲ့ ဒုတိယ ဦးဆောင်ဂိုး၊ စီရိုနယ်လ်ဒိုက တတိယဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုက ကွင်းလယ်လူ မိုဒရစ်ရဲ့ ပေးပို့မှုကို ဂျူဗီဂိုးသမား ဘတ်ဖွန်နဲ့အတွေ့မှာ မိုးကြိုးသွားလို လျင်မြန်တဲ့ ကန်ချက်နဲ့ အဆုံးသတ်သွား ခဲ့တာဖြစ်ပါတယ်။

သုံးမိနစ်အတွင်း နှစ်ဂိုးဆက်တိုက်ပေးခဲ့ရပြီးနောက်မှာတော့ ရီးယဲလ်ရဲ့ ပွဲဖြစ်သွားခဲ့ပြီး ဂျူဗင်တပ်ရဲ့ အားနည်းချက်တွေ ရုပ်လုံးကြွလာပြီး နောက်တန်း ခံစစ်က အလဲလဲအပြိုပြိုပုံစံဖြစ်သွားခဲ့ပါတယ်။ ပွဲချိန် ၈၄မိနစ်မှာတော့ ဂျူဗီကွင်းလယ်လူ ကွာဒရာဒို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံလိုက်ရတာကြောင့် ဂျူဗီတို့ ပြန်လာဖို့ ပိုခက်သွားတဲ့ အနေအထားဖြစ်သွားပါတယ်။ အဲဒီနောက် တော့ ရီးယဲလ်ကပဲ ပွဲကိုထိန်းသွားခဲ့ပြီး အစွကိုအစား ဝင်ရောက်လာတဲ့ အဆန်စီယိုက ရီးယဲလ်အတွက် ပွဲသိမ်းဂိုးကို သွင်းယူကာ ရီးယဲလ်ကို လေးဂိုး-တစ်ဂိုးနဲ့ ချန်ပီယံဖြစ်စေခဲ့တာပါ။

**အကောင်းဆုံးဆိုတာကို သက်သေပြသွားခဲ့တဲ့ ရီးယဲလ်**

ရီးယဲလ်ဟာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပေမယ့် ရှုံးထွက်အဆင့်ကနေ ဆီမီးဖိုင်နယ်အထိ အသင်းကြီးတွေနဲ့ မတွေ့ခဲ့တာ၊ ဗိုလ်လုပွဲမှာ အက်လသလက်တီကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့သာ အနိုင်ရရှိခဲ့တာတွေကြောင့် ဘယ်သူကမှ သိပ်ပြီးအထင်မကြီးခဲ့ပါဘူး။ ဒါပေမယ့် ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ခက်ခဲတဲ့ပြိုင်ဘက်တွေ( ကွာတားဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်၊ ဆီမီးဖိုင်နယ်တွင် အက်သလက်တီကို)တို့ကို ရင်ဆိုင်ခဲ့ရပေမယ့် တည်ငြိမ်တဲ့ ခြေစွမ်းနဲ့ ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်လာ နိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာလည်း နောက်တန်းခံစစ်အထူးကောင်းမွန်တဲ့ အီတလီချန်ပီယံ ဂျူဗီနဲ့ တွေ့ရမှာဖြစ်လို့ အများစုက ရီးယဲလ်အနေနဲ့ အခက်တွေ့မယ်လို့ မျှော်လင့်ခဲ့ကြပေမယ့် ဂိုးပြတ်နိုင်ပွဲနဲ့ လက်ရှိဥရောပရဲ့ အကောင်းဆုံးအသင်း ဖြစ်တယ်ဆိုတာကို သက်သေပြသွားပါတယ်။

**စီရိုနယ်လ်ဒိုရဲ့ ပွဲ**

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ယခု ဗိုလ်လုပွဲမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး သူဟာ လက်ရှိကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်တယ်ဆိုတာကို သက်သေပြသွားပါတယ်။ ပွဲအစမှာ ဂျူဗင်တပ်ကစားသမားတွေရဲ့ ကြမ်းတမ်းလွန်းတဲ့ လူကပ်ကစားမှုကြောင့် ဂျာမန်ဒိုင် ဖိလစ်ဘာ့ဂ်ျကို စောဒကတက်ခဲ့သေးပေမယ့် ပွဲချိန်ကြာလာတဲ့နဲ့အမျှ သူ့ရဲ့ပြေးအား၊ တိုးအားတွေအပြင် အဆုံးသတ်ပိုင်းကောင်းမွန်မှုတွေက ဂျူဗင်တပ်နာမည်ကျော် နောက်တန်းခံစစ်အတွဲဘိုနူချီ-ဘက်ဇာဂလီ-ချီလီနီတို့ကို ပြာသွားစေခဲ့သလို ဝါရင့်ဂိုးသမားဘတ်ဖွန်ကိုလည်း အခက်တွေ့စေခဲ့တာပါ။ စီရိုနယ်လ်ဒိုဟာ အခုပွဲမှာ သွင်းဂိုးနှစ်ဂိုး ထပ်မံ သွင်းယူနိုင်တာကြောင့် သူ့ရဲ့ချန်ပီယံလိဂ်သွင်းဂိုးဟာ ၁၀၅ ဂိုးအထိရောက်ရှိ လာပြီဖြစ်သလို ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂိုး ၆၀၀ပြည့်မြောက် အောင် သွင်းယူနိုင်ခဲ့သူလည်း ဖြစ်လာပါတယ်။

**မှတ်တမ်းအချို့**

❍ ယခုပွဲစဉ်မှာ ထုတ်ပယ်ခံလိုက်ရသော ကွာဒရာဒိုမှာ ၂၀၀၆ ခုနှစ် အာဆင်နယ်ဂိုးသမား ယန်းလေမန်းနဲ့ ၂၀၀၈ခုနှစ် ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာဒရော့ဘာတို့ပြီးနောက် ဗိုလ်လုပွဲတွင် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့် ကစားသမားဖြစ်လာခဲ့သည်။

❍ ဂျူဗင်တပ်ဂိုးသမားဘတ်ဖွန်မှာ အသက်(၃၉)နှစ် ၁၂၆ ရက်ရှိပြီဖြစ် သည့်အတွက် ဥရောပလိဂ် ဗိုလ်လုပွဲစဉ် ဝင်ရောက်ကစားသည့် တတိယ မြောက် အသက်အကြီးဆုံး ကစားသမားဖြစ်လာခဲ့သည်။

❍ ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုပွဲစဉ်တွင် သွင်းဂိုးလေးဂိုး ရရှိခဲ့ သဖြင့် ဥရောပသွင်းဂိုး ၅၀၃ဂိုးအထိ ရှိလာပြီး ဥရောပသွင်းဂိုး ၅၀၀အထက် သွင်းယူနိုင်သည့် ပထမဦးဆုံးကလပ်အသင်းဖြစ်လာခဲ့သည်။

❍ ရီးယဲလ်မက်ဒရစ်အသင်းသည် ၁၉၈၁ခုနှစ်တွင် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ဗိုလ်လုပွဲခြောက်ကြိမ်တွင် အကြိမ်တိုင်း အနိုင်ရရှိသည့် မှတ်တမ်းတစ်ရပ်ကိုပါ ရရှိခဲ့သည်။

❍ ရီးယဲလ်နည်းပြ ဇီဒန်းမှာ ၁၉၉၀ခုနှစ် အေစီမီလန်နည်းပြ ဆက်ချီ နောက်ပိုင်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်သည့် ပထမဆုံးနည်းပြ ဖြစ်လာခဲ့သည်။

## ဂရစ်ဇ်မန်းရဲ့ မန်ယူဂျာစီသစ် ရောက်နေပြီဟူသော ရယ်စရာမှတ်ချက်များက မီဒီယာများကို ဆွဲဆောင်နိုင်ခဲ့

မန်ယူပရိသတ်များက တွစ်တာစာမျက်နှာများပေါ်တွင် ဂရစ်ဇ်မန်းအမည်ပါ ကျောနံပါတ်(၇)ကို ပြသပြီး "ကိုယ်ရဲ့ ဂျာစီသစ်တော့ရောက်နေပြီ" ဟူသော ရေးသားခဲ့ကြရာ အဆိုပါ ရေးသားမှုက မီဒီယာများ၏ အာရုံကို အမှန်တကယ်ဆွဲဆောင်နိုင်ခဲ့သည်။ မန်ယူနည်းပြမော်ရင်ဟိုက မန်ယူအသင်း၏ တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ကို ဂရစ်ဇ်မန်း ငြင်းပယ်နိုင်မည်မဟုတ်ဟု ယုံကြည်ထားသော်လည်း အက်သလက်တီကိုအသင်း၏ အပြောင်းအရွှေ့ပိတ်ပင်ခံရသည့် အယူခံကို ဖီဖာက ပယ်ချခဲ့ပြီးနောက်တွင် ဂရစ်ဇ်မန်းက အက်သလက်တွင်သာ ဆက်နေရန် ဆုံးဖြတ်ခဲ့သည်။

မန်ယူပရိသတ်အချို့က ဖယ်လီဟူသော အမည်ဖြင့် တွစ်တာစာမျက်နှာတစ်ခုဖွင့်လှစ်ပြီး ဖယ်လိုင်နီကို ထောက်ခံမှုပြုကြောင်းပြသပြီး ဖယ်လိုင်နီသာ မန်ယူ ကျောနံပါတ်(၇)နှင့် ထိုက်တန်ကြောင်း ရေးသားခဲ့ကြသည်။ မန်ယူအသင်းက ဂရစ်ဇ်မန်းကို ရရှိရန် တောက်လျှောက်ချိတ်ဆက်ခဲ့သလို ယခုဇွန်လအတွင်းမှာပင် လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ခဲ့သော်လည်း ဖြစ်မလာခဲ့၍ အဲဗာတန်တိုက်စစ်မှူး လူကာကူ၊ ရီးယဲလ်တိုက်စစ်မှူး မိုရာတာနှင့် တိုရီနိုတိုက်စစ်မှူး ဘာလော့တီတို့ထဲမှ တစ်ဦးကိုသာ ခေါ်ယူရန် ကြိုးပမ်းရတော့မည် ဖြစ်သည်။

**မေလှဲ့သင်း-ရေးသားသည်**

## အကောင်းဆုံးဆိုတာကို အမြဲတမ်းသက်သေပြပြီး ဝေဖန်မှုများကို ရပ်တန့်စေခဲ့သည်ဟု စီရိုနယ်လ်ဒို ကြွေးကြော်

ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သူ့ကိုဝေဖန်တိုင်း ပိုမိုကောင်းမွန်လာအောင် စွမ်းဆောင်ပြတတ်သည့် သူ့ရဲ့ လုပ်ဆောင်ချက်ကြောင့် လူအများ၏ဝေဖန်မှုများ အမြဲတမ်းနှုတ်ဆိတ်သွားရကြောင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲ အပြီးတွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ကြွေးကြော်သွားခဲ့သည်။ စီရိုနယ်လ်ဒိုသည် ယခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင်လည်း ရီးယဲလ်အတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပြီး ကစားသမား ဘဝသက်တမ်းတစ်လျှောက် သွင်းဂိုး၆၀၀ပြည့်အဖြစ် သာမက ချန်ပီယံလိဂ်ဗိုလ်လုပွဲ သုံးကြိမ်( ၂၀၀၈၊ ၂၀၁၄၊ ၂၀၁၇)တို့တွင် ဂိုးသွင်းယူနိုင်သည့် ပထမဦးဆုံးကစား သမားလည်း ဖြစ်လာခဲ့သည်။

စီရိုနယ်လ်ဒိုက"အခုအချိန်က ကျွန်တော့်ဘဝအတွက် အကောင်းဆုံးသော အခိုက်အတန့်တစ်ခုဖြစ်ပါတယ်။ ကျွန်တော် ဒီလိုမျိုး နှစ်တိုင်းစွမ်းဆောင်ပြနိုင်မယ်လို့ လည်း ပြောရဲပါတယ်။ လူတွေက ကျွန်တော့်ကို ဝေဖန်လို့ မရတာက ဘာလို့လဲဆိုတော့ ကိန်းဂဏန်းတွေက လိမ်လို့မှမရတာဗျာ" ဟုလည်း မှတ်ချက်ပြုခဲ့သည်။

စီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ်သွင်းဂိုး ၁၀၅ဂိုး ရှိပြီဖြစ်ပြီး မန်ယူတွင် တစ်ကြိမ်၊ ရီးယဲလ်တွင် သုံးကြိမ် စုစုပေါင်း လေးကြိမ်အထိ ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်နိုင်ခဲ့ပြီဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် စီရိုနယ်လ်ဒိုကို ချီးကျူးမှုများ တွစ်တာ၊ ဖေ့စ်ဘွတ်စသည့် လူမှုကွန်ရက်များတွင် ပလူပျံနေပြီး "ဘောလုံးလောက၏ ထာဝရ အတောက်ပဆုံးကစားသမား"၊ "မက်ဆီထက် ပိုကောင်းသော ကစားသမား" စသဖြင့် စာသားများကို တွေ့ရသည်။

# သတ်မှတ်ဦးရေထက် ကျော်လွန်တင်ဆောင်သည့် ရတနာဖြိုး အမြန်ရေယာဉ်အား အရေးယူ



**မော်လိုက် ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ကြောင်းအတွင်း ယမန်နှစ်က အောင်စိုးမိုးကျော် အမြန်ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် လူစီးအမြန်ရေယာဉ်များ သတ်မှတ်တင်အားထက် ကျော်လွန်တင်ဆောင်ခြင်းမပြုရန် ထုတ်ပြန်ထားသည်။ ဇွန် ၃ ရက် မွန်းလွဲပိုင်းက ဟုမ္မလင်းမြို့မှ မုံရွာမြို့သို့ထွက်ခွာလာသည့် ရွှေနဒီအမြန်ရေယာဉ်အသင်းမှ ရေယာဉ်အမှတ်- ၈၄၉၇ ရတနာဖြိုးလူစီးအမြန်ရေယာဉ်သည် သတ်မှတ်တင်အားထက်ကျော်လွန်၍ ခရီးသည်တင်ဆောင်လာကြောင်း သတင်းရရှိသဖြင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ရေယာဉ်စစ်ဆေးရေးတာဝန်ကျအဖွဲ့များက ရတနာဖြိုး အမြန်ရေယာဉ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များထံဆက်သွယ်၍ ညအချိန်တွင် ဆက်လက်မောင်းနှင်ခြင်းမပြုဘဲ ဆိပ်ကမ်းကောင်းမွန်သည့်နေရာတွင် ဆိုက်ကပ်ရပ်နားထားရန် အကြောင်းကြားခဲ့သည်။

ရေယာဉ်သည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် မော်လိုက်မြို့ ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ရာ ခရိုင်/မြို့နယ်ထွေ/အုပ်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့၊ ပုဂ္ဂလိကရေယာဉ် ကြီးကြပ်မှုကော်မတီတို့က စစ်ဆေးခဲ့သည်။ ရေယာဉ်ပေါ်တွင် ခရီးသည် ၁၆၅ ဦး တင်ဆောင်လာပြီး ရေယာဉ်ယာယီခွင့်ပြုဦးရေမှာ ၆၅ ဦးဖြစ်ကြောင်း၊ ရေယာဉ်ပါထိုင်ခုံအရေအတွက်မှာ ၁၃၃ ခုံဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

သတ်မှတ်တင်အားထက် ကျော်လွန်တင်ဆောင်လာသည့်အတွက် မင်းကင်းမြို့နေ ရေယာဉ်ပိုင်ရှင် ဆလင်ဦးအောင်မျိုးမင်းအား မော်လိုက်မြို့မရဲစခန်းက ၂၀၁၅ ခုနှစ် ပြည်တွင်းရေကြောင်းသွားလာရေး ရေယာဉ်ဥပဒေပုဒ်မ (၄၃)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ အမြန်ရေယာဉ်ပေါ်တွင် လိုက်ပါခဲ့သည့်ခရီးသည်များအား သွားလာမှုအဆင်ပြေစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏အစီအစဉ်ဖြင့် အခြားအမြန်ရေယာဉ်များ၊ မော်လိုက်မြို့ရှိ ကားအသင်းများမှ ကားများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်တစ်ဦးက "ကျွန်တော်တို့က နမ့်တောကျေးရွာက လိုက်ခဲ့တာပါ။ စထွက်ခဲ့တုန်းက အခုလောက် မများဘူးဗျ။ နောင်ပိုအောင်ကျေးရွာကိုရောက်တော့ မိုးကလည်း ရွာနေချိန် နေရာလွတ်မရှိလို့ အမြန်ရေယာဉ်သမားတွေက တားတာ။ လိုက်မယ့်ခရီးသည်တွေက ပြောမရဘူး။ ခရီးသည်တွေက အတင်းတိုးတက်ပြီးလိုက်ခဲ့ကြတယ်။ ဟုမ္မလင်း၊ ဖောင်းပြင်ရောက်တော့လည်း ထပ်တင်တယ်။ ဂိတ်မှူးကလည်း မတားဘူး။ မော်လိုက်မြို့ရောက်တော့ တာဝန်ရှိသူတွေနဲ့ ရေယာဉ်စစ်ဆေးရေးတာဝန်ကျအဖွဲ့တွေ လာရောက်စစ်ဆေးပြီး အရေးယူဆောင်ရွက်ပေးတဲ့အတွက် ခရီးသည်အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ ရေယာဉ်နဲ့ ခရီးသွားလာနေကြတဲ့ ပြည်သူတွေ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် နောင်မှာလည်း စည်းကမ်းမဲ့သတ်မှတ်တင်အားထက် ကျော်လွန်တင်ဆောင်ခြင်းမရှိအောင် မြစ်ကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်က စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

**(မော်လိုက်သားလေး)**

# နတ်တလင်းမြို့တွင် ရွေးချယ်ထားသောစည်ပင်ကော်မတီအား ဆန္ဒဖော်ထုတ်

**နတ်တလင်း ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ တာပွန်လမ်းနှင့် ကံကြီးလမ်းထိပ်တွင် စတင်စုဝေးပြီး ဦးအောင်ဝင်းထွန်းနှင့် ဦးထွန်းထွန်းဦးတို့ ဦးဆောင်သော အင်အား ၈၀ ခန့်သည် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ၌ စုရပ်မှ စတင်ထွက်ခွာပြီး ငြိမ်းချမ်းစွာစုဝေး၍ စီတန်းလှည့်လည်ရာတွင် ဆိုင်းဘုတ်များပေါ်တွင် "အများဆန္ဒနှင့်မညီသော စည်ပင်ကော်မတီ ဖျက်သိမ်းပေးရန်"၊ "ပြည်သူမကြိုက်သော စည်ပင်ကော်မတီ သစ်ဖျက်သိမ်းပေးရန်"၊ "ပြည်သူကြိုက်သော လိုလားသူများ ပြန်လည်ရွေးချယ်ပေးရန်"ဟူသော စာသားပါ ဗီနိုင်းပိုစတာများဖြင့်လည်ကောင်း၊ "အများဆန္ဒနှင့်မညီသော စည်ပင်ကော်မတီအလိုမရှိ"၊ "ပြည်သူမကြိုက်သော စည်ပင်ကော်မတီ သစ်ဖျက်သိမ်းပစ်"၊ "ပြည်သူကြိုက်သူများအား ပြန်လည်ရွေးချယ်ပေးရေး ဒို့အရေး" ကြွေးကြော်သံများဖြင့် လှည့်လည်ကာ ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်-ပြည်ကားလမ်းဆုံ ဘူတာရုံရှေ့ ရောက်ရှိပြီး လူစုခွဲ၍ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ **(၀၇၁)**




# အမျိုးသမီးများပါဝင်သောဖဲဝိုင်းအား ရဲတပ်ဖွဲ့ဖမ်းဆီး

**ဖြူး ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းနယ်မြေ ရဲစခန်းအပိုင်တွင် ဇွန် ၃ ရက် ညနေ ၅ နာရီခွဲခန့်က ဖဲရိုက်လောင်းကစားပြုလုပ်နေသော နေအိမ်တစ်လုံးအား ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေပြာကျေးရွာတွင် နေထိုင်သူ မဖြူနု (၂၈)နှစ်၏ နေအိမ်တွင်ဖဲရိုက်လောင်းကစားနေကြောင်း သတင်းအရ ဒုတိယရဲအုပ်စည်သူထက် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နေအိမ်အတွင်းသို့ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း၌ ဖဲရိုက်လောင်းကစားနေကြသော မဖြူနု / ကိုကျော်မင်းအောင် (၄၀)နှစ် ရေပြာကျေးရွာ၊ ဌေးဦး(စုံစမ်းဆဲ)၊ မျိုးမင်းထက် (စုံစမ်းဆဲ)၊ ဖိုးထူး(စုံစမ်းဆဲ)၊ မချောစိန် (စုံစမ်းဆဲ)၊ မဇင်မာမြင့် (စုံစမ်းဆဲ)၊ မနွယ်စန်း(စုံစမ်းဆဲ)၊ ဒေါ်အေးနွဲ့နှင်း (စုံစမ်းဆဲ)၊ မချို (စုံစမ်းဆဲ)တို့မှာ ထွက်ပြေးသွားခဲ့သည်။ နေအိမ်အတွင်းမှ အပြာရောင်ဖဲချပ် ၄၉ ချပ်၊ အနီရောင် ဖဲချပ် ၁၈ ချပ်၊ ငွေစက္ကူရောရာ ကျပ် ၉၄၀၀၊ ပိုက်ဖျာ နှစ်ချပ်၊ တာပေါ်လင် စတစ်စနှင့် ကျော်မင်းအောင်လက်ထဲတွင် ကိုင်ဆောင်ထားသော ဖဲချပ် နှစ်ချပ်၊ အမျိုးသားစီး ဖိနပ်နှစ်ရန်၊ အမျိုးသမီးစီး ဖိနပ်နှစ်ရန်တို့အား ရှာဖွေစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်မင်းအောင်၊ မဖြူနုနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ ရှစ်ဦးတို့အား ကညွတ်ကွင်း နယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ထွက်ပြေးသွားသူများ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**တစ်ဦးတည်းဖြစ်**

ကော့ကရိတ်မြို့နယ် အထက(ခွဲ) ကျုံဘိုင်း စတုတ္ထတန်းမှ စောမင်းဆက်ဦးနှင့် စောမင်းစောဦးတို့၏ဖခင် ဦးစောချစ်ဦးနှင့် ဦးစောချစ်ဦး(ခ)ဦးစောအဲချန် [၃/ကကရ(နိုင်)၂၀၄၆၀၈] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်**

ကော့ကရိတ်မြို့နယ် အထက(ခွဲ) ကျုံဘိုင်း အဌမတန်းမှ နန်းသူဇာမြင့်၏ဖခင် ဦးမျိုးမြင့်ဟိန်းနှင့် ဦးမျိုးမြင့်ဟိန်း(ခ)ဦးမောင်မျိုးခိုင် [၁၀/ပမန(နိုင်)၁၄၉၂၇၉] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၃-၆-၂၀၁၇ ရက် ကြေးမုံသတင်းစာ၏ကြော်ငြာ(ခ)နှင့် ၄-၆-၂၀၁၇ ရက် ကြေးမုံသတင်းစာ၏ ကြော်ငြာ(ဂ)တွင်ပါရှိသော ဖြည့်တင်းရေးဌာနခွဲ၊ လမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တင်ဒါအပိုဒ်(၇)ပါ ကတ္တရာ ၈၀/၁၀၀အမျိုးအစားတွင် ကတ္တရာ၆၀/၇၀အမျိုးအစားအဖြစ် ပြင်ဆင်ဖတ်ရှုပြီး၊ သံချောင်းရှယ်စုံစာပိုဒ်မပါရှိကြောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**တင်ဒါခေါ်ယူရေးကော်မတီ လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၄၀၇၅၈၈**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ CDC.43203 ၏ သက်ဆိုင်ရာ 4-Tickets,E.D.H,W.K, P.S.C and R.B လက်မှတ်များ ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေးပါ ရန်။ **ကိုကျော်ကျော်ဟန် [၇/ပမန(နိုင်)၀၀၃၇၄၇]**
**ဖုန်း-၀၉-၄၂၀၁၃၈၃၁၉**

**ဝန်ထမ်းအလိုရှိသည်**

**သန့်ရှင်းရေးဝန်ထမ်း(မ) ၂-ဦး**

**လစာ(၁၁၀၀၀၀/-)**

- ရိုးသား၊ ကြိုးစား၍ တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ကိုယ်ရေးအချက်အလက် အပြည့်အစုံဖြင့် တောင်ဒဂုံမြို့နယ်အတွင်း နေထိုင်သူများသာလျှောက်ထားရန်။

**ဖုန်း-၀၉-၇၈၉၆၀၅၂၀၂။**
**အမှတ်(၉၉)၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ တောင်ဒဂုံ။**

**ငြင်းချက်ထုတ်ရန် သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ )**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**ခရိုင်တရားသူကြီးရုံး၌**
၂၀၁၇ ခုနှစ်၊ တရားမကြီး မှုအမှတ်-၂၉၂

**ဒေါ်ငြိမ်းငြိမ်းအေး** နှင့် **ဦးကျော်နီ**
**တရားလို** **တရားပြိုင်**

အမှတ်-၂၁၊ ယုဇနလမ်းသွယ်(၂)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) ဦးကျော်နီ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ၊ ၁၉ ရက်(၁၃၇၉ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀)ရက် မွန်းမတည့်မီ နံနက် ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ ဤရုံးတံဆိပ်ရိုပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချိုမာမြင့်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**




**တစ်ဦးတည်းဖြစ်ကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံဘူတာကျေးရွာအုပ်စု၊ အထက(ခွဲ)ဖလုံဘူတာရှိ အဌမတန်း(A)တွင် ပညာသင်ကြားလျက်ရှိသော မစုမြတ်နိုး၏ဖခင် ဦးသန်းထွဋ်နှင့် ဦးသက်မျိုးနိုင်မှာ တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကိစ္စ**

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ ဗထူးရပ်ကွက်၊ အောင်ဆန်းလမ်း၊အမှတ်(၉၅) အောင်ချမ်းသာဆန်စက်နေ ဦးအောင်သိန်းမှ ကွင်းအမှတ်/အကွက်အမှတ် (၂၀၄၄- C) ရေကြည်မြို့ကွင်း၊ ဦးပိုင်အမှတ် (၂၀၅-ခ+၂၁၅-ခ+၂၁၆-ခ)ဧရိယာ (၃. ၀၀)ဧကအား စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားမှုအား ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရေကြည်မြို့**

**ကန့်ကွက်နိုင်ပါသည်**

ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ ဗထူးရပ်ကွက်၊ ကျောင်းလမ်းအကွက်အမှတ်(၅-ခ) ရေကြည် မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ်(၁၂၂-ခ)ဧရိယာ (၀. ၁၀၆)ဧကရှိ ဂရန်မြေကို ဒေါ်ခင်မေအေး အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရေကြည်မြို့။**

**ဖခင်အမည်မှန်**

သာပေါင်းမြို့နယ်၊အထက သာပေါင်းတွင် တက်ရောက်နေသော အဌမတန်းကျောင်းသူ နော‌ခရစ္စထယ်ချို၏ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်ဦး[၁၄/ရကန(နိုင်)၁၀၁၅၁၉]ဖြစ်ပါသည်။

**ဦးမျိုးနိုင်ဦး**

**ဖခင်အမည်မှန်**

ရေဦးမြို့၊ အထက(၂)ကျောင်းတွင် ပညာသင်ကြားနေသော မောင်ဇွဲထက်အောင်၏ ဖခင်သည် ဦးမျိုးမင်းထွန်း [၅/ရဥန (နိုင်) ၀၆၁၇၄၇] အမှန်ဖြစ်ပါသည်။

**ဆွေးသည် အသက်**

**အောင်မြေ (စေတနာ)**
**အကျိုးဆောင်ကုမ္ပဏီ**

| | | | |
|---|---|---|---|
| *ရန်ကင်း၊ဘောက်ထော် | (80x95) | မြေ | 13500.L |
| *ကမာရွတ်၊မမ္မစေတီလမ်းသန့် | (75x80) | မြေ | 12000.L |
| *ဗဟန်း၊ဗိုလ်ချုပ်ပြတိုက်နီး | (5000.Sqft) | မြေ | 7500.L |
| *လှိုင်၊ပါရမီလမ်းနှင့်ဗဟိုလမ်းနီး | (80x80) | မြေ | 5100.L |
| *မ/ဒဂုံ၊ရွှေပင်လုံအိမ်ရာM-2,B-2 | (80x60) | 2RC | 3900.L |
| *ရန်ကင်း၊ပါရမီရိပ်သာ | (40x60) | မြေ | 3200.L |
| *သာကေတ၊ရတနာအိမ်ရာVIP | (100x100) | မြေ | 2800.L |
| *မ/ဥ၊သုခမ္မာလမ်းမပေါ် | (20x60) | မြေ | 2350.L |
| *မရမ်းကုန်း၊ရွှေနှင်းဆီလမ်း | (43x100) | မြေ | 2300.L |
| *မ/ဒဂုံ၊မင်းရဲကျော်စွာလမ်းမပေါ် | (40x60) | မြေ | 1600.L |
| *တ/ဥ၊ (၁၄)ရပ်ကွက် | (37x56) | မြေ | 1300.L |
| *ရန်ကင်း၊အောင်ဇေယျလမ်းမပေါ် | (50x60) | 2RC | 28.L |
| *ဗဟန်း၊နတ်မောက်လမ်းM-2,B-1 | (60x80) | 2RC | 20.L |
| *တ/ဥ၊မေတ္တာလမ်းမပေါ် | (40x60) | မြေ | 12.L |
| *စမ်းချောင်း၊ဗဟိုလမ်းမပေါ်Hall | (20x50) | G/F | 6.L |

"အိမ်ခြံမြေများအား အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်"
09-5080073, 09-453367863, 09-442700828

# မျှဝေခြင်းအစီအစဉ်ပံ့ပိုးရန်လိုအပ်သော ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများထောက်ပံ့

**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပံ့ပိုးရန်လိုအပ်သော ကျောင်းသား၊ ကျောင်းသူများအား မျှဝေခြင်းအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အစတွင် စာအုပ်နှင့်စာရေးကိရိယာများထောက်ပံ့လျက်ရှိရာ ဇွန် ၃ ရက် ညနေ ၅ နာရီက ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် (၈၃) လမ်းရှိ ရပ်ကွက်ရုံး၌ ကျင်းပခဲ့သည်။

မျှဝေခြင်းအခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုနာယက ဦးသိန်းတန်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇေယျ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးခရိုင်ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလေး၊ ချမ်းအေးသာစံမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သောင်းနှင့် အလုပ်အမှုဆောင်များ၊ အောင်နန်းရိပ်သာရပ်ကွက် အလုပ်အမှုဆောင်များ၊ ပါတီဝင်များ၊ ပံ့ပိုးရန်လိုအပ်သော ကျောင်းသား ကျောင်းသူများ၊ မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ၂၀၁၇-၂၀၁၈ ခုနှစ် မျှဝေခြင်းစီမံချက်အရ ချမ်းအေးသာစံမြို့နယ်အတွင်း ပံ့ပိုးရန်လိုအပ်သော ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**သီဟကိုကို(မန္တလေး)**



# ရက်ကန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တပ်မတော်ချည်မျှင်နှင့် အထည်ချုပ်စက်ရုံသို့ လာရောက်လေ့လာ

**မိတ္ထီလာ ဇွန် ၄**

မိတ္ထီလာမြို့ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံအား မြို့နယ်ရှစ်မြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဇွန် ၁ ရက်မှ ၂၈ ရက်အထိ လက်တွေ့ကွင်းဆင်းလေ့လာကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများအား စက်ချည်မျှင်ဆွဲဘာသာရပ်နှင့် လွန်းမဲ့စက်ရက်ကန်းဘာသာရပ်များကို စာတွေ့လက်တွေ့ ဆက်စပ်နားလည်စေရန်၊ စက်ရုံလုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန်၊ နိုင်ငံတော်အတွက် ချည်မျှင်နှင့်အထည်လုပ်ငန်း ကျွမ်းကျင်သူ ရက်ကန်းပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံအား တောင်ကြီး၊ မုံရွာ၊ ပခုက္ကူ၊ ဖလမ်း၊ မင်းတပ်၊ ကျောက်မဲ၊ မြစ်ကြီးနားနှင့် မိတ္ထီလာမြို့နယ်တို့မှ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်ကြီးကြပ်ပြီး ဇွန် ၁ ရက်မှ ၂၈ ရက်အထိ လက်တွေ့ကွင်းဆင်းလေ့လာကြောင်း ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ကြီး ဦးသာဝက ပြောကြားသည်။




**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ စာသင်ကျောင်း ၃၅ ကျောင်း၌ နေရောင်ခြည်စွမ်းအင်သုံးရေသန့်စင်စက်များ တပ်ဆင်ပေးမည်

**မုံရွာ ဇွန် ၄**

အခြေခံပညာဦးစီးဌာန (ရုံးချုပ်)မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၃၅ ကျောင်းသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နေရောင်ခြည်စွမ်းအင်သုံး ရေသန့်စင်စက်များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနရုံးမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို့ ရေသန့်စင်စက်များ ပံ့ပိုးပေးမှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ရေသန့်စင်စက်များကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အခြေခံပညာဦးစီးဌာန (ရုံးချုပ်) မှ အခြေခံပညာကျောင်းများသို့ Water Supply Equipment ၄၆ ခုကို တပ်ဆင်ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နေရောင်ခြည်စွမ်းအင်သုံး ရေသန့်စင်စက်များကို တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၃၅ ကျောင်းသို့ ထပ်မံပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသား ကျောင်းသူတွေ သန့်ရှင်းတဲ့သောက်သုံးရေရရှိဖို့အတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်ပေးတာပါ။ Water Supply Equipment တွေကို အသုံးပြုနိုင်ဖို့အတွက် နွေရာသီမှာ မီးသတ်သင်တန်းတွေနဲ့ ကြက်ခြေနီသင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးထားပြီးဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အဖွဲ့စည်းများနှင့် အခြေခံပညာဦးစီးဌာနတို့မှ ရေသန့်စက်များ ပံ့ပိုးပေးလျက်ရှိရာ ယခုပညာသင်နှစ်တွင် ထပ်မံပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ



**ချမ်းအေးသာစံ ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိမ် (၂၀) မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲများတွင် ၂၀၁၇ ခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်များဖြစ်သည့် 'လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့'၊ 'မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး'၊ 'အားကစားဖြင့်မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့'၊ 'သက်ရှည်ကျန်းမာလူသားကမ္ဘာ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ'၊ 'မူးယစ်စွဲသူဖေးမကူ ရောင်းချသူကိုအရေးယူ ပြိုင်တူဆောင်ရွက်တိုင်းပြည်အတွက်' ဆောင်ပုဒ်များနှင့်အညီ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ပန်းချီပြိုင်ပွဲတွင် မူလတန်းဆင့် ၅၆ ဦး၊ အလယ်တန်းအဆင့် ၁၁၈ ဦး၊ အထက်တန်းဆင့် ၁၀၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်းအဆင့် ၂၇ ဦး၊ အလယ်တန်းအဆင့် ၄၅ ဦး၊ အထက်တန်းဆင့် ၂၆ ဦး ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ အမှတ်(၃)လုံခြုံရေးရဲတပ်တပ်ဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြင့်တိုးနှင့် အမှတ်(၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်ဆန်းတို့ လာရောက်ကြည့်ရှုအားပေးကြသည်။

ဇွန် ၄ ရက် ပိုစတာပြိုင်ပွဲတွင် မူလတန်းအဆင့် ၂၀၊ အလယ်တန်းဆင့် ၂၁ ဦး၊ အထက်တန်းဆင့် ၁၉ ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ၁၃ ဦး၊ အထက်တန်းအဆင့် ၂၀ တို့ ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဇွန် ၂၆ ရက်တွင် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့နှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ**

# ဝန်းသိုမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနား ကျင်းပ

**စစ်ကိုင်း ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဝင်းကြီးအုပ်စု ကံကုန်း၊ မင်းကုန်း၊ မာလကာတော ကျေးရွာသုံးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၉ နာရီက ကံကုန်းကျေးရွာတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ဝန်းသိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ကံကုန်းကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ယခင်က အဆိုပါကျေးရွာ (၃)ရွာတွင် ကံကုန်းကျေးရွာနှင့် မာလကာတောကျေးရွာသည် အသေးစားရေအားဖြင့် လည်းကောင်း၊ မင်းကုန်းကျေးရွာသည် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လည်းကောင်း ဓာတ်အားရယူသုံးစွဲခဲ့သည့် ကျေးရွာများဖြစ်သည်။

ယခုအခါအဆိုပါကျေးရွာ သုံးရွာ ဓာတ်အားရယူနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း(၃ ဒသမ ဝ)မိုင်တည်ဆောက်ခြင်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရံပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၅၄ ဒသမ ၈၈ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ပြီး ကံကုန်းကျေးရွာတွင် (၁၁/သုည ဒသမ ၄)ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ၄၀၀၀ ဗို့ဓာတ်အားလိုင်း (သုည ဒသမ ၉၇)မိုင်၊ မင်းကုန်းကျေးရွာတွင် (၁၁/သုည ဒသမ ၄) ကေဗွီ (၁၀၀) ကေဗွီအေထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း (သုည ဒသမ ၄၃)မိုင်၊ မာလကာတောကျေးရွာတွင် (၁၁ ဒသမ ဝ၄)ကေဗွီ (၅၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း (သုည ဒသမ ၂)မိုင်တို့အား ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ကြောင်း သိရသည်။

**စိုင်းလူမင်း (မီဒီယာ)**

## ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အခြေခံပညာကျောင်းများအား သွားရောက်ကြည့်ရှုစစ်ဆေး

**ဒီးမော့ဆို ဇွန် ၄**

ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူတို့က ဇွန် ၃ ရက် နံနက် ၁၁ နာရီက ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ဆရာ၊ ဆရာမများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျောင်း၏ လိုအပ်ချက်၊ ကျောင်းသန့်ရှင်းသာယာလှပရေး၊ ကျောင်းဆောင်သစ် စနစ်တကျ လွှဲပြောင်းလက်ခံမှုများ ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ ပူးဖားကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဝင်းတံခါးပြုပြင်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ဆီလီဒုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ကျောင်းဝင်းတံခါးပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ဟန်သောခူကျေးရွာ အခြေခံပညာမူလတန်းကျောင်း အိမ်သာဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ ဒေါကမီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လျှပ်စစ်မီးသွယ်တန်းနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ဆောင်ဒူရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်ချက်များဖြည့်စွက်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် သုံးသိန်း၊ ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းတို့ကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး



**မြစ်ကြီးနား ဇွန် ၄**

မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စည်ပင်ပြည်သူ့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည့် လယ်ကုန်းရပ်ကွက် နယ်မြေ(၁၄)အတွင်း ကတ္တရာလမ်းခင်းကျင်းထားရှိမှု၊ စည်ပင်သာယာဈေးအတွင်း ဈေးခေါင်းရုံးတည်ဆောက်နေမှုနှင့် ဇရာဦးပန်းခြံအတွင်း ကျောက်စီရေထိန်းနံရံနှင့် မြေရာရှုခင်း၊ နားနေဆောင်များဆောင်ရွက်နေမှုတို့နှင့် တပ်ကုန်းရပ်ကွက် ရာဒါကောင်း(A) လမ်းကို စည်ပင်ပြည်သူပူးပေါင်း၍ ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒူကထောင်ရပ်ကွက် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး အဆိုပါ ကျောင်းဝင်းအတွင်း လျှပ်စစ်မီးလုံလောက်စွာ အသုံးပြုနိုင်ရေး မီတာချထားပေးရန်၊ သောက်သုံးရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းပေးရန်နှင့် ကျောင်းအဝင်လမ်းအား ကတ္တရာလမ်း ခင်းကျင်းပေးနိုင်ရေး၊ ကျောင်းခန်းမရရှိရေးနှင့် ရပ်ကွက်အတွင်း ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးနိုင်ရေးစသည့် လိုအပ်ချက်များအတွက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေစီးရေလာကောင်းရေးလုပ်ငန်းဆောင်ရွက်ထားမှု မိုးရာသီအကြို စမ်းသပ်အကဲဖြတ်

**ရန်ကုန် ဇွန် ၄**



ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင် မိုးရာသီရေစီးရေလာကောင်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်နေကြရာ ဇွန် ၃ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်နိမိတ်ဖြစ်သော ရန်ကုန်-အင်းစိန်လမ်းမကြီး လှိုင်ရတနာဈေးရှေ့တစ်လျှောက် ရေနုတ်မြောင်းအတွင်း နုန်းသဲအမှိုက်များပိတ်ဆို့နေသဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှလုပ်သားများက စက်ယန္တရားနှင့်ပေါင်းစပ်ပြီး ဆယ်ယူရှင်းလင်းနေမှုကို မြင်တွေ့ရသည်။

ရန်ကုန်-အင်းစိန်လမ်း ရေနုတ်မြောင်းသည် ရန်ကုန်-အင်းစိန်လမ်းမြေအောက်ဖြတ်မြောင်းမှတစ်ဆင့် ပိတောက်ချောင်းထဲသို့စီးဝင်သွားပြီး သီရိမင်္ဂလာဈေးသစ်ကြီးဘေးမှတစ်ဆင့် လှိုင်မြစ်ထဲသို့စီးဝင်သွားသည်။ ရန်ကုန်မြို့တွင် ရွာသွန်းခဲ့သော မိုရာမုန်တိုင်းမိုးသည် စည်ပင်သာယာမှ ရေစီးရေလာဆောင်ရွက်ထားမှုကို မိုးရာသီအကြိုကာလ စမ်းသပ်အကဲဖြတ်လိုက်ခြင်းဖြစ်သည်ဟု မြို့ပြစီမံခန့်ခွဲမှုလုပ်ငန်းရပ်များ စိတ်ဝင်စားသူ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

"မိုရာမုန်တိုင်းမိုးက ရန်ကုန်မြို့ရေစီးရေလာလုပ်ငန်းကို အကဲဖြတ်ပေးလိုက်တဲ့မိုးပါပဲ။ ရေစီးနဲ့အတူ မျောပါလာတဲ့ အမှိုက်တွေက မြင်မကောင်းဘူး။ စည်ပင်သာယာက အမှိုက်ပုံး၊ အမှိုက်ကန်တွေ ဖြန့်ကြက်ပေးထားပေမယ့် ရေမြောင်းထဲစွန့်ပစ်တဲ့ အလေ့အထတွေ ရှိနေတုန်းပဲ" ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့တွင် မိုးရာသီရောက်တိုင်း ကားလမ်းအချို့ ရေကြီးရေလျှံဖြစ်စဉ်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြမှုများရှိခဲ့ပြီး မြို့ပြအရေးစိတ်ဝင်စားသူများကလည်း စောင့်ကြည့်မှုများရှိသည်ဟုဆိုသည်။ သို့သော် မျက်မှောက်ကာလတွင် ကားလမ်းအချို့ ရေကြီးရေလျှံမှုဖြစ်စဉ်များ လျော့နည်းပပျောက်သွားသည်ကို မြင်တွေ့ရသည်။

**မောင်သုည**

## ဘားလားချောင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန် ဆင်ဖုန်ရေထိန်းတံခါးသစ် တည်ဆောက်ပြီးစီး

**လှည်းကူး ဇွန် ၄**

ဘားလားချောင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန်အတွက် ဆင်ဖုန်ရေထိန်းတံခါးသစ်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ခဲ့ရာ ယခုအခါ ဆင်ဖုန်ရေထိန်းတံခါးသစ် အမြင့် ရှစ်ပေ၊ အကျယ်ရှစ်ပေရှိသော အပေါက်ရှစ်ပေါက်အား တည်ဆောက်ပြီးစီးသွားပြီဖြစ်သောကြောင့် မုန်တိုင်းအရှိန်ဖြင့် ရွာသွန်းခဲ့သော မိုးရေများကို ရေကောင်းစွာနုတ်ပေးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဘားလားချောင်းမှာ အမှတ်(၁)လမ်းအထက်ပိုင်း မှော်ဘီမြို့နယ်အရှေ့ဘက်တွင် ချောင်းဖျားခံလျက် မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဘားလားချောင်းအဟောင်းသည် ခန့်မှန်းခြေ အလျား ၁၉ မိုင်ခန့်ရှိကာ ဘားလားချောင်းအသစ်သည် အလျား ၅ ဒသမ ၆ မိုင်ခန့်ရှိသည်။ ဘားလားချောင်းပေါ်တွင် တံတားပေါင်း ၁၁ စင်းရှိပြီး မင်္ဂလာဒုံမြို့နယ်ရှိ ဘားလားချောင်းအဟောင်းနှင့် ဘားလားချောင်းအသစ်တို့သည် ဘားလားရွာအနီးတွင် ဘားလားချောင်းအဖြစ်ပေါင်းဆုံကာ ရွှေပေါက်ကံမြို့သစ်အနီးရှိ ဆင်ဖုန်ရေတံခါးမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သောချောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဘားလားချောင်းသည် မိုးရာသီကာလ မိုးများသောအချိန်၌ နှစ်စဉ်ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိပြီး ရေကြီးမှုဖြစ်ပေါ်ချိန်တွင် ရွှေနံ့သာကျေးရွာ၊ ငွေနံ့သာကျေးရွာနှင့် ဇေကမ္ဘာစက်မှုဇုန်တို့တွင် ရေနစ်မြုပ်လေ့ရှိကာ ရေကြီးကာလများ၌ အမှတ်(၁)လမ်း (ရန်ကုန်-မန္တလေးလမ်း) တွင်လည်း နှစ်စဉ်ရေကျော်လေ့ရှိကြောင်း သိရသည်။

ဘားလားချောင်းသည် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းချိန်နှင့် ထူးကဲဒီရေတက်ချိန်တို့ တိုက်ဆိုင်ပါက ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘားလားချောင်းချဲ့ထွင်တူးဖော်ခြင်း၊ ဆက်စပ်ရိုးများတူးဖော်ခြင်းနှင့် ဆင်ဖုန်ရေထိန်းတံခါးအသစ် ၈ ပေ × ၈ ပေ ရှစ်ပေါက်ကို ထပ်မံတည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ခွင့်ပြုခဲ့သဖြင့် ယခုအခါ လုပ်ငန်းများအလုံးစုံဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေထိန်းတံခါးအသစ်မှ ရေနုတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။

ယခင်က အမြင့် ၈ ပေ၊ အကျယ် ၈ ပေရှိသောအပေါက် ၁၁ ပေါက်ရှိသည့် ဆင်ဖုန်ရေတံခါးနှင့် ၅ ပေ × ၄ ပေ လေးပေါက် ရေတံခါးတို့အပြင် ၈ ပေ × ၈ ပေ ရှစ်ပေါက် ရေတံခါးအသစ်တစ်ခုအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေနုတ်အားပမာဏ ပိုမိုများပြားလာသဖြင့် ယခုနှစ် မေ ၂၈၊ ၂၉၊ ၃၀ နှင့် ၃၁ ရက်တို့တွင် မုန်တိုင်းအရှိန်ဖြင့် ရွာသွန်းခဲ့သော မိုးရေများကို ရေကောင်းစွာနုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက "မူလကရေထိန်းတံခါးအဟောင်းရှိပြီးသားပါ။ ရှိနေတဲ့ရေတံခါးအပြင် ထူးကဲဒီရေများတက်ချိန်၊ မိုးဆက်တိုက်ရွာသွန်းမှုများကြောင့် ရေထုတ်တာမလောက်တော့ပါဘူး။ ဒါကြောင့် ဆင်ဖုန်ရေထိန်းတံခါးအသစ်ကို ထပ်မံတည်ဆောက်ဖြစ်တာပါ။ ဒီလိုရေထိန်းတံခါးအသစ် ထပ်မံတည်ဆောက်လိုက်ခြင်းအားဖြင့် ရေနုတ်အားပိုမိုကောင်းမွန်လာမှာဖြစ်ပြီး အပေါ်မှာ ရေကြီးနစ်မြုပ်မှုဒဏ်က ကင်းဝေးစေမှာဖြစ်ပါတယ်။ ဒီဘားလားချောင်းတစ်လျှောက်မှာရှိတဲ့ တံတား ၁၁ စင်းက အောက်ခြေတွေကိုလည်း ရေစီးရေလာကောင်းအောင် ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ထားပါသေးတယ်။ နောက်ပြီးဒီချောင်းကိုလည်း ရေတွေသယ်နိုင်အောင်လို့ အနက်ရော၊ အကျယ်ပါ ထပ်နှိုက်ပြီး တူးဖော်လိုက်တာမို့ ခုဆို ရေစီးရေလာကောင်းမွန်နေပါပြီ" ဟု ရှင်းပြသည်။

မိုးရွာသွန်းသောကာလဖြစ်သည့် မေ ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်က မုန်တိုင်းအရှိန်ကြောင့် ဘားလားချောင်းအဖျားရှိ ကလီထော်တမံ၏ မိုးရေချိန်မှာ စုစုပေါင်း ၇ ဒသမ ၁၂ လက်မရွာသွန်းခဲ့ပြီး လှည်းကူးမြို့တွင် ၁၁ ဒသမ ၇၉ လက်မရွာသွန်းခဲ့ကာ ဆင်ဖုန်ရေတံခါးအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးတွင် ၁၁ ဒသမ ၅၆ လက်မရွာသွန်းခဲ့သဖြင့် ထိုသို့ စဉ်ဆက်မပြတ်သည်းထန်စွာရွာသွန်းသော မိုးရေချိန်ကို ကောင်းစွာထုတ်နုတ်နိုင်ခဲ့ခြင်းမှာ ဘားလားချောင်းအား ချဲ့ထွင်တူးဖော်ခြင်းနှင့် ဆင်ဖုန်ရေတံခါးအသစ်မှ ရေကူရေနုတ်ပေးခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘားလားချောင်းရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန်အတွက် တည်ဆောက်ခဲ့သော ဆင်ဖုန်ရေထိန်းတံခါးအသစ်အား ပြီးခဲ့သည့် ဇန်နဝါရီလက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဧပြီလကုန်ပိုင်း၌ အပြီးသတ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**နိုးဝင်း-(MLA)**

## တောင်သူများ နွေစပါးမျိုးကွဲများနှင့် စိုက်ပျိုးချိန်ကွာဟမှုကြောင့် အောင်ရေလိုအပ်ချက်များအရ အထွက်နှုန်းကျဆင်း

**ရေတာရှည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခဲ့ကြသည့် တောင်သူများသည် နေရာဒေသအလိုက် စပါးမျိုးသက်တမ်းကွာခြားခြင်းအပြင် စိုက်ပျိုးချိန်မတူညီသည့်အတွက် သက်လတ်စပါးခင်းများ အောင်ရေလိုအပ်ချက်ရှိကာ ထွက်နှုန်းကျဆင်းခဲ့ကြောင်း ဒေသခံတောင်သူအချို့က ပြောကြားသည်။

နွေစပါးစိုက်ပျိုးရာ၌ ရက် ၉၀ သက်တမ်း ထိုင်းကောက်စပါးမျိုးနှင့် ရက် ၁၂၀ သက်တမ်းရှိ ရတနာတိုးစပါးမျိုးများကို အများဆုံးစိုက်ပျိုးခဲ့ကြသည်ကို တွေ့ရသည်။

"ဆည်မြောင်းဦးစီးဌာနက တောင်သူတွေလိုအပ်တဲ့ရေကို အပြည့်အဝပေးနိုင်ပါတယ်။ မြောင်းတွေလည်း အရင်ကထက်ပိုကောင်းလာတယ်။ ဒါပေမယ့် ခက်တာက သက်လတ်စပါးစိုက်ပျိုးတဲ့ တောင်သူတွေ အောင်ရေလိုအပ်နေတဲ့အချိန်မှာ ထိုင်းကောက်စိုက်တဲ့တောင်သူတွေက ရေကိုလျှော့ခိုင်းတယ်၊ ဖြတ်ခိုင်းတယ်။ သူတို့ကတော့ အဆင်ပြေတယ်။ ဒါပေမယ့် ရတနာတိုးစိုက်ပျိုးတဲ့ တောင်သူတွေ ရေအခက်အခဲဖြစ်တော့ အထွက်နှုန်းတွေ အတော့်ကိုကျဆင်းကုန်တယ်"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် အားလုံးတစ်ပြေးညီ သက်တမ်းတူ စပါးမျိုးများကိုစိုက်ပျိုးနိုင်ပါက ယခုကြုံတွေ့ရသည့် အခက်အခဲများမှ ရှောင်လွှဲနိုင်မည်ဖြစ်သည့်အပြင် ရေပေးဝေရေးလုပ်ငန်းများတွင်လည်း များစွာအဆင်ပြေနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ဘကြည်တစ်ကြည်တည်းရှိတယ်ရှင်းတမ်း

**ပန်းချီလှတင်ထွန်း**

၁၄-၁-၂၀၁၇ ထုတ် "ကြေးမုံ"တွင် "ဘကြည် တစ်ကြည်တည်းရှိတယ်" ပါသည့်နေ့က ကျွန်တော် ရန်ကုန်တွင် မရှိပါ။ တူလေးတစ်ယောက် မင်္ဂလာပွဲအတွက် မော်လမြိုင် ကမ်းနားလမ်းဟိုတယ်တွင် တည်းခိုနေပါသည်။ အချိန်ရသဖြင့် ကျိုက္ခမီရေလယ်ဘုရားသို့ ကျွန်တော့်မြေးလေးတွေနဲ့ ဘုရားဖူးသွားခိုက် ကျိုက္ခမီဘုရားကုန်းတော် ခုံတန်းကလေးတွင် နားနေချိန် တိုက်တိုက်ဆိုင်ဆိုင် ပန်းချီစိုးမြင့်ဒွေးထံက ဖုန်းဝင်လာပါသည်။ ဖုန်းကောက်ကိုင်လိုက်တာနှင့် "လှတင်ထွန်း၊ တစ်ထွန်းတည်းရှိတယ်"ဟု ဦးစိုးမြင့်ဒွေး၏ ရယ်ရယ်မောမောနှင့်ပြောသံကို ကြားရတော့ ကျွန်တော်အံ့ဩသွားရပါသည်။ ဘာဖြစ်လို့လဲမေးကြည့်တော့ "ဒီနေ့ ကြေးမုံမှာ ဆရာ့ဆောင်းပါးဘကြည်တစ်ကြည်တည်းရှိတယ်ကိုဖတ်ရလို့တဲ့။ သုံးခေါက်လောက်ဖတ်ကြည့်ပြီးတော့ ပန်းချီဆရာကြီး ဦးဘကြည်ကို ကြည်ညိုလွန်းလို့ ဆရာ့မှတ်တမ်းစာမှုကိုလည်း သဘောကျလွန်းလို့ လှတင်ထွန်း တစ်ထွန်းတည်းရှိပါလားလို့ 'ထ' အော်မိလိုက်တာပါ" တဲ့။ သူ့ဆီက သတင်းရလို့ နေ့လယ် ကမ်းနားဟိုတယ်ပြန်ရောက်တော့ မော်လမြိုင်ကို သတင်းစာရောက်တာနောက်ကျတယ်တဲ့။ ဖတ်ချင်သော်လည်း မဖတ်ရပါ။

ညနေစောင်းတော့ ပန်းချီဝင်းမြင့်မိုးဆီက ဖုန်းလာပြန်ရော၊ ဆရာ့ဆောင်းပါး 'ဗိုင်ဘာ'နဲ့ ပို့လိုက်ပြီတဲ့။ ဖုန်းထဲမှာပဲ 'ဘကြည် တစ်ကြည်တည်းရှိတယ်'ကို ပြန်ဖတ်ခွင့်ရပါသည်။ မျက်လုံးကမကောင်းတော့ ဖတ်ရတာအားမရခဲ့ပါ။ ရန်ကုန်ပြန်ရောက်မှ အပြည့်အဝဖတ်ရပါသည်။ ကျွန်တော့်စာမူကို ကြေးမုံအယ်ဒီတာချုပ်က 'ပညာရေးတက္ကသိုလ်အဝင် ပန်းချီကားနှစ်ချပ်'၊ 'သမိုင်းဝင်ပန်းချီကားနှစ်ချပ်'၊ 'ဆေးသုတ်ခံရ'၊ 'လေဆိပ်ပန်းချီနှင့် တစ်ချိန်တည်းဆွဲ'၊ 'ဘကြည်တစ်ကြည်တည်းရှိ' စသည်ဖြင့် အကြောင်းအရာအလိုက် ခေါင်းစဉ်အမည်းစာလုံးလေးတွေနှင့် ဖော်ပြပေးသဖြင့် ဆောင်းပါးအာဘော်ကို ပိုမိုပေါ်လွင်နေ၍ "ကြေးမုံ" အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်မိပါသည်။

သည်လောက်ဆိုလျှင် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်လည်း ကြေးမုံကိုဖတ်ပြီး သူသိချင်တာလေးတွေ သိသွားလောက်ပြီဟု ကျွန်တော်ယူဆနေပါသည်။ ဆောင်းပါးနိဂုံးတွင် ပန်းချီဦးဘကြည် ရာပြည့်အထိမ်းအမှတ်အဖြစ် ဆရာ့မိသားစုက တာဝန်ပေး၍ ကျွန်တော်ရေးသားခဲ့သော ပန်းချီဦးဘကြည်ဘဝနှင့် သူ့လက်ရာစာအုပ်ကို သမ္မတကြီးထံပေးပို့ရန် စီစဉ်မည်ဟု ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်သမ္မတကြီးထံ ဦးဘကြည်စာအုပ်တစ်အုပ်နှင့် စံတော်ချိန်ဆောင်းပါးများစာအုပ်တစ်အုပ် ပေးပို့ခဲ့ပါသည်။ စံတော်ချိန်ဆောင်းပါးများစာအုပ်ရိုက်နှိပ်နေစဉ် 'ကြေးမုံ'ပါ "ဘကြည်တစ်ကြည်တည်းရှိတယ်"ဆောင်းပါးကိုလည်း အချိန်မီနေ၍ နောက်ဆုံးမာတိကာတွင် ထည့်သွင်းပုံနှိပ်ခဲ့ပါသည်။

အတန်ကြာတော့ အမည်ဖော်ပြမထားသော ဖုန်းတစ်လုံးဝင်လာပါသည်။ သမ္မတရုံးက တာဝန်ရှိသူတစ်ဦးဖြစ်ပါသည်။ "စာအုပ်များရရှိကြောင်းနှင့် သမ္မတကြီးက ကျေးဇူးတင်ကြောင်းပြောပါတယ်"ဟု ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်ကလည်း "သမ္မတကြီးကို ကျေးဇူးတင်ပါတယ် ပြောပေးပါခင်ဗျာ"ဟု ပြန်ပြောခဲ့ပါသည်။

ဘကြည်တစ်ကြည်တည်းရှိတယ် ဆောင်းပါးကိစ္စမေ့သလောက်ရှိပြီးမှ ပခုက္ကူဆရာအတတ်သင်ကျောင်းအုပ်ကြီး ဦးဌေးဝင်းဆိုသူ ဖုန်းဆက်ပြန်ပါသည်။ ဦးဌေးဝင်းက ကျွန်တော့်ဖုန်းနံပါတ်ကို ကျွန်တော့်စာအုပ်တွေထဲကရကြောင်း၊ ပညာရေးတက္ကသိုလ်နံရံပန်းချီကားနှစ်ချပ်ကို ဆေးသုတ်လိုက်တာ ဒေါက်တာရဲအောင်ဟု ကျွန်တော်ယူဆထားတာမှားနေကြောင်း၊ ပန်းချီကားတွေရေးဆွဲစဉ်က ပါဝင်ကူညီခဲ့သူ၊ ထိုစဉ်က BEd ကျောင်းသားဘဝက ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်ဖြစ်လာသူ ဦးသောင်းထွဋ်လက်ထက်သုတ်ပစ်ခဲ့ရတာဖြစ်ကြောင်း၊ ရေးဆွဲတဲ့ခုနှစ်လည်း ၁၉၅၇ ခုနှစ်မဟုတ်ကြောင်း၊ ကျွန်တော့်မှာ အထောက်အထားစာအုပ်တွေရှိကြောင်း၊ ရန်ကုန်ကို မကြာမီလာမည်ဖြစ်ကြောင်း၊ ရန်ကုန်ဆေးရုံကြီးတွင် အမှုထမ်းနေသော သူ့သမီးဒေါက်တာ နွယ်နီဝင်းနှင့် သူ့သမက်ဒေါက်တာအောင်ထက် (တွဲဖက်ပါမောက္ခ၊ ဆေးတက္ကသိုလ်) တို့နေထိုင်သော ရန်ကုန်ဆေးရုံကြီးဝင်းတွင် တည်းမည်ဖြစ်ကြောင်း ပြောပါသည်။

သကြၤန်မတိုင်မီက ဦးဌေးဝင်း ရန်ကုန်ရောက်ပြီဟု သတင်းကြားသည်နှင့်ကျွန်တော်နှင့် ပန်းချီအောင်မောင်း (ဘုတလင်)တို့နှစ်ယောက် ဦးဌေးဝင်းနှင့်သွားတွေ့ကြပါသည်။ ကံဘဲ့ဆရာအတတ်သင် ပန်းချီကထိက ဦးအောင်မောင်းကလည်း ပညာရေးဌာန လုပ်ဖော်ကိုင်ဖက် ဦးဌေးဝင်းကို သိနေပါသည်။ ကျွန်တော်လည်း ပခုက္ကူက ဦးဌေးဝင်းကို တွေ့တွေ့ချင်း "ဆရာဦးဌေးဝင်းဆိုတာ ခင်ဗျားလား။ ဟာ ကျွန်တော် ကောင်းကောင်းမှတ်မိတာပေါ့၊ ဆရာဦးဌေးဝင်း BEd လာတက်သော ၁၉၆၇-၁၉၆၈ ပညာသင်နှစ်က ကျွန်တော် ပညာရေးတက္ကသိုလ် မြန်မာစာဌာနတွင် အမှုထမ်းနေပါသည်။ ဦးဌေးဝင်း ရုပ်ဆွေရုပ်မျိုး ကျွန်တော့်သူငယ်ချင်း ခင်စန်းရီ ပခုက္ကူသူလည်း BEd လာတက်နေသည့်အချိန်မို့ မှတ်မိနေသည်။ ဦးဌေးဝင်း MEd လာတက်သော ၁၉၈၂-၁၉၈၃ ပညာသင်နှစ်ရောက်တော့ ကျွန်တော်လည်း ပြင်သစ်ပန်းချီပညာတော်သင်ခရီး ပြန်ရောက်ပြီး ပညာရေးတက္ကသိုလ် ပန်းချီကထိက ကျွန်တော့်ဆရာ၏ရာထူး အမွေရရှိအမှုထမ်းနေရာ ဦးဌေးဝင်းနှင့်ပြန်ဆုံခဲ့ပြန်ပါသည်။ ပညာရေးတက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်းထုတ်တော့ ကျွန်တော် မဂ္ဂဇင်းတာဝန်ခံမျက်နှာဖုံးပန်းချီကိုလည်း ကျွန်တော့်လက်ရာနှင့် ထုတ်ဝေသည့်နှစ် ဆရာဦးဌေးဝင်းက ပညာရေးမဟာဌာနဘဝမှ ပညာရေးတက္ကသိုလ်ဘဝအထိ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များ အတ္ထုပ္ပတ္တိဆောင်းပါးတစ်စောင်ရေးခဲ့ပါသည်။ သူ့ဆောင်းပါးအတွက် လိုနေသော ဓာတ်ပုံများကို ထိုစဉ်က ကျွန်တော်နေသော လှည်းတန်း ခိုင်ရွှေဝါလမ်းအိမ်သို့ သူကိုယ်တိုင်လာပို့ခဲ့ဖူးကြောင်း ပြန်လည်သတိရကြပါသည်။

ဆရာဦးဌေးဝင်းသည် အမှတ်အသားကောင်းလှပြီး အစုအဆောင်းကောင်းသူလည်းဖြစ်ပါသည်။ တက္ကသိုလ်ပညာရေးမဟာဌာန နှစ်လည်မဂ္ဂဇင်း(၁၉၆၂-၁၉၆၃) ပညာသိပ္ပံနှစ်ပတ်လည် စာစောင်ရန်ကုန်တက္ကသိုလ် ၁၉၅၅ ခုနှစ်ကအစ မဂ္ဂဇင်းအဟောင်းများကျွန်တော့်ကို ငှားလိုက်ပါသည်။ ဆရာကြီး ဦးသောင်းထွဋ် (ပညာရေးဒုဝန်ကြီး)၏ အတွေ့အကြုံဆောင်းပါးပေါင်းချုပ်စာအုပ်လည်း ငှားခဲ့ပါသည်။ အစုအဆောင်းကောင်းလှသော ဦးဌေးဝင်းထံက ကျွန်တော်အယ်ဒီတာချုပ်အဖြစ် ထုတ်ဝေခဲ့သော မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးထုတ် 'လှပ' စာစောင်အတွဲ၊ အမှတ်(၁) က အစအဆုံးသိမ်းထားသည်ကို တွေ့ရှိရပါသည်။ 'လှပ' အမှတ်(၁) ပေါင်းချုပ်တွင် ဆရာမင်းသုဝဏ်၏ 'ဘကြီးအောင်ညာတယ်' ဝတ္ထုကို ပန်းချီဆရာကြီး ဦးဘကြည်သရုပ်ဖော်လက်ရာနှင့် ပြန်တွေ့ရတော့ အနုပညာရှင်ဆရာကြီးနှစ်ပါးကို လွမ်းဆွတ်သတိရပြီး အလွမ်းပြေပြန်ဖတ်ရပါသည်။

ဆရာဦးဌေးဝင်းထံမှရသော ၁၉၅၅ ခုနှစ် ပညာသိပ္ပံစာစောင်ပါ တွဲဖက်စာတည်း မအေးတင့်(ညောင်ရွှေ)၏ 'မဟာပညာရေးတက္ကသိုလ်' နေ့စဉ်မှတ်တမ်းဆောင်းပါးတွင် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်သိချင်နေသည့် ပန်းချီဦးဘကြည်၏ ပညာရေးတက္ကသိုလ်အဝင်နံရံနှစ်ဖက်က ပန်းချီကားနှစ်ကားရေးဆွဲသည့်ခုနှစ်မက ရေးဆွဲသည့်နေ့စွဲပါအတိအကျ ပါပါသည်။ မင်္ဂလာဒုံ လေဆိပ်ပန်းချီနှင့် တစ်နှစ်တည်းဆွဲတာတော့ မှန်ပါသည်။ ၁၉၅၇ ခုနှစ်က ဆွဲသည်ဆိုသည်မှာ မှားနေပါသည်။ ၁၉၅၇ ခုနှစ်သည် မင်္ဂလာဒုံလေဆိပ်ပန်းချီရေးဆွဲပြီးသည့်နှစ်သာဖြစ်ပြီး စတင်ရေးဆွဲသည်မှာ ၁၉၅၄ ခုနှစ်ကပင်ဖြစ်ကြောင်း၊ မအေးတင့်(ညောင်ရွှေ) မှတ်တမ်းတွင် အတိအကျတွေ့ရပါသည်။ ကျွန်တော်၏ 'ပန်းချီဦးဘကြည်ဘဝနှင့် သူ့လက်ရာ' စာအုပ် ဒုတိယအကြိမ်ထုတ်ပါက ဖြည့်စွက်ပြင်ဆင်ရမည်ဖြစ်ပါသည်။ မအေးတင့်၏ နေ့စဉ်မှတ်တမ်းတွင် ၁၅-၆-၅၄ ရက် ကျောင်းစဖွင့်သည့်နေ့ ဆရာကြီးဦးဘက ဆရာများအရေးပါပုံဟောပြောသည်ကအစ ၂၀-၇-၅၄ ရက်နေ့တွင် မဟာပညာရေးတက္ကသိုလ်အဆောက်အအုံသစ်ဖွင့်ပွဲ သံဃာတော်ကိုးပါးဆွမ်းကပ်ပုံများ အသေးစိတ်ပါပြီး ၂၈-၉-၅၄ ရက် မဟာပညာရေးဌာနတွင် ပန်းချီဆရာဦးဘကြည်၏ ဝန်ဇင်းမင်းရာဇာသရုပ်ပြပုံများ၊ ဆရာ့ကျေးဇူးသရုပ်ပြပုံများ တခမ်းတနားရေးဆွဲပြသထားသည်ကို မြင်ရပါသည်" ဟုပါရှိပါသည်။ ၂၉-၉-၅၄ နေ့ ပညာရေးမဟာဌာန ပြပွဲသို့ဝန်ကြီးချုပ်ဦးနုနှင့် အရာရှိများကြွရောက်ဟု ရေးပါသည်။ ထို့ကြောင့် ဆရာဦးဘကြည်ရေးဆွဲသော 'ထွန်တုံးမှ ထိပ်တုံးသို့' နံရံပန်းချီနှင့် ဆရာ့ကျေးဇူးဂုဏ်ကို သရုပ်ဖော်သည့် 'ဂုတ္တိလ' စောင်းဆရာကြီးနှင့်တပည့် 'မုသိလ' တို့ စောင်းပြိုင်ပွဲနံရံပန်းချီနှစ်ကားကို တစ်ညတည်းနှင့် လက်စွမ်းပြခဲ့သောနေ့မှာ ၂၈-၉-၁၉၅၄ ရက်ဖြစ်ကြောင်း သိသာသွားပါသည်။ မှတ်တမ်းရေးခဲ့သူ ဆရာမကြီးဒေါ်အေးတင့်(ညောင်ရွှေ)နှင့် စုဆောင်းရှာဖွေပေးသူ ဆရာဦးဌေးဝင်းကိုလည်း ကျေးဇူးတင်လှပါသည်။





ဆရာဦးဌေးဝင်း၏ ဖခင်ဦးဘိုကြီးသည် ထိုစဉ်က တီတီစီခေါ် ပညာရေးလေ့ကျင့်ရေးတွင် အလယ်တန်းပြဆရာဖြစ်ပြီး ဦးဌေးဝင်းမှာ တတိယတန်းကျောင်းသားဘဝနှင့် ဆရာဦးဘကြည်မှာ ပညာရေးမဟာဌာနတွင် ပန်းချီကထိက ဆရာ့ဇနီး အန်တီဒေါ်တင်မေမှာ စာကြည့်တိုက်မှူးဖြစ်ပါသည်။ ထို့ကြောင့် ထိုကျောင်းဝင်းထဲမှာပဲနေသော ဦးဌေးဝင်းမှာ ကလေးဘဝကတည်းက ဆရာဦးဘကြည်၏ နံရံပန်းချီကားများကို မြင်တွေ့ခဲ့ဖူးသူလည်း ဖြစ်ပါသည်။ သူ BEd, MEd တက်သည့် ဘဝအထိ ထိုပန်းချီများကို အောက်ပိုင်းတွေ စပျက်နေပုံတွေ တွေ့ခဲ့ရသည်ဟု ဆိုပါသည်။ ဆရာဦးဌေးဝင်းကူးပေးသော ဆရာကြီးဦးသောင်းထွဋ်ကိုယ်တိုင်ပြောကြားသည့် ပညာရေးအတွေ့အကြုံစာအုပ်ပါ "ပညာရေးမဟာဌာနကျောင်းသားဘဝ"ကဏ္ဍပါ အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆရာကြီးဦးသောင်းထွဋ်က "ပညာရေးမဟာဌာနအဆောက်အအုံ၏ဖွင့်ပွဲနှင့် ပညာရေးပြပွဲနှစ်ခုကိုပေါင်းပြီး ကျင်းပရာမှာ အဲဒီတုန်းက ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့တာ မှတ်မိနေပါမယ်။ နိုင်ငံကျော်ပန်းချီဆရာကြီး ဦးဘကြည်ရဲ့လက်စွမ်းကို မှတ်တမ်းတင်ချင်ပါသည်။

ကျောင်းဆောင်အဆောက်အအုံဖွင့်ပွဲမလုပ်မီ ၁၀ ရက်လောက်က ဆရာကြီးဦးဘကြည်ကို ဆရာကြီး ဦးဘကြည် ကျောင်းဝင်မုခ်ဝ တစ်ဖက်တစ်ချက်မှာရှိတဲ့ နံရံကြီးနှစ်ဖက်အပြည့် ပန်းချီဆွဲခိုင်းပါတယ် 'ထွန်တုံးမှ ထိပ်ဆုံးသို့'ဆိုတဲ့ စာသားကိုသရုပ်ဖော်တဲ့အနေနဲ့ လယ်သမားဘဝမှ ဘုရင့်အကြံပေး ပညာရှိဘဝကို ရောက်သွားတဲ့ ရာဇသကြၤန်အမတ်ကြီးအကြောင်း သရုပ်ဖော် Mural Painting ကို ဆွဲခိုင်းထားပါတယ်။

အဲဒီတုန်းက ဆရာကြီးဦးဘကြည်က ရန်ကုန်လေဆိပ်အဆောက်အအုံသစ်ကြီး ဧည့်သည်ဆောင်စားသောက်ဆောင်နံရံကြီးတွေမှာ Mural Painting တွေ ရေးဆွဲနေပါတယ်။ အဲဒီတာဝန်ကလည်း ရက်ကပ်နေလို့ နေ့ညမအားလပ်အောင် ရေးဆွဲနေကြောင်း သိရပါတယ်။ အဲဒါကြောင့် ဆရာကြီးဦးဘကြည်တာဝန်ပေးထားတာကို အကောင်အထည်ဖော်ဖို့ နှောင့်နှေးနေလိုက်တာ ဖွင့်ပွဲလုပ်ဖို့ တစ်ရက်ပဲလိုပါတော့တယ်။ ဘာမှုမရေးသေးတာ တွေ့ရပါတယ်။ ဆရာကြီး ဦးဘဟာ ဖွင့်ပွဲ၊ ပြပွဲအတွက် အလုပ်များနေလို့ပန်းချီဆွဲခိုင်းထားတာကို သတိမရဘူး။ သတိရလို့သွားကြည့်တော့ ဘာမှုမရှိသေးတာကိုလည်းတွေ့ရော ဒေါသူပုန်ထ၊ ဆူပူအော်ဟစ်ဆဲဆိုသံတွေ ဆူညံသွားတာပဲ။ ကျွန်တော်ဖို့ကလည်း ပြပွဲအတွက် ပြင်ချင်တာနဲ့သွားလည်းကြည့်ရော ဆရာကြီးက ကျွန်တော့်ကို ဆရာဦးဘကြည်ရဲ့ဇနီး စာကြည့်တိုက်မှူး ဒေါ်တင်မေကို သွားခေါ်ခိုင်းပါတယ်။ ဒေါ်တင်မေလည်းရောက်ရော

စာမျက်နှာ ( ၁၈ ) သို့



# ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားပြုလုပ်

**ပဲခူး ဇွန် ၄**
ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာကိုကိုဦးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်ပြခန်းငယ်အား ကြည့်ရှုအားပေးကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ် မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားရှိပြီး ပြည်သူလူထုကို ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုနှင့်ဆက်စပ်နေသည့် အန္တရာယ်များ သတိပေးရန်နှင့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျစေရန်အတွက် ထိရောက်သောနည်းဗျူဟာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ရောဝတီမြစ်ရေရှတ်တရက်မြင့်တက်၍ ရေမျောထင်းဆယ်ယူသူများအဆင်ပြေ

**မြစ်ကြီးနား ဇွန် ၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဇွန် ၁ ရက် မွန်းလွဲပိုင်းမှစတင်ကာ ဧရာဝတီမြစ်ရေရှတ်တရက်မြင့်တက်လာသဖြင့် ရေမျောထင်းများ ဆယ်ယူသူများမှာ စီးပွားဖြစ် အဆင်ပြေလျက်ရှိသည်။

ဧရာဝတီမြစ်အတွင်း မိုးရွာပြီး ရေမြင့်တက်လာမှုကြောင့် မြစ်ကြီးနားမြို့ အထက်ဖက်တော၊ တောင်များအတွင်းမှ သဘာဝအလျောက် ပြိုလဲထားသည့် သစ်ပင်ကြီးငယ်များမှာ ရေစီးနှင့်အတူ မျောပါလျက်ရှိရာ မြစ်ကြီးနားမြို့နေ ဒေသခံစက်လှေငယ်များက အဆိုပါရေမျောထင်းများအား လိုက်လံဆယ်ယူလျက်ရှိပြီး မိုးရာသီတွင် ထင်းအဖြစ်စုဆောင်းကာ ပြန်လည်ရောင်းချခြင်းဖြင့် စီးပွားဖြစ်လုပ်ကိုင်နေကြကြောင်း ရေမျောထင်းဆယ်သူတစ်ဦးထံမှ သိရသည်။

**ဦးလေးကြီး**

# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၄**
နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရန်အတွက် ရည်ရွယ်ပြုလုပ်သော ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောအားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂ ရက် မွန်းတည့် ၁၂ နာရီက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသမီးတံခွန်စိုက်ဆုဖလားဆုရ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားတံခွန်စိုက် ဆုဖလားရ ရှမ်းပြည်နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးမန်းတိုးရွှေ၊ ဥပဒေကြမ်းနှင့် တိုင်ကြားစာကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးခင်ဇော်လင်းတို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများကိုပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မော်ဇော်**

## ဘကြည် တစ်ကြည်တည်းရှိတယ် ရှင်းတမ်း

စာမျက်နှာ(၁၇)မှ

ဆရာကြီးဦးဘကြည်က ဒေါ်တင်မေကို ဦးဘကြည်အား မတွေ့တွေ့အောင်ရှာခိုင်းပြီး နက်ဖြန်ဖွင့်ပွဲအမီ ပန်းချီမပြီးရင် ဇနီးမောင်နှံနှစ်ယောက်လုံး အလုပ်ထုတ်ပြီလို့ပြောလိုက်လို့ပြောပြီး ထွက်သွားပါတော့တယ်။

ကျွန်တော်တို့လည်း ဒေါ်တင်မေရဲ့ပြောပြချက်အရ လေဆိပ်ကိုပြေးပြီး ဆရာဦးဘကြည်အား အကျိုးအကြောင်းပြောပြပါတယ်။ ဆရာ ဦးဘကြည်ကတော့ အေးဆေးပဲ။မကြာခင်လာတော့မယ့်အကြောင်းနဲ့ ကျွန်တော့ကိုလည်း သူမလာမချင်းစောင့်နေလို့ မှာလိုက်ပါတယ်။အဲဒီအချိန်က မွန်းတည့် ၁၂ နာရီလောက်ရှိနေပါပြီ။ ဆရာဦးဘကြည်ဟာ ညနေ ၃ နာရီလောက်မှာ တပည့်နှစ်ယောက်နဲ့ရောက်လာပြီး နံရံမှာ မီးသွေးခဲနဲ့ အရုပ်တွေကို လျာထားပါတယ်။ ပြီးတော့လွတ်နေတဲ့နောက်ခံနံရံတွေကို အကွက်လိုက် လျာထားသတ်မှတ်ပေးပြီး ဘယ်အကွက်မှာ ဘယ်အရောင်ခြယ်ရမယ်ဆိုပြီး ဆရာ့တပည့်နှစ်ယောက်နဲ့ ကျွန်တော်တို့ကို ထားခဲ့ပါတယ်။ ကျွန်တော်တို့ကပါဝိုင်းပြီး အောက်ခံဆေးတွေကို စုတ်ပြားကြီးနဲ့ အကွက်လိုက် ဆေးသုတ်ပေးခဲ့ရပါတယ်။

ကျွန်တော့်ကို ဆရာဦးဘကြည်က အောက်လင်းမီးသုံးလုံး လောက်ရှာထားဖို့ ထမင်းကြော်ဝယ်ထားဖို့နဲ့ ဆရာဦးဘက မေးလာရင် ဆရာကြီးရဲ့ဆန္ဒကို ဖြည့်နိုင်ပါတယ်လို့ ဖြေလိုက်၊ ညနေ ၆ နာရီ၊ ၇ နာရီလောက် ပြန်လာမယ်လို့မှာပြီး လေဆိပ်ကိုပြန်သွားပါတယ်။ ညနေ ၆ နာရီလောက်က ဆရာကြီးဦးဘရောက်လာတော့ ကျွန်တော်တို့ဝိုင်းပြီးဆေးသုတ်နေတာလည်းမြင်ရော ဆရာကြီးထပ်ဒေါပွပြီး ဘကြည် ဘယ်မလဲလို့ မေးတယ်။ ကျွန်တော်တို့ရှင်းပြတာကို နားမထောင်တော့ဘဲ မနက်ဖွင့်ပွဲအချိန်မှာ တိုးလိုးတန်းလန်း ကိုးရိုးကားရားပုံတွေဖြစ်နေရင်တော့ အလုပ်ထုတ်ရုံတင်မကဘူး။ ငါကိုယ်တိုင်သတ်မယ်လို့ ပြောဆိုပြီး ထွက်သွားပါတော့တယ်။

မကြာခင် ဆရာဦးဘကြည်ရောက်လာပါတယ်။ အကျိုးအကြောင်းပြောပြတော့ ဆရာဦးဘကြည်က 'ဘကြည် တစ်ကြည်တည်းရှိတယ်ဆိုတာ ဆရာကြီးမသိလို့ ပြောတာပါကွာ' လို့ ခပ်အေးအေးပဲပြောပြီး ပုံတွေကို အရောင်စသွင်းတော့တာပါပဲ။ ကျွန်တော်တို့လည်း ဆေးခွက်နဲ့ လိုအပ်တာတွေ ဝိုင်းလုပ်ပေးနေတုန်း ည ၁၀ နာရီလောက်မှာ ဆရာကြီးဦးဘ ရောက်လာတဲ့အခါ နံရံပန်းချီကားတွေဟာ ရုပ်လုံးပေါ်သင့်သလောက်ပေါ်နေတာကိုတွေ့တော့ ဆရာကြီးရဲ့လေသံပြောင်းသွားပြီး "မောင်ဘကြည် အချိန်မီပြီးပ့ါမလားကွဲ့"လို့ မေးပါတယ်။ ဆရာဦးဘကြည်က လှေကားထိပ်ပေါ်ကနေရပ်ပြီး ဆရာကြီး ဒုက္ခခံပြီး ခားရှာမနေပါနဲ့လို့ ရယ်ရွှန်းပတ်ရွှန်းပြောလိုက်တော့ 'စောင့်ကြည့်ရသေးတာပေါ့ကွာ၊ အချိန်မရလို့ဆိုပြီး ဖြစ်ကတတ်ဆန်းတော့ မဆွဲနဲ့နော်' ဒါသမိုင်းတွင်မယ့်ပန်းချီကားကွ' လို့ ဦးဘကြည်ကိုပြောပြီး ကျွန်တော်တို့ဘက်ကိုလှည့်ပြီး 'မောင်ဘကြည်ကို ဝိုင်းကူလိုက်ကြပါကွာ၊ ညပိုင်းမှာ သူဆာရင်ဆာလိမ့်မယ်၊ သူစားချင်တာကိုဝယ်ပေးလိုက်ပါ ရော့ယူထားလိုက်' ဆိုပြီး ငွေကျပ် ၂၀၀ ကို ကျွန်တော့်အားပေးခဲ့ပြီး ပြန်သွားပါတယ်။

ကျွန်တော်တို့လည်း ဦးဘကြည်ရေးဆွဲနေတာကို တအံ့တဩကြည့်လိုက် ဆရာခိုင်းတာလုပ်လိုက်နဲ့ မနက် ၄ နာရီခန့်ရောက်တော့ ပန်းချီကားကြီးပြီးသွားပါတယ်။ ဆရာဦးဘကြည်က ဒို့တာဝန်ပြီးပြီ ပြန်အိပ်ကြစို့လို့ဆိုပြီး ပြန်ကြပါတယ်။ မနက်ဖွင့်ပွဲအပြီး ဝန်ကြီးချုပ်ဦးနုကို ဒီနံရံပန်းချီကားကြီးတွေကို ဆရာဦးဘကြည် တစ်ညတည်းနဲ့ အပြီးဆွဲခဲ့တဲ့အကြောင်း ရှင်းပြခဲ့တယ်လို့ သိရပါတယ်။ ဝမ်းနည်းစရာကောင်းတာက အဲဒီနံရံပန်းချီကားကြီးတွေဟာ လက်လှမ်းမီတဲ့နေရာမှာရှိတော့ ကလေးတွေလက်ဆော့မှုကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတာနဲ့ ၁၉၈၀ ပြည့်လောက်မှာထင်တယ်။ အဲဒီသမိုင်းဝင် နံရံပန်းချီကားကြီးများအပေါ်ကို ဆေးအားလုံးသုတ်လိုက်ရလို့ ဆရာကြီးဦးဘကြည်ရဲ့ သမိုင်းဝင်လက်ရာကောင်းတစ်ခုဟာ ပျောက်ပျက်သွားပါတော့တယ်"ဟု ဆရာကြီး ဦးသောင်းထွန်း၏ ရေးသားချက်အရကျွန်တော့်ဆောင်းပါးတွင် ပါမောက္ခချုပ်ဒေါက်တာရဲအောင်လက်ထက်မှာ ဆေးသုတ်မိသည်ဟု အယူအဆမှားယွင်းသွားခဲ့ပါသည်။ ကျွန်တော် နားမလည်နိုင်သည့်အချက်မှာ ထိုစဉ်က ဆရာဦးဘကြည် အငြိမ်းစားယူပြီး ကျန်းမာတုန်း ပန်းချီကားတွေရေးဆွဲနေတုန်းဖြစ်ပါသည်။ သူကိုယ်တိုင် ပါဝင်ကူညီရေးခဲ့ပြီး သမိုင်းဝင်ပန်းချီကားမှန်းသိပါလျက် ဘာကြောင့် ဆေးသုတ်ခိုင်းခဲ့ပါသလဲ၊ ဆရာဦးဘကြည်ကို ဆေးပြန်ထပ်ပေးရန် သို့မဟုတ် အရောင်ထပ်ခြယ်ပေးရန် မေတ္တာရပ်ခံမည်ဆိုလျှင် ဆရာကလည်း ငြင်းမည်မထင်။ အဖြစ်မှန်ကိုတော့ ကွယ်လွန်သွားပြီဖြစ်သော ပညာရေးဝန်ကြီး ဦးသောင်းထွန်းသာ သိမည်ဖြစ်ပါသည်။

ယခုတော့ ပခုက္ကူဆရာအတတ်သင်ကျောင်းအုပ်နှင့် အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဘဝမှ အငြိမ်းစားယူထားသူ အစုအဆောင်းအမှတ်အသားနှံ့စပ်သူ ဆရာဦးဌေးဝင်း၏ ကျေးဇူးကြောင့် ရေးဆွဲသည့်ခုနှစ်အတိအကျနှင့် ဆရာကြီးဦးသောင်းထွန်းကိုယ်ရေးမှတ်တမ်းကို ဖော်ပြရှင်းလင်းခွင့်ရ၍ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရပါသည်။

ပန်းချီဆရာကြီး ဦးဘကြည်၏ဘဝတွင် အသက်ထင်ရှားရှိစဉ်ကပင် ဖျက်ဆီးခံရသော ပန်းချီကားနှစ်ကားရှိပါသည်။ ပြည်လမ်းလိပ်ခုံရှေ့က ဒေါင်းရုပ်ပန်းချီကားကြီးနှင့် တစ်ညတည်းနှင့်လက်စွမ်းပြခဲ့သည့် ပညာရေးတက္ကသိုလ်အဝင် နံရံပန်းချီကားကြီးဖြစ်ပါသည်။ ဆရာမရှိသည့်နောက် လွန်ခဲ့သောတစ်နှစ်က လေဆိပ်သစ်ကြီးတည်ဆောက်ရာတွင်ယူနက်စကို အကူအညီယူလျှင် Public Area တစ်ခုတွင် ပြောင်းရွှေ့ထားနိုင်ပါလျက် ခြောက်ပေ၊ ခုနစ်ပေ



လေဆိပ်ပန်းချီကားရှေ့
ဘီဟာန်စိန်၊ ဆရာဦးဘကြည်၊ ဆရာကတော် ဒေါ်တင်မေ

အရွယ် အင်္ဂတေတုံးကြီးများဘဝရောက်အောင် ဖျက်ဆီးခံခဲ့ရသည်မှာ နိုင်ငံတော်၏ရတနာများ ဆုံးရှုံးမှုကြီးတစ်ခုပင်ဖြစ်ခဲ့ရကြောင်း ကျွန်တော်တို့ အနုပညာမြတ်နိုးသူများက ယူဆထားကြပါသည်။ နောင်အနှစ်တစ်ရာလည်း ဆရာကြီးဦးဘကြည်လိုပညာရှင် ပန်းချီဆရာမျိုး ပေါ်ပေါက်တော့မည်မထင်ကြောင်း ယုံကြည်ထားကြပါသည်။ လေဆိပ်သစ်ကြီးဆောက်ဖို့ ပန်းချီကားကြီးရွှေ့ပြောင်းရေး အစည်းအဝေးတက်ခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိ အနုပညာနားမလည်သူများနှင့် လေကြောင်းဦးစီးမှ တာဝန်ရှိသူများအားလုံး အကြံကောင်း၊ ဉာဏ်ကောင်း မပေးနိုင်ကြ။ အီဂျစ်က ပိရမစ်ကြီးကိုတောင်လက်ရာမပျက် ရွှေ့ပြောင်းနိုင်သည့် ယူနက်စကိုလို ဌာနကြီးကို အကူအညီတောင်းဖို့ သတိရကြပုံမပေါ်။ ခြောက်ပေ၊ ခုနစ်ပေအရွယ် အတုံးအခဲဘဝ အလွယ်တကူဖျက်ဆီးပြီးမှ အမျိုးသားပြတိုက်ကြီးက လက်ခံယူပြီး ပိုက်ဘောမိပြီး ဂုဏ်ယူပြမည်ဟု ဆိုသော ယခင်အစိုးရယဉ်ကျေးမှုဝန်ကြီးက သတင်းစာရှင်းလင်းပွဲလုပ်ပြီး အကြံဉာဏ်တောင်းသည်။ ကျွန်တော်ရောက်ဖူးသော အရှေ့၊ အနောက်နိုင်ငံပေါင်းများစွာရှိ ကမ္ဘာကျော်ပြတိုက်ကြီးများတွင် ဤသို့တန်ဖိုးကြီးအနုပညာလက်ရာ သဘာဝဘေးဒဏ်မဟုတ် ကိုယ်တိုင်ဖျက်ဆီးပြီးမှ အတုံးအပိုင်းများကို ဂုဏ်ယူပြသည့်အစီအစဉ်မျိုး၊ ပြကွက်မျိုးဘယ်နိုင်ငံမှာမှ မတွေ့ဖူးပါ။ ယခုတော့ ထူးခြားအံ့ဖွယ်အမျိုးသားပြတိုက် (နေပြည်တော်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်)ဟူ၍ ပြတိုက်ကြီးနှစ်ခုတွင် ဖျက်ဆီးထားသော လေဆိပ်ပန်းချီ ၆ ပေ ၇ လက်မအတုံး ပန်းချီလက်ရာအပျက်တွေကို ပြသထားမည်ဆိုလျှင် မြန်မာနိုင်ငံကို GUINNESS RECORD စံချိန်စာရင်းဝင် ပြတိုက်ကြီးများရှိရာ အရပ်အဖြစ် ကမ္ဘာကျော်ပါတော့မည်။ ယခုလို အကျိုးပဲ့အတုံးများကို အမျိုးသားပြတိုက်လိုနေရာမျိုးတွင် ပြသထားမည်ဆိုပါက လေဆိပ်တွင် သူတို့ကြည့်ဖူးသော ကမ္ဘာလှည့်ခရီးသည်များ ရသမြောက်ဂန္ထဝင်မြောက် လေဆိပ်ပန်းချီကို အဘယ်အဖျက်သမားတွေ လာရောက်ဖျက်ဆီးသွားတာလဲဟု မေးခွန်းထုတ်ခဲ့လျှင် အမျိုးသားပြတိုက် တာဝန်ရှိသူတွေ သူတို့ကျေနပ်လောက်သည့် အဖြေမျိုးပေးဖို့ရှာထားရလိမ့်မည်ဟု ယူဆပါကြောင်း။

**ကျွန်ုပ်တို့လူသားများသည် မိမိတို့ကိုယ်တိုင် အနုပညာကို ဖန်တီးနိုင်လျှင် ဖန်တီး၍ ကိုယ်တိုင်မဖန်တီးနိုင်လျှင် ဖန်တီးသူများကို အားပေးကူညီရမည်။ အနုပညာပစ္စည်းများကို ထိန်းသိမ်းရမည်။ သို့မှသာလူသားပီသ၍ လူဖြစ်ရကျိုးနပ်မည်။**

(ဆရာမကြီး ဒေါ်ခင်မျိုးချစ်)

# ဇွန် ၁ ရက်တွင် စတင်ရောင်းချခဲ့သည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန်ထီတွင် ကျပ်သိန်း ၅၀၀၀၊ သိန်း ၃၀၀၀ နှင့် သိန်း ၁၀၀၀ ဆုများ ဆုအရေအတွက် ထပ်တိုးချီးမြှင့်မည်

**ရန်ကုန် ဇွန် ၄**

ဇွန် ၁ ရက်တွင် စတင်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် အမြင့်ဆုံးဆုကြေး ကျပ်သိန်း ၁၀၀၀၀ အပြင် ကျပ်သိန်း ၅၀၀၀ ဆု၊ ကျပ်သိန်း ၃၀၀၀ ဆုနှင့် ကျပ်သိန်း ၁၀၀၀ ဆုတို့ကို ဆုအရေအတွက် ထပ်တိုးချီးမြှင့်ရန် ဆောင်ရွက်နေကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။



ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်တွင် (၁)ကြိမ်မြောက် ထီဖွင့်ပွဲမှ (၃)ကြိမ်မြောက်ထီဖွင့်ပွဲအထိ အမြင့်ဆုံးဆုကြေး ကျပ်သိန်း ၁၀၀၀၀ ဆု တစ်ဆုအပြင် ကျပ်သိန်း ၅၀၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀၀ ဆုကို ချီးမြှင့်ခဲ့ခြင်းမရှိဘဲ ကျပ်သိန်း ၁၀၀၀ ဆု တစ်ဆုတို့အပါအဝင် ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀၊ ကျပ် ၁၀ သိန်းနှင့် ပဒေသာဆုမဲစနစ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ယခု ဇွန် ၁ ရက်တွင် စတင်ရောင်းချခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် ကျပ်သိန်း ၁၀၀၀၀ ဆု အပြင် ကျပ်သိန်း ၅၀၀၀ ဆု နှစ်ဆု၊ ကျပ်သိန်း ၃၀၀၀ ဆုကို ထပ်မံတိုးမြှင့်ခဲ့ကာ ကျပ်သိန်း ၃၀၀၀ ဆု သုံးဆု၊ ကျပ်သိန်း ၁၀၀၀ ဆု ခြောက်ဆုအထိ ထပ်တိုးချီးမြှင့်နိုင်ရန် ဆောင်ရွက်နေပြီး ကျပ်သိန်း ၅၀၀ ဆု ရှစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၁၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၅၀ ဆု ၁၂ ဆု၊ ကျပ်သိန်း ၃၀ ဆု ၁၂ ဆု၊ ကျပ် ၁၀ သိန်းဆု ၁၃ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ် ၃ သိန်းဆု (အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ) ၁၀ ယူနစ် ဆု ၁၀၀၊ ကျပ်နှစ်သိန်းဆု (အက္ခရာနှင့် ရှေ့ ဂဏန်း လေးလုံးတူ) ၁၀ ယူနစ် ဆု ၁၀၀၀၊ ကျပ် တစ်သိန်း (အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ) ၁၂ ယူနစ် ဆု ၁၂၀၀၀၊ ကျပ် ၅၀၀၀၀ ဆု (အက္ခရာနှင့် ရှေ့ဂဏန်း နှစ်လုံးတူ) ၁၀ ယူနစ် ဆု ၁၀၀၀၀၀ စုစုပေါင်း ဆုမဲအရေအတွက် ၁၁၃၁၇၅ ချီးမြှင့်နိုင်ရန် ဆောင်ရွက်နေကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များကို ပင်မထီ 'က' အက္ခရာမှ အစဉ်လိုက် 'ဖ' အက္ခရာအထိ အက္ခရာအလုံးရေ ၂၂ လုံးနှင့် အရန်ထီ 'ကက' အက္ခရာမှ အစဉ်လိုက် 'ကဖ' အက္ခရာအထိ ၂၂ လုံး စုစုပေါင်းအက္ခရာ ၄၄ လုံးခန့် ထီစာအုပ်ပေါင်း ၃၅၈၃၈၀၇ ကို ဇွန် ၁ ရက်မှ စတင်ရောင်းချနိုင်ရန် ခွဲဝေဖြန့်ဖြူးခဲ့ပြီးဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

အဆိုပါဖြန့်ဖြူးထားသော ထီလက်မှတ်များ အက္ခရာ ၄၄ လုံး ကုန်စင်အောင် ရောင်းချနိုင်ခဲ့ပါက အထက်ပါအတိုင်း ဆုမဲများကို တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုကြီးများအပြင် ဆုတစ်ဆုချင်းစနစ်တွင်လည်း ဆုမဲများ တိုးမြှင့်လာမည်ဖြစ်ကြောင်း သိရသည်။

အောင်ဘာလေ သိန်းဆုဌာနခွဲမှ ထီကိုယ်စားလှယ်များသို့ ဖြန့်ဖြူးခဲ့သည့်ထီလက်မှတ်စာအုပ်များ ကုန်စင်အောင် ရောင်းချနိုင်ပါက ဆုမဲခွဲဝေပုံစနစ်တွင် ထီလက်မှတ်ရောင်းရငွေပေါင်းမှာ ကျပ် ၁၇၉၉၉၉၆၀၀၀၀ ဖြစ်ပြီး ယင်းအနက် ၄၀ ရာခိုင်နှုန်းမှာ နိုင်ငံတော်အခွန်ရငွေအဖြစ် ပေးသွင်းပြီး ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ခွဲဝေပေးလျက်ရှိရာ ကျပ် ၁၀၇၉၉၉၇၆၀၀၀ ကို ဆုမဲများအဖြစ် ပြန်လည်ခွဲဝေပေးမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

လစဉ် ထီလက်မှတ်ရောင်းချခဲ့ရမှုများကို ထီဖွင့်ပွဲမတိုင်မီတွင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာပေးလေ့ရှိပြီး ယခုလအတွင်း ရောင်းချခဲ့ရသည့် ထီလက်မှတ်အရေအတွက်နှင့် ထီလက်မှတ်ရောင်းရငွေပေါင်းကို ဇူလိုင် ၁ ရက်တွင် ကျင်းပမည့် (၄)ကြိမ်မြောက် ထီဖွင့်ပွဲမတိုင်မီ ဇွန်လအတွင်းတွင် ထုတ်ပြန်ကြေညာပေးမည်ဟု သိရသည်။ ယင်းသို့ ရောင်းချခဲ့ရမှုများအပေါ်တွင် ဆုမဲများ ခွဲဝေချီးမြှင့်မည်ဖြစ်ရာ ဖြန့်ဖြူးထားသော ထီလက်မှတ်များ ကုန်စင်အောင် ရောင်းချရပါက အထက်ပါအတိုင်း ဆုမဲများ တိုးမြှင့်လာမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

# မိုးရွာသွန်းမှုကြောင့် ရိဒ်နယ်စပ်သွား ချင်းတောင်ကားလမ်းပျက်စီးမှုများပြား၍ ယာဉ်များစောင့်ဆိုင်းနေရ

**ရိခေါဒါရ် ဇွန် ၄**

တောင်ကုန်း တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် ချင်းပြည်နယ်ရှိ တောင်အားလုံးနီးပါးမှာ မြေသားနှင့် သက်နုကျောက်ရောတောင်များဖြစ်ရာ မြေသားပြိုကျမှု မကြာခဏဖြစ်သဖြင့် ကုန်စည်ပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့ကြရပြီး ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသည့် ချင်းပြည်နယ် ရိဒ်နယ်စပ်သွားလမ်းမကြီးမှာ မြေပြိုလမ်းပျက်မှုများပြားနေသည့်အတွက် နယ်စပ်သွားခရီးသည်တင်ယာဉ်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ လမ်းခရီးတွင် စောင့်ဆိုင်းရမှုများ ရှိနေကြောင်း သိရသည်။

ကလေး - တီးတိန် - ရိဒ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းရှိ နှစ်စဉ်ပျက်စီးမှုရှိသည့်နေရာများမှာ ကလေး-ဟီယံဇိန်-သိုင်းငင်းကျေးရွာကြား၊ သိုင်းငင်း-အာလွယ်-ဆိုဇန်ကျေးရွာကြား၊ ရိဒ်နယ်စပ် ကုန်သွယ်ရေးစခန်းအဝင် ဟိုင်မွာလ်ကျေးရွာဟောင်းဝန်းကျင်တို့တွင် လမ်းပျက်စီးမှုလွန်စွာကြီးမားကြောင်း ကလေး-ရိဒ်နယ်စပ် ကုန်စည်ပို့ဆောင်ရေးဇလပ်မြေဟိုင်မွှာလ်ဂျစ်ကားအသင်းမှ ယာဉ်မောင်း ကိုထန်းအာထံမှ သိရသည်။

"ကျွန်တော်တို့ လမ်းဦးစီးဌာနက လမ်းပျက်စီးတဲ့နေရာတွေမှာ စက်ယန္တရားကြီးတွေချထားပြီး ပြုပြင်မှုတွေ လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် ချင်းတောင်ပေါ်မှာက မိုးရက်ဆက်ရွာသွန်းတဲ့အခါ အောက်ခံမြေသားတွေခိုင်မာမှုမရှိတဲ့အတွက် မကြာခဏ မြေပြိုလမ်းပျက်မှုတွေဖြစ်နေပါတယ်" ဟု တီးတိန်မြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်မြို့နယ်များဖြစ်သည့် ကလေး-တီးတိန်-ရိဒ်နယ်စပ်၊ ကလေး-ဖလမ်း-ဟားခါး-ထန်တလန်နှင့် တီးတိန် - တွန်းဇံ - ကျီခါးမြို့တို့၏ ဆက်သွယ်ရေးကားလမ်းများတွင် မိုးရာသီကာလများ၌ နှစ်စဉ် မြေသားပြိုကျမှုများကြောင့် လမ်းများ ပျက်စီးခြင်း၊ လမ်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်လေ့ရှိရာ ချင်းတောင်ကားလမ်းများ အပျက်အစီးများပြားသောကြောင့် မြေပြိုကျမှုလျော့နည်းစေရန် စက်ယန္တရားများဖြင့် လမ်းပိုင်းများ အကြီးစားတိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

**(ဇိုဟေဆာ)**

# စာသင်ကျောင်းများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

**ရေတာရှည် ဇွန် ၄**

ရေတာရှည်မြို့နယ် မြို့လှမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ငွေကျပ် သိန်း ၅၀ ကျော်တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲသို့ အလှူရှင်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး(ငြိမ်း)တင်ဝင်းနှင့် ရန်ကုန်မြို့နေ ဦးစိုးလှိုင်၊ ဦးညီညီတို့က (၇)ကြိမ်မြောက်လှူဒါန်းခြင်းဖြစ်ပြီး အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းသို့လှူဒါန်းရာတွင် မြို့လှ(အထက)၊ မင်းကျောင်း၊ အေးကြီး၊ ချောင်းမကြီး၊ ပညာဒါနအခမဲ့စာသင်ကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ် ၂၀၉၂ ဒါဇင်၊ ဘောပင် ၈၂၂ ဒသမ ၅ ဒါဇင်၊ ခဲတံ ၅၂၀ ဒသမ ၅ ဒါဇင်တို့အား လှူဒါန်းခဲ့သည်။ **ကိုလွင်(ဆွာ)**



# ပင်လည်ဘူးမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ပင်လည်ဘူး ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် မိုးတွင်းကာလတွင် ခြင်ကြောင့်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် မြို့ပေါ်ရပ်ကွက်နေအိမ်များအတွင်းရှိ ရေအိုး၊ ရေတွင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သော ပုံးခွံ၊ တာယာဟောင်း၊ ရေခွက်၊ ရေအိုင်များအား ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ခြင်များခိုအောင်းနိုင်သော ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရပ်ကွက်ပြည်သူများအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ဇွန် ၂ ရက်က ဟောပြောသရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကန်ကြီးထောင့် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးတို့အတွက် လျှပ်စစ်ဓာတ်အားတိုင်များ အသစ်လဲလှယ်ခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောထူးရှိုးက ဦးဆောင်၍ လိုင်းဝန်ထမ်းများနှင့်အတူ ကန်ကြီးထောင့်မြို့ဝင်လမ်းမှစ၍ မြို့လယ်လမ်းမကြီးဘေးရှိ 11KVဓာတ်အားလိုင်းများ သွယ်တန်းထားသော ဓာတ်တိုင်ဟောင်းများအား ကွန်ကရစ်တိုင်အသစ်များဖြင့် လဲလှယ်ပေးခြင်း၊ သံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းများနှင့် သစ်သားတန်းအဟောင်းများအား သံတန်းအသစ်များဖြင့် လဲလှယ်ပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ကိုင်းများကိုလည်း ခုတ်ထွင်ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**




vietjetAIR.com
နွေရာသီအားလပ်ရက်မှာ အခမဲ့ပျံသန်းနိုင်ခွင့်ကို ရယူလိုက်ကြရအောင်!!!!
Free SUMMER
ရန်ကုန် ✈ ဟိုချီမင်း
ဟနွိုင်း (ခရီးစဉ်အသစ်)
11:30a.m,
Vietjet နဲ့အတူပျံသန်းဖို့ အချိန်ကျပြီ။
ဇွန် ၆ ရက် ၂၀၁၇ - ဇွန် ၈ ရက် ၂၀၁၇
www.vietjetair.com
မြန်မာကျပ်ငွေ
0
ကျပ်နဲ့
Enjoy Flying!
နွေရာသီ အားလပ်ရက်မှာ အခမဲ့ ပျံသန်းနိုင်ခွင့်ကို ရယူလိုက်ကြရအောင် !!!!
ဟိုး......သင့်ရဲ့ အဖိုးတန်တဲ့ နွေရာသီအားလပ်ရက် ကို ဘယ်လိုများ ကုန်ဆုံးစေမှာပါလဲ...
လှုပ်ရှား ရုန်းကန်နေရတဲ့ လူနေမှု ဘဝကို ခဏမေ့ထား ပြီး Vietjet နဲ့ အတူပျံသန်းကာ ပျော်ရွှင်ဖွယ်ကောင်းလှတဲ့ နွေရာသီ ကို အံ့ဩဖွယ်ရာခရီး အတွေ့ အကြုံများနှင့် ဖြတ်သန်း နိုင်ဖို့ Vietjet ၏ အခမဲ့ ပျံသန်းနိုင်ခွင့်မှာ ပါဝင်ပြီးတွေ့ကြုံခံစား ကြည့်ရအောင်....
Vietjet ၏ နွေရာသီ အခမဲ့ပျံသန်းနိုင်မည့် အစီအစဉ်မှ သင့်အားပျော်ရွှင်ဖွယ်ကောင်းတဲ့ နွေရာသီနှင့် အတူ တခြားစိတ်လှုပ်ရှားဖွယ် အခွင့်အရေးများကို ခံစားရရှိနိုင်စေဖို့ တာဝန်ယူပါတယ်......Vietjet ၏ အခမဲ့ ခရီးစဉ်များ ကို သူငယ်ချင်းတွေနဲ့အတူ ရှာဖွေရင်း ပျော်ရွှင်ဖွယ်ရာအတွေ့ အကြုံများ ကို လေဆိပ် မှ စတင်ပြီး မြို့တွင်း မှာသာမက Vietjet ကိုစီးနင်းလိုက်ပါစဉ်အတွင်းမှာတောင် အလွန်စိတ်ဝင်စားဖွယ် ကောင်းလှတဲ့ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။
Vietjet ၏ ပရိုမိုးရှင်းလက်မှတ်စောင်ရေပေါင်း တသန်းအား ယခုမှစ၍၂၀၁၇ဇွန်လ(၁၅)ရက်နေ့ အတွင်း ရယူနိုင်ပါသည်။အထူးအစီအစဉ်အဖြစ် မြန်မာကျပ်ငွေ(၀)*ကျပ်မှ စတင်၍ ရန်ကုန်မှ ဟိုချီမင်းမြို့နှင့်ဟနွိုင်းမြို့ ခရီးစဉ်အား၂၀၁၇ဇွန်လ(၆)ရက်နေ့မှ၂၀၁၇ဇွန်လ(၈)ရက်နေ့ အတွင်း မနက်(၁၁း၃၀) နာရီမှနေ့လည်(၁း၃၀)နာရီအထိ www.vietjetair.com တွင်ရယူလိုက်ပါ။
ပရိုမိုးရှင်း အချိန်တွင်းဖြစ်တဲ့ နံနက် ၁၁:၃၀ နာရီ မှ မွန်းလွဲ ၁:၃၀ နာရီ အထိ www.vietjetair.com တွင် လက်မှတ်ဝယ်ယူ သော ခရီးသည်များအတွက် နောက်တစ်ကြိမ် ဝယ်ယူရာတွင် ၁၀% လျှော့ဈေးရနိုင်မယ့် Promotion codes ကိုလည်း ရယူနိုင်မယ့် အခွင့်အရေးတွေလဲရှိပါတယ်။
ဒါကြောင့်..သင့် သူငယ်ချင်းများ၊ မိသားစုများနှင့် အတူ Vietjet ၏ နွေရာသီ အခမဲ့ပျံသန်းနိုင်မည့်အခွင့်အရေးကို ရယူခံစားလိုက်ကြရအောင်!
Vietjet က သင့်ကို လုံခြုံစိတ်ချရပြီး ခေတ်မီအထက်တန်းကျစွာ စီးနင်းလိုက်ပါနိုင်တဲ့ခံစားမှုမျိုးကို ပေးစွမ်းမှာပါ..... ဇိမ်ခံလေယာဉ်ထိုင်ခုံတွေ ပေါ်မှာ သက်သောင့်သက်သာရှိစွာ ထိုင် အနားယူရင်း နဲ့ ရင်းနှီးပျူငှာတဲ့ လေယာဉ်အမှုထမ်းများထံမှ အရသာရှိသော အစားအသောက်များကို လည်း ပူပူနွေးနွေး မှာယူ စားသောက်ကာ စိတ်လှုပ်ရှားဖွယ်ကောင်းသော လေယာဉ်တွင်းဖျော်ဖြေမှုများကို ခံစားနိုင်မှာ ဖြစ်ပါတယ်။
လက်မှတ်အရောင်းဌာနများ
www.vietjetair.com
https://m.vietjetair.com
www.facebook.com/vietjetglobal Tab "Booking
AVIAREPS MYANMAR
အခန်းနံပါတ် ၀၁-၀၆ ၊ Yuzana Business Tower အမှတ် ၂၅ ၊ ဓမ္မစေတီလမ်း၊ မြေနီကုန်းမြို့နယ် ရန်ကုန်၊ မြန်မာ။
ဖုန်း - ၀၁ ၅၃၉ ၄၈၄
ဖက်စ် - ၀၁ ၅၃၉ ၄၈၄
Hotline - ၀၉ ၇၈၉ ၃၂၃၈၂၈
Email: VJsalesRGN@aviareps.com
*စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များရှိပါသည်။
Hotline
၀၉ ၇၈၉ ၃၂၃၈၂၈

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၀/၂၂၀

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

( ၂၀၁၅-၁၆ / ၂၀၁၆-၁၇ )ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်တွင် (၂)နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း



၅—တန်း မှ ၁၀—တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

## ၂၀၁၇-၁၈ ပညာသင်နှစ် အတွက် ကြိုတင်အပ်လက်ခံပြီ

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း
  - ဘော်ဒါ/တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေသန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

**၅ တန်း မှ ၁၀ တန်း ထိ တန်းခွဲအားလုံး စပြီ...**

တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၈၅၆၂၈၃၀၊ ၀၉ ၄၄၅၃၄၀၀၇၇၊

Ferry ရှိသည်

**အမည်ပြောင်း**

ဦးစန်းမင်း၏သား တောင်သာမြို့ ဖက်တောရွာ အထကကျောင်း သတ္တမတန်းမှ မျိုးကျော်အား ဖြိုးမောင်မောင်ကျော်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

**မောင်ဖြိုးမောင်မောင်ကျော်**

**ဖခင်အမည်မှန်**

အထက တောင်ဒဂုံ နဝမတန်းမှ မနွယ်နွယ်လင်းနှင့် တတိယတန်းမှ မောင်စည်သူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း[၁၄/ငသခ(နိုင်)၀၁၇၃၈၈] ဖြစ်ပါသည်။

**ဒွေးဒွေး**

ထမင်းချိုင့်ပို့ဝန်ဆောင်မှုလုပ်ငန်း

၀၉-၇၆၃၀၂၈၄၄၉
၀၉-၄၂၁၁၈၀၁၃၀

Since 1986

KMD Institute

ဇွန်လ (၆) ရက်၊ ၂၀၁၇။
တစ်ရက်တည်းသာ

# Application & Professional Course

သင်တန်းများအတွက်

20% To 25% DISCOUNT

ဖဲ့ဖဲ့ အကောင်ငွဖြင့် ပထမဆုံးသင်တန်းလာရောက်အပ်နှံသူ (၁၂၀)အတွက် discount အထူးအစီအစဉ်..

အကောင့်ဖွင့်လိုပါက တစ်ခါတည်း ဖွင့်ပေးပါမည်

Hote Line 09 262 600450 | (ပန်းဆိုးတန်း) ၃၈၁၀၀၃၅ ၃၉၁၂၈၆ | (မြေနီကုန်း) ၅၂၇၄၃၆ ၅၀၂၂၃၃ | (လမ်းမတော်) ၂၂၀၅၅၅ | (တာမွေ) ၅၄၁၃၂၈ | လှည်းတန်း(၁)၊(၂) ၅၂၄၄၀၀ ၅၀၂၂၁၀ | (သိမ်ကြီးဈေး) ၃၈၄၂၆၈ ၃၈၄၆၄၁

# MNC MYANMAR NOBLE COLLEGE

Pearson



တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ + HND Preparatory Course

HND Preparatory Course (3 months) → HND Foundation Course (3 months) / HND Level 3 Diploma Course (12 months) → Higher National Diploma (2 years) → Top-up Bachelor Degree

**HND Level 3 Diploma Course**
- တက္ကသိုလ်ဝင်တန်းစာမေးပွဲ မပြီးဆုံးသေးသူများ

**HND Foundation Course**
- တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

UK Pearson ပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်ချီးမြှင့်မည့် HND Level 3 Diploma Course နှင့် HND Foundation Course (July Intake) အတွက် သင်တန်းလျှောက်လွှာများ လက်ခံနေပါပြီ။

*Higher National Diploma Course*
- *Civil Engineering*
- *Mechanical Engineering*
- *Electrical & Electronic Engineering*
- *Business*
- *Information Technology (IT)*

တပ်မတော်ခန်းမတွင် ဇွန် ၉/၁၀/၁၁ ပြပွဲရက်အတွင်း လာရောက်အပ်နှံသူများအတွက်
အထူးအခွင့်အရေး 10% Discount

MNCEducation

*Early Bird Promotion!*

*Enroll before 30 - Jun - 17 and save 200,000 Ks for Level 3 and save 100,000 Ks for Foundation Course*

အမှတ်(၆-က)၊ ကြို့စက်ရုံလမ်း၊ (၁)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၃၃၁၂၇၆၊ ၂၃၃၁၂၅၇၊ ၂၃၃၁၂၆၄၊ ၂၃၃၁၂၄၅၊ ၀၉ - ၇၈၀၆၃၉၅၇၇

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

# Myo Naing Nine International Trading Co.,Ltd

ISO 9001:2015 Quality Management System

International Accreditation Service- IAS (US)

ROHS ACCREDITED

Certificate NO 17 IQA N03

ဖြင့်ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းကိုဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ယခုထက်ပို၍အစစအရာရာ

အောင်မြင်တိုးတက်စေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

- PRO 1 Home Center
- ARR THIT MAN Co.,Ltd
- Mother Power International Trading Pte.,Ltd
- Naing Family Construction Materials Co.,Ltd
- TA TA International Metals (Asia) Limited
- Daewoo International Corporation Pte.,Ltd
- Swiss Singapore Overseas Enterprises Pte.,Ltd
- SCG Trading Co.,Ltd
- SK Networks Co.,Ltd
- Mottama Trading Ltd
- CMC S.E Asia Pte.Ltd
- Singapore (Cogeneration) Steel Pte.,Ltd
- Xenon Company Limited
- Tunn Araree Co.,Ltd
- Samsung C&T Corporation
- Zing Co.,Ltd
- Golden Tradelink Pte.,Ltd
- Yoon Iron & Steel Co.,Ltd
- Uniexcel Taiwan Co.,Ltd

---

## မြင့်မြတ် မျက်မှန် Essential (19)

NEXT DESIGN

1 Focus & 3 View




နေချင်းပြီး Urgent ဝယ်ယူနိုင်ပါပြီ ...

Strength ရှိသော Frame ကို သုံးခြင်းဖြင့် မြင်ကွင်းကို ပိုမိုပြတ်သားစေပါသည်။

ဈေးနှုန်း

| | |
|---|---|
| 1 Focus - 1 View | 50000 Ks/- |
| 1 Focus - 2 View | 55000 Ks/- |
| 1 Focus - Multi View | 70000 Ks/- |

မြင့်မြတ်
မျက်မှန်ဆိုင် ၃၄၂ ၊ ရွှေဘုံသာအထက်လမ်း၊
ရန်ကုန်မြို့ ။ ဖုန်း - ၃၇၃၅၀၇၊ ၀၉ ၇၃၂၁၅၅၃၁

---

ခေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲပဲ အသည်းစွဲပျိုမေတို့ အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne® နော်...

## Topsyne®
Herbal Cream



FDA မှအလုပ်ကုန် ထုတ်လုပ်ခြင်းထောက်ခံချက်အမှတ် - 1309 PC 0021

ရှေးအစဉ်အဆက်ကတည်းက မြန်မာအမျိုးသမီးများ နှစ်ခြိုက်စွာ သုံးစွဲကြသော
သဘာဝသနပ်ခါးအခေါက်အစစ်အမှုန့်များ ပါဝင်ပေါင်းစပ်ထားသော
Topsyne Herbal Cream သည် မြန်မာ့ရာသီဥတုနှင့်
အကိုက်ညီဆုံးဖြစ်အောင် ဖော်စပ်ထားပါသည်။ မျက်နှာပေါ်ရှိ
ဝက်ခြံ တင်းတိပ်များစွာရှိပါက လျော့ပါးသွားစေနိုင်ပြီး
ထပ်မံထွက်ရှိခြင်းမရှိအောင် ကာကွယ်ပေးနိုင်ပါသည်။
အသားအရေကို ဖြူစင်လှပစေပါသည်။



Apple Production Co.,Ltd. - 09 49316408, 09 8618081

---

ဖွဲ့ ခမ့် သယ်

## ရွှေနန်းစံ

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)

Ph: 09-425308777, 09-770639155, 09-261111549

---

## ရောင်းမည်

မြောက်ဒဂုံမြို့နယ်၊ အကွက်(၅၀)၊ မြေကွက်အမှတ်(၁၂၇၂)၊ နေကြာ(၃)လမ်း၊ ဂရန်၊ သွပ်မိုးအိမ်၊ မီးပါ

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၃၀၀၀၄၂၂**

---

## အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ပြည်မြို့၊ မြေပဒေသာရပ်၊ နဝဒေးရပ်ကွက်တွင်နေသော ဦးညီစိန် [၇/ပတတ(နိုင်)၀၀၅၆၀၀]၏သမီး မစွမ်းထက်ပြည့်စုံ [၇/ပတန(နိုင်)၁၂၃၂၁၈] အား မိဘဖြစ်သူက ထိုက်သင့်သလို အမွေခွဲဝေပေးပြီးဖြစ်ပါသည်။ ဤစွန့်လွှတ်ကြောင်းကြေညာသည့်နေ့မှစ၍ မိမိပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆက်ခံပိုင်ခွင့်မရှိကြောင်းနှင့် သမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာပါသည်။

**ဦးညီစိန်**

---

## မီးသားစု အိမ်|ခြံ|မြေ
ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)

| | | |
|---|---|---|
| 1.မင်းဓမ္မကွန်ဒို၊မရက | (2400Sqft)M1,S2 | 5000L |
| 2.မင်းရဲကျော်စွာကွန်ဒို၊အလုံ | (2200Sqft)ရေကူးကန်ပါ | 3400L |
| 3.ဆရာစံပလာဇာနီးကွန်ဒိုသစ် | (1650Sqft)ရေကူးကန်ပါ | 2500L |
| 4.လှည်းတန်းကွန်ဒိုသစ်၊ကမရ | (1600Sqft)ကားပါကင်ပါ | 2400L |
| 5.မလိခကွန်ဒို၊သဃက | (1250Sqft)ရေကူးကန်ပါ | 2400L |
| 6.ရမိုင်ကွန်ဒိုသစ်၊မရက | (950Sqft)Lift,ပါကင်ပါ | 2200L |
| 7.ဗဟန်းကွန်ဒိုသစ် | (1600Sqft)M1,S2 | 2100L |
| 8.မိုးကောင်းကွန်ဒိုသစ်၊ရက | (1700Sqft)ရေကူးကန်ပါ | 2050L |
| 9.ဗိုလ်တထောင်လမ်းသန့် | (1800Sqft)M1,S2,Lift | 1850L |
| 10.ရန်ကင်းလမ်းကျယ်၊ရက | (1250Sqft)Liftပါ | 1600L |
| 11.လေးထောင့်ကန်ကွန်ဒိုသစ် | (1380Sqft)Lift,ပါကင်ပါ | 1300L |

☎ - 09799991090, 09799991092, 09799991095

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၇-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဒဂုံအရှေ့မြို့နယ်၊ဒေါ်နန်းအေးကြိုင်+၁၏ဂရန်သစ်တွင်မြေအမည်ပေါက်ဒေါ်စန်းစန်းထွန်း(DDE-၀၉၀၁၀၉)ဟုအမှန်ဖတ်ရှုပါရန်။

---

## ★STAR★

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

Ph:09-43088052, 09-73254389, 09-421067330

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်အမှတ်(၂၁၀)၊ အခန်းအမှတ်(၁ဘီ)၊ ပထမထပ်(ယာ)၊ အကျယ်အဝန်း(၁၄၇၀)စတုရန်းပေရှိ မြတ်စုမွန်ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်သန်း (၁၂/မရက(နိုင်)၀၆၇၅၇၄)မှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| အထက်တန်းရှေ့နေများ | | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|---|
| ဒေါ်ဇင်မိမိစိုး | ဒေါ်နန်းဆင့်ဆင့်ထွန်း | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.M.L)(စဉ် ၄၁၄၀၀) | (LL.B)(စဉ် ၃၁၃၃၅) | (LL.B,D.B.L,D.M.L,D.I.L) | (LL.B,D.I.L)(စဉ် ၉၅၇၇) |
| | | WIPO,DL 101Switzerland(စဉ် ၈၅၅၈) | DL-101(WIPO)Geneva |

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 09799991090, 09799991092, 09799991095
Email :rabbitfamilyrealestate@gmail.com


UNITED9
Company Limited
SAMSUNG
မိုးရာသီအထူးပရိုမိုးရှင်း
( 5 - 6 - 2017 ) မှ
( 30 - 6 -2017 ) အထိ
SAMSUNG တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ ဝယ်ယူပြီး PHILIPS အမှတ်တံဆိပ်လက်ဆောင်ပစ္စည်းများ ရယူလိုက်ပါ....
UA48H5003TK
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၀,၀၀၀ ကျော်တန်ဖိုးရှိ
PHILIPS တံဆိပ် Blender
ရယူလိုက်ပါ
HR 2051
48" LED TV
UA32J4003AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၀,၀၀၀ ကျော်တန်ဖိုးရှိ
PHILIPS တံဆိပ် Iron
ရယူလိုက်ပါ
GC 1418/02
32" LED TV
UA40J5000AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၀,၀၀၀ ကျော်တန်ဖိုးရှိ
PHILIPS တံဆိပ် Kettle
ရယူလိုက်ပါ
HD4646/56
40" LED TV
RT22FGRADSA/L
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၀,၀၀၀ ခန့်တန်ဖိုးရှိ
PHILIPS တံဆိပ် Iron
ရယူလိုက်ပါ
GC 120/21
RT20FGRVDSA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၀,၀၀၀ ခန့်တန်ဖိုးရှိ
PHILIPS တံဆိပ် Iron
ရယူလိုက်ပါ
GC 120/20
RR19H1046UT/SA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၀,၀၀၀ ခန့်တန်ဖိုးရှိ
PHILIPS တံဆိပ် Iron
ရယူလိုက်ပါ
GC 120/19
WA12J5710SG
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၀,၀၀၀ ခန့်တန်ဖိုးရှိ
PHILIPS တံဆိပ် Iron
ရယူလိုက်ပါ
GC 120/20
M9 PUBLIC CO.,LTD. မှဖွင့်လှစ်ထားသော Samsung Brand Shops များနှင့် အနယ်နယ်အရပ်ရပ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
www.facebook.com / M9 Group Co.Ltd
M9 PUBLIC CO.,LTD. Authorized Master Distributor of SAMSUNG 09-977233159 , 09-977233169

THE SECRETARIAT SINCE 1889

ဇူလိုင်လ ၁၉ ရက်နေ့
## အာဇာနည်နေ့အထိမ်းအမှတ်ပန်းချီပြိုင်ပွဲ

ဤပန်းချီပြိုင်ပွဲအား အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးများရုံးထဲတွင် ဇူလိုင်လ ၁၉ရက်နေ့၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အာဇာနည်ခေါင်းဆောင်ကြီးများ ၏ စွန့်လွှတ်အနစ်နာခံမှုများအား ပန်းချီကားချပ်များမှတစ်ဆင့် ဂုဏ်ပြုဖော်ပြပေးလို၍ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၁၀နှစ်မှ ၁၄နှစ် ကြားအရွယ်ရှိသော ကျောင်းသားကျောင်းသူများအား ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ပါသည်။ ပါဝင်ယှဉ်ပြိုင်မည့်သူများသည် ဝန်ကြီးများရုံး၏ ကြီးကျယ်ခမ်းနားလှသော သမိုင်းကြောင်းများ၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သို့ စွန့်လွှတ်အနစ်နာခံသွားခဲ့လေသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရဲရင့်သတ္တိရှိမှုများနှင့် ကျေးဇူးတရားများအား အောက်မေ့သတိရစွယ် ပန်းချီကားချပ်များမှ တစ်ဆင့် ရေးဆွဲဖော်ပြရမည်ဖြစ်ပါသည်။ ထို့တွင်ဖန်တီးနိုင်စွမ်း၊ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်မှု၊ ခံစားမှုရသပေါ် လွင်အောင် ရေးဆွဲနိုင်မှုအပေါ်တွင် မူတည်၍ အနိုင်ရရှိသူအား ရွေးချယ်သွားမည် ဖြစ်ပါသည်။

ပထမဆုအဖြစ် ငွေကျပ် ၃၀၀,၀၀၀၊ ဒုတိယဆုအဖြစ် ငွေကျပ် ၂၀၀,၀၀၀ နှင့် တတိယဆုအဖြစ် ငွေကျပ် ၁၀၀,၀၀၀ အား အသီးသီးပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ပဏာမအားဖြင့် ရွေးချယ်ခြင်းခံရသော အခြားပြိုင်ပွဲဝင်များအားလည်း နှစ်သိမ့်ဆုများ ပေးအပ်သွားမည်ဖြစ်သည်။ ရွေးချယ်ခြင်းခံရသော ယှဉ်ပြိုင်သူအားလုံးကို ဂုဏ်ပြုစာလွှာများ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

ပဏာမအားဖြင့် ရွေးချယ်ခြင်းခံရသော ပန်းချီကားအချပ် (၄၀) အား ဇူလိုင်လ ၁၉ရက်တွင် ကျရောက်မည်ဖြစ်ပါသော အာဇာနည်နေ့၌ ဝန်ကြီးများရုံးအတွင်းရှိ အနုပညာပြခန်းတွင် ချိတ်ဆွဲပြသ သွားမည်ဖြစ်ပါသည်။ မိဘပြည်သူများလည်း အဆိုပါပန်းချီကားချပ်များအား ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

ဝင်ရောက်ယှဉ်ပြိုင်သော ပန်းချီကားချပ်များအား A4 အရွယ်အစားပေါ်တွင် ရေးဆွဲရမည်ဖြစ်၍ ကြိုက်နှစ်သက်ရာ ဆီဆေး၊ရေဆေး၊ရောင်စုံခဲတံ အစရှိသည်များ အသုံးပြု၍ ရေးဆွဲနိုင်ပါသည်။ ပန်းချီကားချပ်များအား ဇွန်လ ၂၄ရက် ညနေ ၄:၃၀ နောက်ဆုံးထား၍ ဝန်ကြီးများရုံးသို့ ပေးပို့နိုင်ပါသည်။

သင်၏ တီထွင်ဖန်တီးမှုများအား စောင့်မျှော်လျက်ပါသည်။

ပြိုင်ပွဲအားဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများအား လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများမှာ -

- ကိုယ်တိုင်ရေးဆွဲထားသော ပန်းချီကားချပ်များကိုသာ လက်ခံမည်ဖြစ်ပါသည်။
- ပန်းချီကားချပ်များအား A4 စာမျက်နှာပေါ်၌သာ ရေးဆွဲရမည်။
- ပြိုင်ပွဲဝင်များအားလုံးသည် ၎င်းတို့၏ အမည်၊ အသက် နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံနှင့်တကွ ပန်းချီကားချပ်၏ အဓိပ္ပါယ်အား ရှင်းလင်းဖော်ပြထားသော စာကြောင်း (၂) ကြောင်း သို့ (၃) ကြောင်းအား သီးခြားစာရွက်ပေါ်တွင် ဖော်ပြပေးရမည်ဖြစ်သည်။ ထိုအချက်အလက်များအား ဝန်ကြီးများရုံးမှ ပြိုင်ပွဲဝင်များအား သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီခြင်း ရှိ/မရှိ စစ်ဆေးလို၍သာ ရယူခြင်းဖြစ်၍ အခြားနေရာများတွင် အသုံးပြုမည်မဟုတ်။
- ရေးဆွဲထားသော ပန်းချီကားချပ်များအား ၂၀၁၇ ခုနှစ် ဇွန်လ ၂၄ရက် ညနေ ၄:၃၀ နောက်ဆုံးထား၍ ဝန်ကြီးများရုံးအား ပေးပို့ရမည် ဖြစ်ပါသည်။
- ပြိုင်ပွဲဝင်တစ်ဦးလျှင် ပန်းချီကားချပ်တစ်ချပ်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည်။
- အကဲဖြတ်လူကြီးများ၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။
- ရွေးချယ်ခံရသော ပန်းချီကားချပ်များအား မူလပန်းချီလက်ရာ အတိုင်းဖြစ်စေ၊ Electronic Format အနေဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် လွှဲပြောင်းအသုံးပြုခြင်းဖြင့် ဖြစ်စေ အသုံးပြုခွင့်မှ ရရှိမည်ဖြစ်ပါသည်။

No. 300, Thein Phyu Road (Middle Block) Botataung township, Yangon, Myanmar
Tel: +959 456 883 044 , Fax: +951 249 245
www.thesecretariat.com

ဂယာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့



